ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်၊ ကြာသပတေးနေ့၊ Thursday 22 November 2018 ၉၃၇၈

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးဝိုင်းသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးဝိုင်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ကျင်းပသော အကြံပြုဆွေးနွေးဝိုင်း၏ ဦးတည်ချက်များဖြစ်ကြသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုများကို အားပေးထောက်ခံနိုင်စေရန် ကြွရောက်လာသူအပေါင်းကို မိမိအနေဖြင့် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ဦးတည်ရှေးရှုသော ဘာသာရေးအဖွဲ့အစည်းများနှင့် မြန်မာအစိုးရအဖွဲ့တို့က ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲသည် “မိမိတို့၏ တူညီသောအနာဂတ်ဘဝ”ကို ရည်မျှော်ခြင်းပင်ဖြစ်ပါကြောင်း။

ဦးတည်လျှောက်လှမ်းနိုင်ကြ

ဤဆွေးနွေးပွဲကို အချိန်အခါသင့် ကျင်းပခြင်းဖြစ်ပြီး ဘာသာတရားများ အချင်းချင်း အပြန်အလှန်နားလည်မှုအပေါ် အလေးအနက်ထားရှိမှုကို ဖော်ကျူးနေပါကြောင်း၊ ငြိမ်းချမ်းသာယာဝပြောသော ကမ္ဘာကြီးအဖြစ် ပုံဖော်ရာတွင် ဘာသာရေးခေါင်းဆောင်ကြီးများ၏ အခန်းကဏ္ဍမှာ အတူယှဉ်တွဲဒွန်တွဲနေပြီး ဘာသာပေါင်းစုံဆွေးနွေးကြခြင်းဖြင့် ငြိမ်းချမ်းသာယာဝပြောသောလမ်းကြောင်းဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါကြောင်း။

လာမည့် မျိုးဆက်သစ်တို့အတွက် ယုံကြည်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို အမွေအနှစ်သဖွယ် ကမ္ဘာကြီးတွင် မိမိတို့ ချန်ထားရစ်နိုင်စေရန်လည်းကောင်း၊ ပေးဆပ်မှုအမျိုးမျိုးဖြင့် ရယူထိုက်သော အောင်မြင်မှုတစ်ခုကို မိမိတို့ လက်ဆုပ်လက်ကိုင် ရရှိလာနိုင်စေရန်လည်းကောင်း ကောင်းမွန်သောအနာဂတ်ဘဝအတွက် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့မှာ မရှိမဖြစ်အရေးကြီးလှပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးဝိုင်းတွင် မိန့်ခွန်းပြောကြားစဉ်။

“ငြိမ်းချမ်း သာယာဝပြောသော ကမ္ဘာကြီးအဖြစ် ပုံဖော်ရာတွင် ဘာသာရေးခေါင်းဆောင်ကြီးများ၏ အခန်းကဏ္ဍမှာ အတူယှဉ်တွဲဒွန်တွဲနေပြီး ဘာသာပေါင်းစုံဆွေးနွေးကြခြင်းဖြင့် ငြိမ်းချမ်းသာယာဝပြောသော လမ်းကြောင်းဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ကြမည်ဖြစ်”

ကြေးမုံ

မွန်မြတ်သောနေ့တွင် ကောင်းမှုတို့ကိုဆောက်တည်

ငြိမ်းချမ်းခြင်း၊ သာယာခြင်း၊ လှပခြင်း၊ ကောင်းကျိုးများ စုံလင်ခြင်းတို့ အလုံးစုံကုံလုံကြွယ်ဝသော နေ့တစ်နေ့သည်ကား တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည်။ တန်ဆောင်မုန်းလသည် မြန်မာတို့၏ ၁၂ လရာသီတွင် ရှစ်လမြောက် လဖြစ်သည်။ မိုးလေကင်းစင်၍ နက္ခတ်တာရာစုံ ထွန်းတောက်သော လဖြစ်သည်။ ထို့ကြောင့် သာယာအလှပဆုံး အချိန်အခါဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ထွန်းလင်းသော လင်းရောင်ခြည်သည် ငြိမ်းအေးမှုအပေါင်းကို ဆောင်ကြဉ်းသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း နောက်ဆုံးနေ့ဖြစ်သည်။ ဘုရားအစရှိသော ပညာရှိတို့က “ကောင်း၏၊ ကောင်း၏”ဟု ချီးကျူးသြဘာ ထောမနာပြုရသော အလုပ်ကို “ကထိန်”ဟု ခေါ်ဆိုသည်။ ကထိန်သင်္ကန်းအလှူသည် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကြိမ်၊ တစ်ကြိမ်မှာ တစ်ကျောင်းသာပြုရသော ကာလဒါနမျိုးဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူပွဲ ခွင့်ပြုသောကာလမှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် အယူလွဲမှားသော အဇာတသတ်မင်းကို အကြောင်းပြု၍ သာမညဖလသုတ်ကို ဟောကြားတော်မူခဲ့သည်။ သာမညဖလသုတ်၏ အနှစ်ချုပ်မှာ ရဟန်းဖြစ်ခြင်း အကျိုးပင်တည်း။ ရဟန်းဖြစ်ခြင်းမှာ ထူးကဲသာလွန် မွန်မြတ်သော ဘဝသို့ ရောက်ရှိခြင်းပင်ဖြစ်သည်။ အယုတ်အလတ် အမြတ်မရွေး အမှန်တကယ် ကျင့်ကြံပွားများ အားထုတ်နိုင်လျှင် အပါယ်ဘေးမှ ကင်းဝေးခြင်း၊ ဒုစရိုက်ဒုက္ခမှ ကင်းလွတ်သဖြင့် စူဠသီလနှင့် ပြည့်စုံခြင်း၊ အပျော်အပါး၊ မကောင်းသောစကားများမှ ရှောင်ကြဉ်သဖြင့် ဒုက္ခကင်းဝေး၍ မဇ္ဈိမသီလနှင့် ပြည့်စုံခြင်း၊ ဝိနည်းသိက္ခာပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်သဖြင့် မဟာသီလနှင့် ပြည့်စုံခြင်း၊ အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း၊ သတိနှင့် ပြည့်စုံခြင်း၊ ရောင့်ရဲခြင်း၊ နီဝရဏငါးပါးမှ လွတ်ကင်းခြင်း၊ ဈာန်တရားရနိုင်ခြင်း၊ မဂ်ဖိုလ်ရနိုင်ခြင်းအကျိုးများ ရရှိပေသည်။

ထိုကဲ့သို့သော မွန်မြတ်သော အကျိုးများကို ရရှိနိုင်အောင် ပွားများအားထုတ်ကြကုန်သော ရဟန်းသံဃာတို့ကို ဤနေ့ဤရက်တွင် ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းဖြင့် ထူးကဲသောအကျိုးများကို အများပြည်သူတို့ ရယူကြသည်။ တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက်ချိန်တွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မသိုးသင်္ကန်းများကို နေ့မကူး၊ ရက်မကူးဘဲ တစ်ရက်တည်းနှင့် အပြီးရက်လုပ်လှူဒါန်းကြသည်။ ကထိန်သင်္ကန်း၊ ကထိန်ပွဲနှင့် သာမညဖလသုတ်တော်တို့သည် တန်ဆောင်မုန်းလ၊ တန်ဆောင်မုန်းလပြည့်နေ့၏ အနှစ်သာရများပင်ဖြစ်သည်။

အေးချမ်းသာယာမှုအပေါင်းနှင့်ပြည့်စုံသော ဤနေ့ဤရက်တွင် ကောင်းသောအမှုများကို အများသူငှာ ပြုလုပ်ကြသည်။ ကောင်းမှုကုသိုလ်များကို ပြုလုပ်ကြခြင်း၊ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်များနှင့် မိဘဆရာသမားတို့ထံတွင် အမှားကိုဝန်ခံခြင်း၊ တိတ်ဆိတ်ငြိမ်သက် အေးချမ်းစွာဖြင့် ကောင်းမှုကုသိုလ်များကို ပြုလုပ်ခြင်း၊ ဘုရား၊ ရဟန်းသံဃာတို့ကို ကထိန်သင်္ကန်းများ ဆက်ကပ်ခြင်း၊ ရဟန်းပြုခြင်း စသည့် ကောင်းသောအမှုကိစ္စများကို ပြုလုပ်ကြသည့် နေ့ထူးနေ့မြတ်အခါကာလဖြစ်သည်။ ဤတန်ဆောင်မုန်းလပြည့် အခါသမယနေ့တွင် မြတ်ဗုဒ္ဓက ဟောဖော်ညွှန်ပြ ဆုံးမလမ်းညွှန်ပေးတော်မူသောကြောင့် အမိုက်မှောင်များ ကင်းစင်ပပျောက်ခဲ့ရသည်။ ငြိမ်းအေးချမ်းသာခြင်းဘဝသို့ ရောက်ကြရသည်။ ဤသည်မှာ တန်ဆောင်မုန်းလပြည့်နေ့နှင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော သာမညဖလသုတ်တရားတော်၏ အကျိုးတရားများပင်ဖြစ်သည်။

သို့ဖြစ်ရာ ခြေခင်းလက်ခင်းသာယာသော မိုးအကုန် ဆောင်းအကူးကာလ၊ ကောင်းကင်ယံထက်တွင် မိုးတိမ်မိုးရိပ်တို့ ကင်းစင်သောကာလ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး လွှမ်းခြုံမဖုံးသည့် လပြည့်ဝန်းအား သာယာကြည်နူးဖွယ် တွေ့မြင်ရသောကာလ၌ ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုပွဲတော် တန်ဆောင်တိုင်ပွဲကို ပျော်ရွှင်စွာ ဆင်ယင်ကျင်းပခြင်းနှင့် ကောင်းမှုအထူးတို့ ပွားစည်းတိုးအောင် ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းသာယာသော လူမှုဘဝကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

ဝ နိုဝင်ဘာ ၂၁

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့ နံနက် ၁၁ နာရီက ဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ၊ ရေရှည်ရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က ဝ - ကျောက်ချွန်လမ်း အပြင် ဝ- ခနိ - သစ်ကောက် ဒေသအတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေး ဆောင်ရွက်မည့်အစီအစဉ်၊ ခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်လာစေရန် သံတွဲ-ဂွကမ်းခြေပတ်လမ်း ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ်များ၊ ဂွလေယာဉ်ကွင်းအား အဆင့်မြှင့်တင်၍ ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ရခိုင်ပြည်နယ်တောင်ပိုင်းအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများ၊ ဦးစားပေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက သံတွဲခရိုင်အတွင်း ကမ်းခြေဖွံ့ဖြိုးရေးဆိုင်ရာများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးဆိုင်ရာ လိုအပ်ချက်များအား တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)

ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း ရွက်အုပ်ဖြတ်လျှောက်တံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အများပြည်သူ စိတ်ဝင်တစားလည်ပတ်ရန် နေရာတစ်ခုအနေဖြင့်လည်းကောင်း၊ သစ်တောသစ်ပင်များအား ချစ်ခင်မြတ်နိုးသူများ တိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်းအကွက်အမှတ်(၇၈)အတွင်းရှိ ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း ရွက်အုပ်ဖြတ်လျှောက်တံတားဖွင့်ပွဲအခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ) ဦးမင်းမင်းဦးနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘာ၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဇော၊ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာများနှင့် ဌာနဆိုင်ရာမှ ဖိတ်ကြားထားသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးစိုးနိုင်က ရွက်အုပ်ဖြတ်လျှောက်တံတား ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘာ၊ FJV ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရွက်အုပ်ဖြတ်လျှောက်တံတားပေါ်သို့ လှည့်လည်ကြည့်ရှုကြပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါ ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းရှိ ရွက်အုပ်ဖြတ်လျှောက်တံတားကို အောက်တိုဘာ ၄ ရက်က ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၀ ရက်တွင် ပြီးစီးခဲ့သည်။ တံတားကို ကျွန်းတိုင် ၁၈၃ လုံး (၅၁ ဒသမ ၇ တန်)၊ သစ်မာခွဲသားတန် ၆၀ ဖြင့်လည်းကောင်း၊ တံတားအကျယ် ခြောက်ပေ၊ အရှည် ၃၂၇ ပေ၊ အမြင့်ဆုံးနေရာ ၄၃ ပေနှင့် တိုင်လုံး ၈၃ လုံး ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘာသာပေါင်းစုံငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးပိုင်းသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ **ရှေ့ဖုံးမှ**

လုံခြုံမှုရှိပြီး ငြိမ်းချမ်းမှုရှိသောဘဝတွင် နေထိုင်နိုင်ရေးဟူသော အခွင့်အရေးမှာ အခြေခံကျလှပါကြောင်း၊ သို့ဖြစ်ပေရာ လွတ်လပ်စွာ ယုံကြည်ခွင့်နှင့် လွတ်လပ်စွာကိုးကွယ်ခွင့်တို့မှာလည်း အလားတူပင် အခြေခံကျလှပါကြောင်း။

စိန်ခေါ်ခံရမှုကို တိုး၍တိုး၍ရင်ဆိုင်နေရ

သို့ရာတွင် မိမိတို့သည် ဖော်ပြပါ အခြေခံအခွင့်အရေးများ မကြုံစဖူး ထူးထူးကဲကဲ စိန်ခေါ်ခံရမှုကို တိုး၍တိုး၍ရင်ဆိုင်နေရသည့် ကာလတစ်ခုကို ဖြတ်သန်းနေကြရပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အစွန်းရောက်သမားများ၏ အကြမ်းဖက်မှု၊ အကြမ်းဖက်သည့်အပြုအမူများအား လှုံ့ဆော်နိုင်ရန် ၎င်းတို့၏ လုပ်ရပ် တရားမျှတမှုရှိလေသည့် အသွင်ဖြစ်ပေါ်အောင် ဘာသာတရားကို ခုတုံးလုပ် အလွဲသုံးမှုပြုနေကြပုံတို့ကို မိမိတို့တွေ့မြင်နေကြရကြောင်း။

အကြမ်းဖက်မှုကိုအားပေးနေသည့် အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒတို့၏ ဘေးအန္တရာယ်ဆိုးများမှ ကျော်လွှားလွန်မြောက်နိုင်စေရေးအတွက် ဆောင်ရွက်ပါမည်ဆိုသော မိမိတို့၏တူညီသောသန္နိဋ္ဌာန်ပြုချက်ကို စုပေါင်း၍ ထပ်လောင်းအတည်ပြုကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့်ပတ်သက်၍ အလေးအနက်ပြု ပြောကြားလိုပါကြောင်း။

ပထမအချက်အနေဖြင့် ဘာသာပေါင်းစုံဆွေးနွေးမှုများ မြှင့်တင်အားပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘာသာပေါင်းစုံတည်ရှိနေမှုနှင့် ယဉ်ကျေးမှုပေါင်းစုံ ရှင်သန်နေမှုတို့ကို အလေးထားခြင်းနှင့် အပြန်အလှန်နားလည်ခြင်းတို့ဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ အမြစ်တွယ်ရှည်တည်ရှိရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ဘာသာပေါင်းစုံဆွေးနွေးမှုသည် အမှန်တကယ်ပင် ထိရောက်မှုရှိရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆွေးနွေးခြင်းသည် ဘာသာရေးခေါင်းဆောင်များအတွက်သာဟူ၍ ကန့်သတ်ချက်မထားရှိသင့်ပါကြောင်း၊ လူတိုင်းပါဝင်ခွင့်ရှိသော ဆွေးနွေးခြင်းများမှတစ်ဆင့် ပြည်သူတိုင်း၏ ဟဒယနှလုံးသားနှင့် အသိတရားတို့အရ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ပေါင်းစည်းမှု ဖြစ်ပေါ်နိုင်မည်ဖြစ်ပါကြောင်း။

ပညာရေးမှတစ်ဆင့် ဖော်ဆောင်ပေးကြရမည်

ဒုတိယအချက်အနေဖြင့် မိမိတို့အာရုံစိုက်သင့်သော အရေးကိစ္စမှာ ပညာရေးဖြစ်ပါကြောင်း၊ ပညာရေးသည် လူတို့၏အစွဲအလမ်းများနှင့် ပုံသေကားကျ စဉ်းစားတွေးခေါ်မှုတို့မှလည်းကောင်း၊ မယုံကြည်မှုနှင့် ခွဲခြားဆက်ဆံမှုတို့မှလည်းကောင်း ကျော်လွှားလွန်မြောက်နိုင်စေရန် အရေးကြီးလှပါကြောင်း၊ အပြန်အလှန်လေးစားမှုကို ဖြစ်စေသည့် ငြိမ်းချမ်းရေးယဉ်ကျေးမှုတစ်ရပ်ကို ပညာရေးမှတစ်ဆင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

တတိယအချက်အနေဖြင့် အကြမ်းဖက်မှုနှင့်ဒွန်တွဲနေသော အစွန်းရောက်ဝါဒ၏ အခြေခံအကြောင်းတရားများကို အလေးမူကြရန်လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် လူမှုရေးအရ ခွဲခြားဆက်ဆံခံရမှုနှင့် ကြဉ်ဖယ်ခံရမှုတို့ကို ခံစားရခြင်းကြောင့် အစွန်းရောက်ဝါဒသဘောတရားများ၏ ဆွဲဆောင်မှုနောက်သို့ လိုက်ပါသွားတတ်ပါကြောင်း၊ သို့တည်းမဟုတ် ဆင်းရဲမွဲတေမှုနှင့် ကာလကြာရှည် အလုပ်အကိုင်မဲ့ဖြစ်ရမှုတို့ကြောင့်လည်း အစွန်းရောက်သူများ၏ သွတ်သွင်းမှုကို ခံရတတ်ပါကြောင်း။

မြန်မာပြည်သူတို့သည် ငြိမ်းချမ်းရေးကိုလည်းကောင်း၊ ၎င်းတို့၏ရင်သွေးများအတွက် ပိုမိုတောက်ပြောင်သော အနာဂတ်ဘဝကို ပိုင်ဆိုင်လိုသည့် အခွင့်အရေးတစ်ရပ် ရရှိရန်လည်းကောင်း မျှော်မှန်းတောင့်တလျက်ရှိကြပါကြောင်း၊ ပြည်သူတို့၏ အာသီသကို အပြည့်အဝအလေးမူကာ မိမိတို့အစိုးရအဖွဲ့သစ်အနေဖြင့် ယခင်အစိုးရအဖွဲ့က အစပျိုးပေးခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်စေရေးအတွက် အစီအစဉ်များရေးဆွဲချမှတ်ကာ လုပ်ဆောင်နေပါကြောင်း။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်မှအစပြု၍ မိမိတို့၏နိုင်ငံအပေါ် ဖိစီးနေသည့် လက်နက်ကိုင်ပဋိပက္ခပြီးဆုံးစေရေးအတွက် ၂၁ ရာစု ပင်လုံညီလာခံက ရည်မှန်းပါကြောင်း၊ ၎င်းအပြင် လူမျိုးပေါင်းစုံက တည်ဆောက်ထားသော ထာဝရတည်တံ့ခိုင်မြဲနေမည့် စည်းလုံးညီညွတ်မှု အခြေခံဖက်ဒရယ်ဒီမိုကရေစီ လွှဘောင်ကို တည်ဆောက်သွားရန်လည်း မိမိတို့ရည်မှန်းထားပါကြောင်း။

ကြီးမားသည့်တိုးတက်မှုများရရှိခဲ့

လွန်ခဲ့သည့် နှစ်နှစ်တာကာလပတ်လုံးကျင်းပခဲ့သော ပင်လုံညီလာခံ သုံးခုအနက် ညီလာခံတိုင်းတွင် ကြီးမားသည့်တိုးတက်မှုများကို မိမိတို့ရရှိခဲ့ကြပါကြောင်း။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အချက်ခုနစ်ချက်ပါ လမ်းပြမြေပုံတစ်ရပ်ကို ရေးဆွဲချမှတ်နိုင်ခဲ့ပါကြောင်း။

ဒုတိယအကြိမ် ညီလာခံတွင် အခြေခံမူ ၃၇ ချက်ကို အတည်ပြုချမှတ်နိုင်ခဲ့ကြပါကြောင်း၊ တတိယအကြိမ် ညီလာခံမတိုင်မီတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နောက်ထပ် နှစ်ဖွဲ့တို့က လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ယင်းညီလာခံကာလအတွင်း အခြေခံမူ ၁၄ ချက်ကို ထပ်မံရရှိခဲ့ပြီး အတည်ပြုချမှတ်နိုင်ခဲ့ကြပါကြောင်း။

စိန်ခေါ်မှုများဆက်လက်ရှိနေဆဲဖြစ်ပြီး တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြားတွင်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအချင်းချင်းကြားတွင်လည်းကောင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပါကြောင်း၊ စိန်ခေါ်မှုများအား ရင်ဆိုင်နိုင်ရေးအတွက် မိမိတို့အနေဖြင့် မပြတ်မလတ် သတိချပ်သင့်ပါကြောင်း၊ စေ့စပ်ဆွေးနွေးခြင်းမှတစ်ဆင့် ဖြေရှင်းသွားရန် မိမိတို့ ဦးတည်ပါကြောင်း၊ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ကို တည်ဆောက်နိုင်ရေးအတွက် ဖွဲနပဲရှိရှိ ဆက်လက်ကြိုးပမ်းသွားရန် လိုအပ်ပါကြောင်း၊ ဆွေးနွေးညှိနှိုင်းခြင်းမှတစ်ဆင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်လာရန်မှာ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မည့် အကောင်းဆုံးသော နည်းလမ်းအဖြစ် မိမိတို့ယုံကြည်ပါကြောင်း။

မိမိတို့ အပြည့်အဝနားလည်သိရှိ

ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ အရေးတကြီးလိုအပ်နေသည့် အခြားနယ်ပယ်တစ်ရပ်မှာ အများကသိရှိကြသည့်အတိုင်း ရခိုင်အရေးကိစ္စဖြစ်ပါကြောင်း။

အခြေခံကျလှသည့် ပြဿနာများအား နှစ်ပေါင်းကြာရှည် လျစ်လျူရှုခဲ့ကြခြင်း၏ အကျိုးရလဒ်အဖြစ် ကြောက်ရွံ့စွာနှင့် အမျက်ဒေါသထွက်မှု၊ စိတ်ပျက်မှုနှင့် ဆင်းရဲမွဲတေမှုတို့ဖြစ်ပေါ်ခဲ့ရပြီး ယင်းတို့မှ ကျော်လွှားလွန်မြောက်နိုင်စေရန် ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်ပုံကို မိမိတို့ အပြည့်အဝ နားလည်သိရှိကြပါကြောင်း။

မိမိတို့အစိုးရအဖွဲ့တာဝန်ယူပြီး မကြာမီမှာပင် ရခိုင်ပြည်နယ်၌ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးတို့ဖြစ်ပေါ်လာစေရန် မိမိတို့၏ထိပ်တန်းဦးစားပေးလုပ်ငန်းရပ်တစ်ခုအဖြစ်သတ်မှတ်ကာ လုပ်ဆောင်လာခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ်ရှိ ရဲကင်းစခန်းများ အကြမ်းဖက်တိုက်ခိုက်ခံရမှုမှအစပြု၍ ဖြစ်ပေါ်လာခဲ့ရသည့် ပြဿနာအမျိုးမျိုးနှင့်ပတ်သက်၍ မိမိတို့ကြိမ်ဖန်များစွာ ပြန်ပြောင်းပြောဆိုခဲ့ပြီးဖြစ်သဖြင့် ဤနေရာတွင် အသေးစိတ်ထပ်မံပြောကြားရန် လိုအပ်မည်မဟုတ်ပါကြောင်း။

ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအကြား သဟဇာတဖြစ်မှုနှင့် ယုံကြည်မှုတို့ တည်ဆောက်နိုင်ရေးအတွက် အပြုသဘောဆောင်စွာ စဉ်ဆက်မပြတ် လုပ်ဆောင်သွားနိုင်မည့်နည်းလမ်းများကို ယခုဆွေးနွေးပွဲတွင် ရှာဖွေဖော်ထုတ်နိုင်ကြလိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း၊ ယနေ့တွင် ဤနေရာသို့ တစုတဝေးရောက်ရှိလာသူများက ချစ်ကြည်ရေးစိတ်ဓာတ်၊ အပြန်အလှန်နားလည်မှုရှိအောင် လုပ်ဆောင်လိုသောဆန္ဒနှင့် မေတ္တာတရားတို့ဖြင့် အစွဲအလမ်းများနှင့် အမုန်းတရားတို့အပေါ် အောင်ပွဲခံအနိုင်ယူလိမ့်မည်ဟု မိမိယူဆပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို မြှင့်တင်အားပေးပါမည်ဆိုသော ကတိကဝတ်ပြုမှုဖြင့် ဆွေးနွေးကြခြင်းဖြင့် အတွေးအမြင်ကောင်းများရရှိကြလိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်း။

အဖြေရှာနိုင်ရန် ဆွေးနွေးကြမည်

ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့သည် အပြုသဘောဆောင်သည့် အဖိုးအနဂ္ဃထိုက်တန်သော အခြင်းအရာများဖြစ်ပါကြောင်း၊ အပြုသဘောဆောင်သည့် အဖိုးအနဂ္ဃထိုက်တန်သော အခြင်းအရာများကို ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ဖြင့် အခြေပြုရမည်ဖြစ်ပါကြောင်း၊ သဘောကွဲလွဲမှုနှင့် ပဋိပက္ခဖြစ်မှုတို့ဖြင့်လည်း ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို တည်ဆောက်နိုင်မည် မဟုတ်ပါကြောင်း၊ ပိုမိုသာယာဝပြောသော ကမ္ဘာကြီးအဖြစ်သို့ တည်ဆောက်နိုင်စေရေးအတွက် ဤနေရာ၊ ဤအချိန်အခါတွင် မိမိတို့ စုဝေးရောက်ရှိနေကြခြင်းသည် အပြုသဘောဆောင်သည့် အဖိုးအနဂ္ဃထိုက်တန်သော အခြင်းအရာများဖြစ်အောင် ဦးတည်ခြင်းလည်းဖြစ်ပါကြောင်း၊ ဘာသာတရားများသည် မိမိတို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုရှိအောင် လုပ်ဆောင်ပေးနိုင်စွမ်းရှိသည်ဟု မိမိယုံကြည်ပါကြောင်း၊ တိုးတက်တောက်ပြောင်သော အနာဂတ်ဘဝဆီသို့ မိမိတို့ မည်သို့မည်ပုံ ဦးတည်လျှောက်လှမ်းကြမည်ကို ဆွေးနွေးနိုင်ရန် ဤနေရာသို့ စုဝေးရောက်ရှိနေကြခြင်းဖြစ်ပါကြောင်း၊ ပစ္စက္ခကာလ ကမ္ဘာကြီးရင်ဆိုင်နေရသော အခြေအနေ အဘယ်ကြောင့်ဖြစ်ပေါ်လာရသည်၊ မိမိတို့ဘဝ ရှင်သန်ရေးအတွက် မျက်မှောက်ကာလတွင်ရော အနာဂတ်ကာလတွင်ပါ မည်သို့မည်ပုံ လုပ်ဆောင်သင့်သည်စသည့် မေးခွန်းများနှင့်ပတ်သက်၍ အဖြေရှာနိုင်ရန် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ပဋိပက္ခများဖြစ်ပွားခြင်းမှ ရှောင်လွှဲနိုင်ရန်နှင့် ပဋိပက္ခများ အဆုံးသတ်စေရန် လိုအပ်ချက်အဖြစ် ယနေ့ကာလတွင် ဆက်ဆံရေးကောင်းများ တည်ဆောက်နိုင်ရန် ဦးတည်ချက်ဖြင့် ကြိုးပမ်းနေကြသူများကို မိမိအလေးအနက် အားကျလေးစားမိပါကြောင်း၊ ဤနေရာသည် ငြိမ်းချမ်းရေးနှင့်ပြန်လည်သင့်မြတ်ရေး ရည်မှန်းချက်အတွက် ကြိုးပမ်းသည့်နေရာမျှသာ မဟုတ်၊ ပဋိပက္ခများကင်းဝေးစေရေးအတွက် ကြိုးပမ်းသည့်နေရာလည်း ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို တိုးတက်ခိုင်မာစေမည့် စံတန်ဖိုးများနှင့် ယုံကြည်ချက်များရှိနေသူများ ရောက်ရှိနေသည့်နေရာလည်း ဖြစ်ပါကြောင်း။

မေတ္တာတရားကို ဆောင်ကြဉ်းယူဆောင်ခဲ့ကြပြီ

မိမိတို့နိုင်ငံတွင်ရော ကမ္ဘာတွင်ပါ မတူကွဲပြားသည့် ကိုးကွယ်ယုံကြည်သူများအကြား ပိုမိုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးမည့်ဆွေးနွေးပွဲအဖြစ် မိမိယုံကြည်ပါကြောင်း၊ ယင်းမှာ ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးအမြစ်တွယ်ရှည်တည်ရှိနိုင်ရေးအတွက် ဘာသာတရားများက ဦးတည်နေသည်ကို မိမိသိရှိခြင်းကြောင့်ဖြစ်ပါကြောင်း၊ လူကြီးမင်းတို့က မိမိတို့နိုင်ငံအပေါ် အလေးမူ အာရုံစိုက်ခြင်း၊ ကောင်းမြတ်သည့် သန္နိဋ္ဌာန်ထားရှိခြင်း၊ အများအကျိုးဆောင် ပရဟိတစိတ်ထားရှိခြင်းတို့အတွက် မိမိအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အများအကျိုးဆောင်စိတ်ဓာတ်ဟူသည် မေတ္တာတရားထားရှိမှုပင်ဖြစ်ပြီး မေတ္တာတရားကို လူကြီးမင်းတို့က ဤနေရာသို့ ဆောင်ကြဉ်းယူဆောင်လာခဲ့ကြပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အကြံပြုဆွေးနွေးပိုင်းသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး(ငြိမ်းချမ်းမေတ္တာ)အဖွဲ့၏ အကြံပြုဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပသည်။

ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို

ငြိမ်းချမ်းမေတ္တာအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ

ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဘုန်းတော်ကြီး ဂန်နာစတောလ်ဆက်



ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး

အကြံပြုဆွေးနွေးပွဲ၌ ငြိမ်းချမ်းမေတ္တာအဖွဲ့ မြန်မာနိုင်ငံ၏ ဦးစီးနာယက ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဘုန်းတော်ကြီး ဂန်နာစတောလ်ဆက်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ကမ္ဘာအား သိကြားစေကြလိမ့်မည်

ငြိမ်းချမ်းမေတ္တာအဖွဲ့ မြန်မာနိုင်ငံ၏ ဦးစီးနာယက ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ဒီနေ့ကျွန်ုပ်တို့သည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး အတွက် ကြိုးပမ်းမှုများကို ထောက်ခံရန် ရောက်ရှိလာကြခြင်းဖြစ်ပါကြောင်း၊ (၂၁)ရာစု ပင်လုံညီလာခံစတင်ခဲ့ပြီး ဒီငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဖွဲ့များ ပိုမိုပါဝင်လာကြပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့အမြင်တွင် စိန်ခေါ်မှုကြီးများစွာ ရင်ဆိုင်နေရပါကြောင်း၊ ကမ္ဘာ့တိုင်းပြည်များမှ ရောက်ရှိလာကြသည့် ပုဂ္ဂိုလ်များသည် အစိုးရ၏ ငြိမ်းချမ်းရေးခြေလှမ်းများ၊ ရင်ကြားစေ့ကြိုးပမ်းမှုများကို ကမ္ဘာအား သိကြားစေကြလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါကြောင်း၊ စိန်ခေါ်မှုများမှာ များပြားလှပါကြောင်း။

အရေးကြီးဆုံးမှာ အများပြည်သူအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောရေးကို ဆောက်တည်ပေးရန် ငြိမ်းချမ်းရေးကို ရှာဖွေရမည်ဖြစ်ပါကြောင်း၊ ကျွန်ုပ်တို့ ဘာသာပေါင်းစုံအဖွဲ့အနေဖြင့် ကမ္ဘာ့တိုင်းပြည်များ၏ ထင်မြင်သုံးသပ်ချက်များ ကွဲပြားကြပေမယ့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို အပြည့်အဝ ထောက်ခံအားပေးပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်၌ ပါဝင်သက်ရောက်သူများသည် မြန်မာနိုင်ငံ၏ အခက်အခဲပြဿနာများမှာ ပြည်တွင်း(ဒေသ)၌သာ ဦးစွာပထမ ကိုင်တွယ်ဖြေရှင်းရန်လိုသည်ဟု နားလည်သဘောပေါက်ကြပါကြောင်း၊ သမိုင်းတစ်လျှောက် ဖြစ်ပျက်ခဲ့သည့်ကိစ္စများကို တစ်မုဟုတ်ချင်း ဖြေရှင်း၍ မရနိုင်ပါကြောင်း ပြောကြားသည်။

ငြိမ်းချမ်းမေတ္တာအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေက ယခု တွေ့မြင်ရသည်မှာ အင်မတန်ဝမ်းမြောက်စရာကောင်းပါကြောင်း၊ မိမိတို့ရည်မှန်းသည့် အဖွဲ့အစည်းအသီးသီး၊ မိမိတို့လက်လှမ်းမီ၍ ဖိတ်ကြားနိုင်သည့် အဖွဲ့အစည်း အသီးသီး အားလုံးတက်တက်ကြွကြွနှင့် ပါဝင်တက်ရောက်လာသည်ကို တွေ့ရသည့်အတွက် ပထမဦးဆုံး အောင်မြင်သည့်ရလဒ်တစ်ခုဟု မှတ်ယူပါကြောင်း၊ မြန်မာနိုင်ငံ အနာဂတ်အတွက် ကောင်းမွန်သည့်အလားအလာဖြစ်ပါကြောင်း၊ အထူးသဖြင့်တွေ့ဆုံညှိနှိုင်းမှု အရေးကြီးပါကြောင်း၊ တွေ့ဆုံညှိနှိုင်းမှုမရှိဘဲ ထင်ရာမြင်ရာ၊ သဘောထားခံယူချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြရင်း တဖြည်းဖြည်းဝေးကွာသွားသည်ကို တွေ့ရသည့်အတွက် အဆိုပါ ကွာဟချက်ကို နီးစပ်အောင်ကြိုးစားသည့် လုပ်ငန်းစဉ် ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်သည် ယခုဖိုရမ်တစ်ခုတည်းဖြင့် ရပ်သွားမည်မဟုတ်ပါကြောင်း၊ မိမိတို့လုပ်ငန်းစဉ်ကို နှစ်နှစ်တာ ကာလရေးဆွဲထားပါကြောင်း၊ အဆိုပါ နှစ်နှစ်တာကာလအတွင်း ခြောက်လတစ်ကြိမ် ယခုကဲ့သို့ အကြံပြုစကားဝိုင်းသုံးခု ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း၊ ထို့ကြောင့် မိမိတို့ယခုဆောင်ရွက်မည့် အကြံပြုစကားဝိုင်းတွင် အဓိကအနေဖြင့် ဘာသာရေးကို အခြေခံ၍ ကမ္ဘာ့ဘာသာအသီးသီး ဘာသာပေါင်းစုံအားလုံးတွင် အဓိက အခြေခံအချက်အနေဖြင့် မေတ္တာတရားဖြစ်ပါကြောင်း၊ မေတ္တာတရားကိုအခြေခံ၍ ဆွေးနွေးကြရမည် ဖြစ်ပါကြောင်း။

ဘာသာတရား၏ အဆုံးအမ

ဘာသာရေးခေါင်းဆောင်များ၊ ဘာသာဝင်အသီးသီး တို့သည် မိမိတို့သက်ဝင်ယုံကြည်သည့် ဘာသာတရား အပေါ်တွင် အမှန်တကယ် လှိုက်လှိုက်လှဲလှဲ ယုံကြည်ပါက မိမိတို့ဘာသာတရား၏ အဆုံးအမအတိုင်း အများပြည်သူ အတွက် မည်သို့ပေးဆပ်ရမည်နည်း၊ အထူးသဖြင့် ဆင်းရဲ ဒုက္ခရောက်နေသည့် ပြည်တွင်းစစ်ရှောင်စခန်းများတွင် ရောက်နေသည့် တိုင်းရင်းသားများ၊ လူမျိုးအသီးသီး၊ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများတွင် ရောက်နေသည့် လူမျိုးစုအသီးသီးတို့အတွက် ဘာသာရေးအဆုံးအမအရ ချစ်ခြင်းမေတ္တာတရား၊ စာနာထောက်ထားမှုဆိုသည့် တရားများအရ မည်သို့လုပ်ပေးနိုင်မည်နည်း၊ မည်သည့် အရာများပေးနိုင်မည်နည်းဆိုသည့် အမြင်များနှင့် ညှိနှိုင်းသွားမည်ဆိုပါက ဝေးကွာနေသည့် ခံယူချက်အမြင်များသည် နီးစပ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ သို့သော် အနှစ်နှစ်အလလ ဖွဲ့စည်းတည်ဆောက်ထားသည့် အစိုင်အခဲများကို ယနေ့ဖိုရမ်တစ်ခုတည်းဖြင့် ရနိုင်မည် မဟုတ်သည်ကို မျှော်လင့်ထားပါကြောင်း၊ သို့သော် အရင်ထက်ပို၍ နီးစပ်မှု၊ ကွာဟချက်ကျဉ်းမြောင်းမှုများကို ရရှိလိမ့်မည်ဟု မျှော်လင့်ထားပါကြောင်း၊ ထို့ကြောင့် နောက်ထပ်သုံးကြိမ် ယခုကဲ့သို့ ဆွေးနွေးပွဲမျိုးများ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပါကြောင်း။

ယခုကျင်းပသည့် အကြံပြုစကားဝိုင်းသည် အနာဂတ် မြန်မာနိုင်ငံအတွက် များစွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် ဘာသာရေးရှုထောင့်မှ ဘာသာတရားအသီးသီး ၏ ဆုံးမချက်များအရ မေတ္တာတရားနှင့် သည်းခံခွင့်လွှတ်ခြင်းဆိုသည်တို့ကို အခြေခံ၍ မိမိတို့အဖွဲ့အစည်းအသီးသီး က မည်သည့်အရာများကို ပေးနိုင်မည်၊ မည်သည့်အရာ များကို စွန့်လွှတ်နိုင်မည်၊ မည်သည်တို့ကို လျှော့၍ ညှိနှိုင်းဆောင်ရွက်နိုင်မည်ဆိုသည့်အပေါ်တွင် မူတည် လိမ့်မည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် ကွာဟနေသည့် အချက်များ နီးစပ်လာမည်ဟုမျှော်လင့်ပါကြောင်း၊ ထိုကဲ့သို့ သော ကောင်းကျိုးရလဒ်များကို မြော်မြင်ပြီး ယခုအကြံပြု ဆွေးနွေးပွဲကို အားလုံးညီညီညွတ်ညွတ်ဖြင့် လုပ်ကိုင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပြည်သူတို့ ခံစားခွင့်ရနိုင်ရေးပင်ဖြစ်

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဘုန်းတော်ကြီး ဂန်နာစတောလ်ဆက်က မြန်မာနိုင်ငံအတွက် ဘာသာပေါင်းစုံ၏ ရှုမြင်လိုသော မြင်ကွင်းမှာ လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အပေါ် အခြေပြုတည်ဆောက်ထားသော သဟဇာတရှိပြီး ဖွံ့ဖြိုးကြွယ်ဝသည့် ဒီမိုကရေစီ ထွန်းကားရေးပင် ဖြစ်ပါကြောင်း၊ ကျွန်ုပ်တို့အား ဤစကားဝိုင်းသို့ ရောက်ရှိစေမည့် စေ့ဆော်တိုက်တွန်းမှု မြင်ကွင်းမှာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ မှီတင်း နေထိုင်သည့် မြန်မာ့လူ့အဖွဲ့အစည်းတွင် တူညီမျှတသော နိုင်ငံသားအဖြစ် ပြည်သူတို့ ခံစားခွင့်ရနိုင်ရေးပင် ဖြစ်ပါကြောင်း။

ဤစကားဝိုင်း၏ ထူးခြားချက်မှာ ဘာသာတရားဓမ္မအား လူ့အဖွဲ့အစည်းပေါ်ထွန်းဖြစ်တည်မှု၏ အကြောင်းခံ အနေဖြင့် ကျွန်ုပ်တို့ ဂုဏ်ပေးခြင်းဖြစ်ပါကြောင်း၊ ဤသို့ သဘောထားခြင်းမှာ တရားဓမ္မအား ကျွန်ုပ်တို့သည် အသိဉာဏ်မဲ့၊ ရိုးအယုံလွယ်စွာလက်ခံထားခြင်း မဟုတ် သလို အထက်စီးမှ ချုပ်ကိုင်လွှမ်းမိုးထားသည့် အားအနေ ဖြင့်လည်း ခံယူထားခြင်းမရှိဘဲ တရားဓမ္မတို့၏ အနှစ် အသားနှင့် အကျိုး၊ အဆိုးတို့ကို သဘောပေါက်ထားသည့် အတွက် ဖြစ်ပါကြောင်း၊ ဓမ္မတရားနှင့် ယုံကြည်မှုသဒ္ဓါတရား တို့သည် ရိုးသားဖြူစင်မှု၊ သစ္စာအမှန်၊ တရားမျှတမှုနှင့် ခွင့်လွှတ်ခြင်း ဟူသည့် သူတော်ကောင်းတရားတို့အား ဉာဏ်ပွင့်စေပါကြောင်း။

လေးကြိမ်ကျင်းပရန်စီစဉ်ထားသော စကားဝိုင်းတို့၏ ပထမအကြိမ်အတွက် ခေါင်းစဉ်အကြောင်းအရာမှာ **"ကျွန်ုပ်တို့၏ ဘုံအနာဂတ်"** ဟူ၍ ဖြစ်ပါကြောင်း၊ ဤခေါင်းစဉ်သည် လူ့အဖွဲ့အစည်းအတွင်းရှိ အဖွဲ့ အသီးသီးမှ မတူကွဲပြားမှုတို့၏ ညီညွတ်ခြင်းဆိုသည့် ပြည်သူများမြတ်နိုးသည့် ဒီမိုကရေစီမှုတို့အား အချက်ပေး မီးမောင်းထိုးပြလျက်ရှိပါကြောင်း၊ ဤအကြံပြုစကားဝိုင်း အား အပြည်ပြည်ဆိုင်ရာဘာသာပေါင်းစုံ ငြိမ်းချမ်းရေး အဖွဲ့၏ အားပေးကူညီမှုဖြင့် ဦးစီးကျင်းပသော မြန်မာ နိုင်ငံ ငြိမ်းချမ်းမေတ္တာအဖွဲ့၏ ဆောင်ပုဒ် **"ဘာသာကွဲပြား၊ ဘုံလုပ်ငန်းများ"** သည် အထက်ဖော်ပြပါ စံပြအခြေခံ သဘောတရားတို့အား ရောင်ပြန်ဟပ်ထင်စေပါကြောင်း။

အမှန်တကယ်ပြောင်းလဲနိုင်

ယနေ့အခမ်းအနား၏ ထူးခြားချက်မှာ ဘာသာတရား အား ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် အမျိုးသားရင်ကြားစေ့ ရေးအတွက် အခန်းကဏ္ဍတစ်ရပ်အဖြစ် နေရာပေးရန်ဖြစ်ပါ ကြောင်း၊ ကျွန်ုပ်တို့ မာန်မာနကင်းစွာဖြင့် ပြောလိုသည်မှာ ဘာသာတရားသည် လျော်ကန်သင့်မြတ် အသုံးဝင်ပြီး အခြေအနေများကို အမှန်တကယ် ပြောင်းလဲနိုင်ပါသည် ဟူသော အချက်ပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးက ယနေ့အချိန်တွင် မိမိတို့သည် မိမိအမျိုးသား များ၏ ရသင့်ရထိုက်သော ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အခွင့်အရေးတို့ အတွက် နှစ်ပေါင်း ၆၀ ကျော် လက်နက်စွဲကိုင်ပြီး တိုက်ပွဲ ဝင်လာခဲ့သည်ကိုရပ်စဲပြီး သတ္တိရှိရှိဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးအတွက် သွေးထွက်သံယိုမှုရှိသော စစ်မြေပြင် မှ သွေးထွက်သံယိုမှုမရှိသည့် စစ်မြေပြင်ဖြစ်သော နိုင်ငံရေးတိုက်ပွဲ၊ စားပွဲဝိုင်းပေါ်တိုက်ပွဲကို ဆက်လက် ဆင်နွှဲနေသည့် အချိန်ကာလဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးကို ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ပါ ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခကို ဖြစ်ပွားစေခဲ့သည့် အရင်းခံအကြောင်းတရားများကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အားလုံးလက်ခံနိုင်သည့် မိမိတို့ နိုင်ငံနှင့်ကိုက်ညီပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ကျင့်သုံးနိုင်သည့် နိုင်ငံရေးအဖြေကိုရှာသည့် နိုင်ငံရေးယဉ်ကျေးမှု အသစ်တစ်ရပ်ကို လက်တွေ့ စတင်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါ ကြောင်း။

လက်တွေ့ဆောင်ရွက်သည့်နေရာတွင် သက်ဆိုင်ရာ ပါဝင်ကြသည့် အစုအဖွဲ့များအကြား မိမိတို့၏ ဖြတ်သန်း လာခဲ့ကြရသော သမိုင်းအတွေ့အကြုံ၊ ကြီးပြင်းလာခဲ့ကြရ သည့် ပတ်ဝန်းကျင်၊ လေ့လာသင်ကြားလာခဲ့ကြရသည့်

စာမျက်နှာ ၅ သို့

၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊
ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်စို့။

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
(၂-၁၂-၂၀၁၈)

၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊
★ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
★ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

○ စာမျက်နှာ ၄ မှ

အကြောင်းအရာများအပေါ် အခြေခံပြီး မိမိတို့၏ သဘောထား၊ ရပ်တည်ချက်၊ မျှော်မှန်းချက်များအပေါ် ရပ်တည်ဆွေးနွေး အဖြေရှာကြသည့်အတွက် ဆွေးနွေးဘက်များအကြား အားလုံးကလက်ခံနိုင်သည့် နိုင်ငံရေးသဘောတူညီမှုအဖြေကိုရရှိရန် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ဒီလိုနိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာသည့်နေရာတွင် မိမိ၏ကိုယ်တွေ့အရ သတ္တိ၊ ဗျတ္တိပိုပြီးလိုနေသည်ကို တွေ့ရပါကြောင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ အနစ်နာခံခြင်း၊ မာန်မာနမထားခြင်းနှင့်အတူ **"မေတ္တာတရား"**ထားနိုင်ရန် လိုအပ်လာ၍ ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် **"အမုန်းတရား၊ အာဃာတတရား"**နှင့် တည်ဆောက်၍ မရပါကြောင်း၊ အမုန်တရား၊ မေတ္တာတရားဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ အကြမ်းဖက်မှု၊ ရန်လိုမှုများ ရပ်စဲပြီး လူသားဝါဒဖြစ်သည့် **"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ"** တရားများကို ကိုင်စွဲနိုင်ကြမည်ဆိုလျှင် ပြည်တွင်းစစ်ပဋိပက္ခကြီးမှာ ပါဝင်ပတ်သက်နေကြသည့် **"ဘက်"** အားလုံးသည် **"ငြိမ်းချမ်းမှု"**အရသာကို ပထမဦးစွာ ခံစားကြမည့်သူများဖြစ်ပါကြောင်း၊ ပဋိပက္ခကြောင့် နှစ်ရှည်လများ အတိဒုက္ခရောက်နေကြရသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့မှာလည်း **"ငြိမ်းချမ်းမှု"**အောက်မှာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အတူတကွ နေထိုင်ကြမည်ဖြစ်ပါကြောင်း၊ ဒီလိုငြိမ်းချမ်းစွာနှင့် အတူတကွ ယှဉ်တွဲနေထိုင်ခြင်းကိုပင် နိုင်ငံရေးဝေါဟာရအရ **"ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု"** တည်ဆောက်ခြင်းဟု ပြောနိုင်မည်ထင်ပါကြောင်း ပြောကြားသည်။

အမြင်ချင်းဖလှယ် ဆွေးနွေး

ထို့နောက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ **ဘာသာရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း** ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဌာနကြီးမှူး ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ရှမ်းပြည်နယ် ဗုဒ္ဓ

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ) အဖွဲ့၏ အကြံပြုဆွေးနွေးပွဲတွင် အစုအဖွဲ့အလိုက် အမြင်ချင်း ဖလှယ် ဆွေးနွေးကြစဉ်။

တက္ကသိုလ် ဦးစီးတည်ထောင်သူ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဗုဒ္ဓဝိဟာရ၊ အောက်စဖို့ဒ်တက္ကသိုလ် ဗုဒ္ဓဘာသာဘုန်းတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ပါမောက္ခ အရှင်ဒေါက်တာဓမ္မသာမိ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် အင်္ဂလီကန်သာသနာပိုင်ချုပ် စတီဗင်သန်းမြင့်ဦး၊ အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ဆော်ဩရေးမှူး အယ်လ်ဟာဂျ် ဦးအေးလွင်၊ ဟိန္ဒူအဖွဲ့ချုပ်မှ ဒေါက်တာလှထွန်းနှင့် အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ အတွင်းရေးမှူးချုပ် ဒေါက်တာဝီလီယံ အက်ဖ်ဗင်ဒလေတို့က ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပညာရေးကဏ္ဍ၊ တိုင်းရင်းသားလူမျိုးစုအားလုံးနှင့် လူနည်းစုအဖွဲ့အစည်းများအတွက် တန်းတူအခွင့်အရေးနှင့် တာဝန်ယူတာဝန်ခံမှုကဏ္ဍ၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် တန်းတူပါဝင်ခွင့်ဆိုင်ရာကဏ္ဍ၊ လူငယ်များနှင့် ထိတွေ့ဆက်ဆံရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ကိုယ်ပိုင်လက္ခဏာအထောက်အထား၊ မတူညီကွဲပြားမှုများနှင့် သမားရိုးကျစိန်ခေါ်မှုများဆိုင်ရာ ကဏ္ဍ တို့နှင့်စပ်လျဉ်း၍ အစုအဖွဲ့အလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး ကဏ္ဍအလိုက် အခန်းများခွဲ၍ ထပ်မံဆွေးနွေးကြသည်။

ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ညပိုင်းတွင် ငြိမ်းချမ်းမေတ္တာအဖွဲ့မှ အကြံပြုဆွေးနွေးဝိုင်းသို့ တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ကြီးသည် ကမ္ဘာတွင် အကျယ်ပြန့်ဆုံးနှင့် ဘာသာမျိုးစုံပါဝင်သော ဘာသာစုံညွန့်ပေါင်းအဖွဲ့ကြီး ဖြစ်သည်။ RfP သည် အဖွဲ့အစည်းတစ်ရပ်ဖြစ်သကဲ့သို့ လှုပ်ရှားမှုတစ်ခုလည်း မည်ပါသည်။ ယင်းအဖွဲ့ကြီး၏ အပြည်ပြည်ဆိုင်ရာဌာနချုပ်မှာ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ရှိသည်။ ထိုအဖွဲ့သည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၉၀ တွင်ရှိပြီး ထိုအဖွဲ့၏ အခြေခံ ခံယူချက်ဆောင်ပုဒ်မှာ **"ဘာသာကွဲပြား၊ ဘုံလုပ်ငန်းများ"**ဟူ၍ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☐ ကျောဖုံးမှ

စာလျှင် များစွာတိုးတက်နေပြီဖြစ်ပါကြောင်း၊ ယနေ့ ကျောက်ချွန်တံတားဖွင့်လှစ်လိုက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် စီးပွားရေး၊ လူမှုရေး၊ ကူးသန်းရောင်းဝယ်ရေးအတွက် ဆက်သွယ်ရန်လမ်းကြောင်းသစ်တစ်ခု တိုးတက်လာပြီဖြစ်၍ ဂွမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

ဒေသခံများအနေဖြင့် အဆိုပါ အခွင့်အရေး၊ အခွင့်အလမ်းကောင်းများကို မိမိရရဆုပ်ကိုင်၍ မိမိတို့မိသားစု၊ မိမိတို့ မြို့နယ်၊ မိမိတို့ တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ ထပ်ဆင့်အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအားတင်ပြ၍ မကြာမီတွင် ဂွ-မကျေးငူ ဆက်သွယ်မည့် ဂွချောင်းတံတားကို ဆောက်လုပ်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယနေ့ဖွင့်လှစ်သည့် ကျောက်ချွန်တံတားသည် ဂွမြို့နယ် မကျေးငူ-ကျောက်ချွန်လမ်းပေါ်တွင်တည်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပေါက်လှချိုင်ကျေးရွာမှ တစ်ဆင့် ငရုတ်ကောင်း-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-ဝက်သေနှင့် မကျီးစင်ကျေးရွာတို့နှင့် တစ်ဆက်တစ်စပ်တည်း ဖောက်လုပ်ထားသည့် ဂွကမ်းရိုးတန်းပတ်လမ်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် အခြေခံအဆောက်အအုံများ အရင်ဆုံးဖွံ့ဖြိုးတိုးတက်ရန် လိုပါကြောင်း၊ ယခုရခိုင်ပြည်နယ်အနေဖြင့် မောင်တောမြို့နယ် အဖျားဆုံးနယ်စပ် ဗန္ဓုလမှ ဂွမြို့နယ်အဆုံး ကျောက်ချွန်အထိ သွားနိုင်သည့် အနေအထားဖြစ်ပါကြောင်း၊ လျှပ်စစ်မီးဆိုလျှင်လည်း မာန်အောင်မြို့နယ်မှလွဲ၍ မြို့နယ်အားလုံး ယခုနှစ်အတွင်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ မာန်အောင်မြို့နယ်ကိုလည်း Posco Daewoo ကုမ္ပဏီနှင့်ပူးပေါင်းပြီး မီးရရှိရေးကို ဆောင်ရွက်နေသည့်အတွက် မကြာမီရရှိတော့မည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများကိုလည်း အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန်တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျောက်ချွန်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးဦးဟန်ဇော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက ကျောက်ချွန်တံတား ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကြကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ကျောက်ချွန်တံတားကို ကျေးလက်လမ်းဦးစီးဌာနရန်ပုံငွေဖြင့် တံတားဦးစီးဌာနသို့ လုပ်ငန်းအပ်နှံ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည်ပေ ၂၀၀၊ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်၊ ရက်မများဖြင့် တည်ဆောက်ထားပြီး အကျယ် ၂၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၂ ပေ ရှိသည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ခွင့်ပြုထားပြီး ချဉ်းကပ်မြေသားလမ်းနှင့် တာပေါင်တည်ဆောက်မှု အပါအဝင် တန်ဖိုးငွေကျပ်သန်း ၈၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံး နယ်စပ်ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ သက်တမ်းနှစ်နှစ်တာကာလအတွင်း လမ်းဦးစီးဌာနက လမ်းမိုင်ပေါင်း ၂၆၀၀၀ ကျော် ဖောက်လုပ်ထိန်းသိမ်းထားကြောင်း သိရသည်။ ရခိုင်ပြည်နယ်အတွင်း လမ်းမိုင် ၁၁၅၉ မိုင်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းမိုင် ၁၇၅၂ မိုင် ဖောက်လုပ်ထားပြီးဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အား ဆက်သွယ်သည့် ဂွ-ငါးသိုင်းချောင်းလမ်းနှင့် ဂွ-သံတွဲလမ်းပိုင်းကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တံတားဦးစီးဌာနက မြန်မာတစ်နိုင်ငံလုံးတွင် ပေ ၁၈၀ နှင့်အထက် တံတားပေါင်း ၅၅၀ ကျော် တည်ဆောက်ထိန်းသိမ်းထားပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ပေ ၁၈၀ နှင့်အထက် တံတား ၉၇ စင်း၊ ရခိုင်ပြည်နယ်အတွင်းတွင်လည်း ပေ ၁၈၀ နှင့်အထက် တံတား ၅၇ စင်း တည်ဆောက်ပေးထားကာ ၁၇ စင်းမှာ လက်ရှိ တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။

ကျေးလက်လမ်း ဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကျေးလက်လမ်း ၁၇၆၆ မိုင် ဖောက်လုပ်ထားပြီးဖြစ်ကာ ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း- အောင်ဇေယျ-အငူမော် လမ်း ၄၆ မိုင် ၅ ဖာလုံကိုလည်း အသစ်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ကျေးလက်လမ်း ၂၉၁၆ မိုင်၊ တံတားအစင်း ၁၉၄၀ တို့ကို နှစ်နှစ်အတွင်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်း၊ ကျေးလက်ဒေသနေ ပြည်သူအားလုံး၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ ရရှိလာစေရန် နှစ်စဉ်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ-သီဟစည်သူ

ကမ္ဘာ့ဘဏ်၏ ၂၀၁၉ ခုနှစ် စီးပွားရေးလုပ်ကိုင်နိုင်မှုအစီရင်ခံစာနှင့် မြန်မာနိုင်ငံ

အောင်စိုး(myantrade)

စီးပွားရေးလုပ်ကိုင်နိုင်မှုကို တိုင်းတာခြင်း

ကမ္ဘာ့ဘဏ်(World Bank)သည် နိုင်ငံအလိုက် စီးပွားရေးလုပ်ကိုင်နိုင်မှု (Doing Business)ကိုလေ့လာ၍ အဆင့်သတ်မှတ်သည့်အစီအစဉ်ကို ၂၀၀၂ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့သည်။ အဓိကအားဖြင့် ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လေ့လာခြင်းဖြစ်သည်။ ယင်းတို့ လုပ်ငန်းလုပ်ကိုင်ရာ၌ တွေ့ကြုံရသည့် စည်းမျဉ်းသတ်မှတ်ချက်များ မည်မျှ လွယ်ကူရှင်းလင်းသည်ကို တိုင်းတာအကဲဖြတ်ခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် စီးပွားရေးနှင့်သက်ဆိုင်သောအညွှန်းကိန်း ငါးခုဖြင့် နိုင်ငံပေါင်း ၁၃၃ နိုင်ငံကို လေ့လာတိုင်းတာပြီး Doing Business အစီရင်ခံစာကို စတင်ထုတ်ပြန်ခဲ့သည်။

ယခု ၂၀၁၉ ခုနှစ်အတွက် အစီရင်ခံစာတွင်ပါဝင်သည့် နိုင်ငံပေါင်း ၁၉၀ ကို အညွှန်းကိန်း ၁၀ ခုဖြင့် လေ့လာတိုင်းတာလျက်ရှိသည်။ လေ့လာသောအညွှန်းကိန်း ၁၀ ခုမှာ -

(က) စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း၊
(ခ) လျှပ်စစ်ဓာတ်အားရရှိမှု၊
(ဂ) အဆောက်အအုံဆောက်လုပ်ခွင့်ရယူခြင်း၊
(ဃ) ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း၊
(င) ချေးငွေရရှိနိုင်မှု၊
(စ) အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း၊
(ဆ) အခွန်ပေးဆောင်မှု၊
(ဇ) ပြည်ပကုန်သွယ်မှု၊
(ဈ) ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း၊
(ည) အကြွေးမဆပ်နိုင်မှုကို ဖြေရှင်းပေးနိုင်ခြင်းတို့ဖြစ်သည်။

လေ့လာတိုင်းတာရာ၌ နိုင်ငံတစ်နိုင်ငံ၏ အကြီးဆုံးစီးပွားရေးမြို့ရှိ စီးပွားရေးလုပ်ဆောင်ချက်များကို တိုင်းတာခြင်းဖြစ်သည်။ (ဥပမာ ရန်ကုန်မြို့ဖြစ်သည်)။ အဓိကအားဖြင့် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှု ရှိ၊ မရှိကို စီးပွားရေးနှင့်သက်ဆိုင်သည့် အစိုးရဌာနများက ဝန်ဆောင်မှုပေးနေသော လုပ်ငန်းတစ်ခုချင်းအား အောက်ပါအချက် သုံးချက်ဖြင့် တိုင်းတာသည်-

(က) လုပ်ငန်းအဆင့် မည်မျှများသည်၊
(ခ) လုပ်ငန်းပြီးမြောက်ရန် အချိန်မည်မျှကြာသည်၊
(ဂ) လုပ်ငန်းအတွက် စရိတ်မည်မျှကုန်ကျသည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လွယ်ကူသည်ဟူသော အဓိပ္ပာယ်မှာ **လုပ်ငန်းတစ်ခုကို အဆင့်အနည်းဆုံး၊ အချိန်အမြန်ဆုံးနှင့် ကုန်ကျစရိတ်အနည်းဆုံးဖြင့် လုပ်ကိုင်နိုင်ခြင်း** ဟု သတ်မှတ်၍ ၁ မှ ၁၀၀ အထိအမှတ်ပေးကာ ရမှတ် အနည်း၊ အများအလိုက် နိုင်ငံ၏အဆင့်ကိုတန်းစီ၍ အညွှန်းကိန်းအဖြစ် တိုင်းတာခြင်းဖြစ်ပါသည်။ လုပ်ငန်း ၁၀ မျိုးကို တစ်ခုချင်း တိုင်းတာသတ်မှတ်၍ရရှိသော ပျမ်းမျှရမှတ်အရ နိုင်ငံတစ်နိုင်ငံချင်းအဆင့်ကို သတ်မှတ်သည်။ အမှတ်များများရခြင်းသည် လုပ်ငန်းလုပ်ဆောင်ရန် ပိုမိုကောင်းမွန်သည့် အဓိပ္ပာယ်ဆောင်သည်။ အမှတ်အများဆုံးရသည့်နိုင်ငံကို အဆင့် ၁ အဖြစ် အကောင်းဆုံးနိုင်ငံဟု သတ်မှတ်သည်။

မြန်မာနိုင်ငံစတင်ပါဝင်ခြင်း

မြန်မာနိုင်ငံသည် Doing Business တိုင်းတာသောအစီအစဉ်တွင် ၂၀၁၄ ခုနှစ်မှ စတင်ပါဝင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၆ ခုနှစ်မှစတင်၍ World Bank Group (IFC)၏ အကြံပြုချက်များ၊ အကူအညီများရရှိခဲ့သည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံခြားသား အကြံပေးပုဂ္ဂိုလ်တစ်ဦးကို ခန့်ပေးခဲ့သည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် နိုင်ငံသားအကြံပေးပုဂ္ဂိုလ်တစ်ဦး ထပ်မံခန့်အပ်ပေးခဲ့သည်။

၂၀၁၉ အစီရင်ခံစာနှင့် မြန်မာနိုင်ငံ

ကမ္ဘာ့ဘဏ်၏ ၂၀၁၉ ခုနှစ်အတွက် **စီးပွားရေးလုပ်ကိုင်နိုင်မှုအစီရင်ခံစာ** ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် တရားဝင်ထုတ်ပြန်လိုက်ပြီဖြစ်သည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် ၂၀၁၉ ခုနှစ်အတွက် Doing Business အစီရင်ခံစာထုတ်ပြန်ပေးခြင်းမှာ ၂၀၁၉ ခုနှစ်တွင် စီးပွားရေးလုပ်ကိုင်သူများ တွေ့ကြုံရင်ဆိုင်ရမည့် စီးပွားရေးပတ်ဝန်းကျင်အခြေအနေကို ကြိုတင်အစီရင်ခံလိုက်ခြင်းဖြစ်သည်။ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ ရမှတ်သည် ၄၄ ဒသမ ၇၂ ရရှိ၍ ၂၀၁၈ ခုနှစ်ထက် သုည ဒသမ ၅၁ အမှတ် တိုးတက်လာသည်။ နိုင်ငံပေါင်း ၁၉၀ ကို လေ့လာဆန်းစစ်ရာတွင် မြန်မာနိုင်ငံရရှိသည့်အဆင့်မှာ ၁၇၁ ဖြစ်၍ ၂၀၁၈ ခုနှစ်ကရရှိသည့်အဆင့်ပင် ဖြစ်သည်။

အညွှန်းကိန်း ၁၀ ခုရှိသည့်အနက် မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ်အတွက် အညွှန်းကိန်းတစ်ခုချင်းရရှိသည့်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းတွင် တိုးတက်မှုရှိခဲ့ပြီး ယခင်နှစ်အဆင့် ၁၅၅ မှ ယခုနှစ် ၁၅၂ သို့ တိုးတက်လာသည်။ ရမှတ်မှာ ယခင်နှစ် ၇၅ ဒသမ ၄၂ မှ ယခုနှစ် ၇၇ ဒသမ ၃၃ သို့ တိုးတက်ရရှိခဲ့သည်။
(ခ) လျှပ်စစ်ဓာတ်အားရရှိမှုတွင်လည်း တိုးတက်မှုရရှိခဲ့ပြီး ယခင်နှစ်အဆင့် ၁၅၁ မှ ယခုနှစ် ၁၄၄ သို့ တိုးတက်လာသည်။ ရမှတ်မှာ ယခင်နှစ် ၅၂ ဒသမ ၅၂ မှ ယခုနှစ် ၅၅ ဒသမ ၆၇ သို့ တိုးတက်ရရှိခဲ့သည်။
(ဂ) အဆောက်အအုံဆောက်လုပ်ခွင့်ရယူခြင်းတွင် ယခင်နှစ်အဆင့် ၇၃ မှ ယခုနှစ် ၈၁ သို့ လျော့ကျသွားပြီး ရမှတ်မှာ ယခင်နှစ် ၇၀ ဒသမ ၃၃ မှ ယခုနှစ် ၇၀ ဒသမ ၃၅ သို့ ရရှိခဲ့သည်။
(ဃ) ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းတွင် ယခင်နှစ်အဆင့် ၁၃၄ မှ ယခုနှစ် ၁၃၆၊ ရမှတ်မှာ ယခင်နှစ် ၅၂ ဒသမ ၃၀ မှ ယခုနှစ် ၅၂ ဒသမ ၃၀ အတူတူပင် ဖြစ်သည်။
(င) ချေးငွေရရှိနိုင်မှုတွင် ယခင်နှစ်အဆင့် ၁၇၇ မှ ယခုနှစ် ၁၇၈၊ ရမှတ်မှာ ယခင်နှစ် ၁၀ ဒသမ ၀၀ မှ ယခုနှစ် ၁၀ ဒသမ ၀၀ မပြောင်းလဲဘဲရှိသည်။
(စ) အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်းတွင် ယခင်နှစ်အဆင့် ၁၈၃ မှ ယခုနှစ် ၁၈၅၊ ရမှတ်မှာ ယခင်နှစ် ၂၅ ဒသမ ၀၀ မှ ယခုနှစ် ၂၅ ဒသမ ၀၀ တူညီနေသည်။
(ဆ) အခွန်ပေးဆောင်မှုတွင် ယခင်နှစ်အဆင့် ၁၂၅ မှ ယခုနှစ် ၁၂၆၊ ရမှတ်မှာ ယခင်နှစ် ၆၃ ဒသမ ၉၄ မှ ယခုနှစ် ၆၃ ဒသမ ၉၄ အတူတူပင်။
(ဇ) ပြည်ပကုန်သွယ်မှုတွင် ယခင်နှစ်အဆင့် ၁၆၃ မှ ယခုနှစ် ၁၆၈၊ ရမှတ်မှာ ယခင်နှစ် ၄၇ ဒသမ ၆၇ မှ ယခုနှစ် ၄၇ ဒသမ ၆၇ မပြောင်းလဲပါ။
(ဈ) ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်းတွင် ယခင်နှစ်အဆင့် ၁၈၈ မှ ယခုနှစ် ၁၈၈၊ ရမှတ်မှာ ယခင်နှစ် ၂၄ ဒသမ ၅၃ မှ ယခုနှစ် ၂၄ ဒသမ ၅၃ မပြောင်းပါ။
(ည) အကြွေးမဆပ်နိုင်မှုကို ဖြေရှင်းပေးနိုင်မှုတွင် ယခင်နှစ်အဆင့် ၁၆၄ မှ ယခုနှစ် ၁၆၄၊ ယခင်နှစ် ရမှတ်မှာ ၂၀ ဒသမ ၃၉ မှ ယခုနှစ် ၂၀ ဒသမ ၃၉ အတူတူပင် ရရှိခဲ့သည်။

နိုင်ငံပေါင်း ၁၉၀ ပါဝင်သည့်အနက် နယူးဇီလန်နိုင်ငံသည် အမြင့်ဆုံးရမှတ် ၈၆ ဒသမ ၅၉ မှတ်ဖြင့် အဆင့်(၁) ရရှိသည်။ အဆင့်(၂) စင်ကာပူ၊ အဆင့်(၃) ဒိန်းမတ်၊ အဆင့်(၄) ဟောင်ကောင်၊ အဆင့်(၅) ကိုရီးယား တို့ဖြစ်သည်။ မည်သည့်နိုင်ငံမျှ အမှတ် ၁၀၀ အပြည့်မရပါ။

မြန်မာနိုင်ငံရရှိခဲ့သော အဆင့်များ

၂၀၁၄ ခုနှစ် Doing Business အစီအစဉ်သို့ မြန်မာနိုင်ငံ စတင်ပါဝင်ဆောင်ရွက်စဉ်ကပါဝင်သည့် နိုင်ငံပေါင်း ၁၈၉ နိုင်ငံဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ပါဝင်သည့် နိုင်ငံပေါင်း ၁၉၀ ရှိသည်။ ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံရရှိခဲ့သည့် ရမှတ်များနှင့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

အမှတ်စဉ်	ခုနှစ်	ပါဝင်သည့်နိုင်ငံ	ရမှတ်	အဆင့်
၁	၂၀၁၄	၁၈၉	၄၂. ၃၈	၁၈၂
၂	၂၀၁၅	၁၈၉	၄၄. ၂၁	၁၇၇
၃	၂၀၁၆	၁၈၉	၄၅. ၂၇	၁၇၁
၄	၂၀၁၇	၁၉၀	၄၃. ၉၁	၁၇၀
၅	၂၀၁၈	၁၉၀	၄၄. ၂၁	၁၇၁
၆	၂၀၁၉	၁၉၀	၄၄. ၇၂	၁၇၁

အာဆီယံနိုင်ငံများ၏အခြေအနေ

၂၀၁၉ ခုနှစ်၊ Doing Business အစီရင်ခံစာအရ အာဆီယံ ၁၀ နိုင်ငံရရှိသည့် အဆင့်နှင့် ရမှတ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

စဉ်	နိုင်ငံအမည်	အဆင့်	ရမှတ်
၁	စင်ကာပူ	၂	၈၅. ၂၄
၂	မလေးရှား	၁၅	၈၀. ၆၀
၃	ထိုင်း	၂၇	၇၈. ၄၅
၄	ဘရူနိုင်း	၅၅	၇၂. ၀၃
၅	ဗီယက်နမ်	၆၉	၆၈. ၃၆
၆	အင်ဒိုနီးရှား	၇၃	၆၇. ၉၆
၇	ဖိလစ်ပိုင်	၁၂၄	၅၇. ၆၈
၈	ကမ္ဘောဒီးယား	၁၃၈	၅၄. ၈၀
၉	လာအို	၁၅၄	၅၁. ၂၆
၁၀	မြန်မာ	၁၇၁	၄၄. ၇၂

တိုင်းတာသည့်နည်းလမ်းများ

နိုင်ငံအလိုက် လုပ်ငန်းတစ်ခုချင်းအတွက် အမှတ်ပေးရာတွင် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်သူများက သတ်မှတ်ထားသောလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရဌာနများ၊ ဥပဒေအကြံပေးကုမ္ပဏီများသို့ မေးခွန်းလွှာများဖြန့်ဝေပေးပြီး လွတ်လပ်စွာ တိုက်ရိုက်ဆက်သွယ်မေးမြန်းကောက်ယူခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ဘဏ်၏ မေးခွန်းလွှာများ ဖြေကြားရာတွင် မှန်ကန်စွာဖြေကြားနိုင်ရေးသည်လည်း အဓိကကျသည်။ ဖြေကြားမှုလွဲမှားပါက အကဲဖြတ်ချက်များ လွဲမှားနိုင်သည်။

မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများ

Doing Business ရလဒ်များ တိုးတက်ကောင်းမွန်လာရေးသည် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး၊ နိုင်ငံ၏စီးပွားဖွံ့ဖြိုးရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရကလည်း အလေးထားလုပ်ဆောင်လျက်ရှိသည်။ ဒုတိယသမ္မတ(၁) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့တို့က Doing Business တိုးတက်ရေးကို အထူးပြုလမ်းညွှန်ကြီးကြပ်ပေးလျက်ရှိသည်။ လက်တွေ့အကောင်အထည်ဖော်မှုလုပ်ငန်းများ ပိုမိုထိရောက်စေရေး ကြီးကြပ်နိုင်ရန်အတွက် ၈-၁-၂၀၁၈ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ အညွှန်းကိန်း ၁၀ ခုနှင့်သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်သည့် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို ထပ်မံဖွဲ့စည်း၍ သက်ဆိုင်ရာအဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်မှ အကြံပေးများနှင့် နှစ်ပတ်တစ်ကြိမ်တွေ့ဆုံကာ Doing Business တိုးတက်ရေးလုပ်ငန်းများ၊ Doing Business Website ရေးဆွဲလွှင့်တင်ရေးအပါအဝင် ပြည်သူသို့ အသိပညာပေးရေးလုပ်ငန်းများ၊ အညွှန်းကိန်းတစ်ခုချင်းမှ တာဝန်ရှိသူများက ကျွမ်းကျင်သူများနှင့် ပူးပေါင်းလေ့လာပြုပြင်ရေးလုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိသည်။

သတိပြုစရာသင်ခန်းစာများ

မြန်မာနိုင်ငံကြိုးပမ်းသကဲ့သို့ပင် အခြားနိုင်ငံများကလည်း အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိရာ ၂၀၁၉ ခုနှစ် Doing Business Report တွင် မြန်မာနိုင်ငံ၏ ရမှတ်အနည်းငယ် တိုးတက်ခဲ့သော်လည်း အဆင့်သည် တည်ငြိမ်လျက်ရှိသည်။ ကမ္ဘာ့ဘဏ်၏ နိုင်ငံအလိုက် စီးပွားရေးလုပ်ကိုင်နိုင်မှုအစီရင်ခံစာများကို လေ့လာကြည့်လျှင် နိုင်ငံအများသည် မိမိနိုင်ငံ၏စီးပွားရေးတိုးတက်ရေးအတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အားသွန်ကြိုးပမ်းလျက်ရှိကြကြောင်း ထင်ရှားစွာ တွေ့ရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းအတွင်း ပူးပေါင်းပါဝင်ရန် စီးပွားရေးတံခါးဖွင့်ကာ ကမ္ဘာ့ဘဏ်၏ စမ်းသပ်စစ်ဆေးမှုကို ရဲရဲခံယူကြိုးပမ်းလျက်ရှိသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံနှင့် အရှိန်အဟုန်နည်းပါးသေးခြင်းကြောင့် တိုးတက်မှုလျင်မြန်ခြင်း မရှိသေးသော်လည်း နောက်ပြန်လျှောကျခြင်းမရှိဘဲ လမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းလျက်ရှိပေသည်။ သို့ရာတွင် အာဆီယံနိုင်ငံများအတွင်း နောက်ဆုံး ရောက်နေခြင်းကို သတိပြုရမည်။ သယံဇာတပေါများကြွယ်ဝခြင်း၊ ပထဝီအနေအထားအချက်အချာကျခြင်း စသဖြင့် အားသာချက်များ ပိုင်ဆိုင်ထားစေကာမူ တိုင်းသူပြည်သားများ၏ ညီညွတ်စွာ စနစ်တကျ ပူးပေါင်းကြိုးစားအားထုတ်မှု မပါဘဲ အောင်မြင်သောစီးပွားရေးကို မတည်ဆောက်နိုင်သည်မှာ ထင်ရှားသည်။ ရေတိုလုပ်ငန်းမဟုတ်၊ ဇွဲရှိရှိဖြင့် ရေရှည်ထာဝရလျှောက်လှမ်းရမည့် ပန်းတိုင်ဖြစ်ပြီး အရှိန်လျှော့လိုက်သည်နှင့် နောက်ပြန်လျှောကျနိုင်သည်။

၂၀၁၉ ခုနှစ် အစီရင်ခံစာအရ ပါဝင်ယှဉ်ပြိုင်ကြသည့် နိုင်ငံပေါင်း ၁၉၀ တွင် နိုင်ငံမျိုးစုံပါဝင်ရာ Doing Business ၌ အတိုးတက်ဆုံး ၁၀ နိုင်ငံမှာ **အာဖဂန်နစ္စတန်**၊ တရုတ်၊ အိန္ဒိယ၊ တိုဂို၊ ကင်ညာ၊ တာကီ၊ ရဝမ်ဒါ၊ ဂျီဘူတီ၊ အဇာဘိုင်ဂျန်၊ အိုင်ဗရီကို့စ် တို့ဖြစ်သည်။ ထို့ကြောင့် တိုးတက်မှုသည် နိုင်ငံကြီးခြင်း၊ သေးခြင်း၊ နိုင်ငံရေးစနစ်၊ စီးပွားရေးပုံစံများထက် စီးပွားရေးကို စီမံခန့်ခွဲသည့်စနစ်က ပို၍အဓိကကျမည်ဟု ယူဆရသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့်တစ်ချက်မှာ အတိုးတက်ဆုံး ၁၀ နိုင်ငံစာရင်းတွင် အာဖဂန်**နစ္စတန်**နိုင်ငံသည် အဆင့် ၁၆၇ ရမှတ် ၄၇ ဒသမ ၇၇ ဖြင့် ထိပ်ဆုံးကပါနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံထက် ရမှတ်ရော အဆင့်ပါ သာလျက်ရှိသည်။ စီးပွားရေးပတ်ဝန်းကျင်သည် စိန်ခေါ်မှုများရှိနေသည်မှာ မှန်သော်လည်း ရှိသည့်အခြေအနေတွင် တိုးတက်အောင် လုပ်နိုင်သည့်နည်းလမ်းများဖြင့် ကြိုးစားသင့်ကြောင်း၊ ကြိုးစားနိုင်ကြောင်း နမူနာကောင်း ဖြစ်သည်။

ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်သူများ၏အကြံပြုမှုအရ Doing Business တိုးတက်မှုသည် အစိုးရဌာနများ၏ လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူလျင်မြန်အောင် ပြုပြင်ပြောင်းလဲနိုင်မှု (Reform making it easier to do business) အပေါ်မူတည်ကြောင်း သိရသည်။ သတိပြုရမည်မှာ ပြောင်းလဲမှုတိုင်းသည် တိုးတက်မှုဖြစ်စေသည်မဟုတ်ဘဲ ပိုဆိုးသွားသည်များလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် မိမိဌာန၏ ပြုပြင်ပြောင်းလဲမှုသည် အမှန်လိုအပ်သောလုပ်ငန်းစဉ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်စေဖို့၊ မလိုတာတွေ အပိုချဲ့မလုပ်မိဖို့လည်း အထူးသတိပြုသင့်သည်။

၂၀၂၀ သို့

ဈေးကွက်စီးပွားရေးစနစ်၌ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍက အဓိကကြိုးပမ်းလုပ်ကိုင်ရမည်ဖြစ်ပြီး လုပ်သာကိုင်သာအောင် အစိုးရဌာနများက မိမိတို့တာဝန်ယူထားသည့် ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ရေး၊ ကုန်ကျစရိတ်သက်သာရေးကို တာဝန်ခံရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများ ထိရောက်မှုရှိ၊ မရှိကို လုပ်ငန်းရှင်များက ပြန်လည်အကြံပြုခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့ဌာန၏ လက်ရှိလုပ်ငန်းစဉ်များ ပိုမိုတိုးတက်အောင် ပြုပြင်ပြောင်းလဲနိုင်ရေးသည် စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူရေးကို အထောက်အကူပြုမည်ဖြစ်ပြီး နိုင်ငံ့စီးပွားကို တိုးတက်စေမည်ဖြစ်သည်။ တိုးတက်ပြောင်းလဲမှုနည်းပါးသေးသော အညွှန်းကိန်းများနှင့်သက်ဆိုင်သည့် တာဝန်ရှိဌာနများအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် သိသာသောတိုးတက်မှုများ ဖော်ဆောင်နိုင်ရေး ယခုကပင်စလို့ အစီအမံကောင်းများ ရေးဆွဲချမှတ်၍ တက်ညီလက်ညီ ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းတင်ပြအပ်ပါသည်။ ॥

သာမညဖလဒေသနာ

အရှင်အာဒိစ္စဝံသ(သာသနာ့တက္ကသိုလ်)

မြန်မာ့ရိုးရာ ၁၂ လရာသီ ပွဲတော်များအနက် တန်ဆောင်မုန်းလတွင် ပြုလုပ်လေ့ရှိသော ပွဲတော်များမှာ တန်ဆောင်တိုင်ပွဲတော်၊ ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်၊ မဲဇလီဖူးသုပ်ဝေငှပွဲတော်၊ ကျီးမန်းပွဲတော်နှင့် သာမညဖလအခါတော်နေ့ပွဲတော်တို့ ဖြစ်ကြသည်။ ထိုတွင် တန်ဆောင်တိုင်ပွဲတော်နှင့် သာမညဖလအခါတော်နေ့ပွဲတော်တို့သည် သာမညဖလဒေသနာကို အကြောင်းပြု၍ ဆင်နွှဲကျင်းပကြသော ပွဲတော်များ ဖြစ်ကြသည်။

သာမညဖလဒေသနာတော်သည် သုတ္တန္တပိဋက၊ ဒီဃနိကာယ်မှ ဒုတိယမြောက်သုတ်ဒေသနာတော်ဖြစ်သည်။ ထိုသာမညဖလဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် အဇာတသတ်မင်းကို အကြောင်းပြု၍ ရာဇဂြိုဟ်ပြည် ဇီဝကသရက်ဥယျာဉ်အတွင်း၌ တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့တွင် ဟောကြားတော်မူခဲ့သည်။ အဇာတသတ်မင်းငယ်စဉ်က ဒေဝဒတ်ကို ဆရာတင်မှားခဲ့သဖြင့် ဖခင်ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးကို သတ်ဖြတ်ခြင်း ပဉ္စာနန္တရိယကံကြီးကို ကျူးလွန်မိခဲ့သည်။ ထို့ကြောင့် ညဘက်ရောက်သည့်အခါတိုင်း လုံ့အစင်းပေါင်း အရာအထောင်တို့က မျက်လုံးကို ထိုးစွသကဲ့သို့ဖြစ်၍ အိပ်မပျော်နိုင်သောဝေဒနာ စွဲကပ်နေသဖြင့် ညီလာခံသဘင်ကို ညဉ့်နက်သည့်တိုင်အောင် ကျင်းပလေ့ရှိသည်။ ညဘက်အိပ်မပျော်သည့်ဝေဒနာ သက်သာပျောက်ကင်းစေရန် ပုရာဏကဿပစသော တိတ္ထိဆရာကြီးခြောက်ဦးတို့ထံ ယခင်က သွားရောက်ဆည်းကပ်ခဲ့ဖူးသည်။ ပြဿနာများလည်း မေးမြန်းခဲ့ဖူးသည်။ သို့သော် မေးမြန်းသည့်ပြဿနာကို မဖြေကြားဘဲ မိမိတို့ လက်ခံကျင့်သုံးသည့် အယူဝါဒများကိုသာ တင်ပြပြောဆိုသဖြင့် အဇာတသတ်မင်းမှာ စိတ်ကျေနပ်မှုလည်း မရခဲ့ပေ။ အိပ်မပျော်သော ဝေဒနာမှာလည်း သက်သာပျောက်ကင်းခြင်း မရှိခဲ့ပေ။

တန်ဆောင်မုန်းလပြည့်

ထို့ကြောင့် တစ်ခုသော တန်ဆောင်မုန်းလပြည့်ည ညီလာခံသဘင်တွင် သမဏဗြာဟ္မဏတစ်ဦးဦးထံ ဆည်းကပ်လိုကြောင်း အဇာတသတ်မင်းက မိန့်ကြားရာ ဆရာဇီဝကက မြတ်စွာဘုရားရှင်ထံ ဆည်းကပ်သင့်ကြောင်း လျှောက်ထားလေသည်။ သို့ဖြင့် အဇာတသတ်မင်းသည် ဆရာဇီဝက၏ လုံခြုံရေးအစီအမံဖြင့် မြတ်စွာဘုရားရှိရာ ဇီဝကသရက်ဥယျာဉ်သို့ ထွက်ခွာခဲ့လေသည်။ ဆရာဇီဝကသည် အဇာတသတ်မင်း၏အပါးတွင် အမျိုးသားကိုယ်ရံတော်တစ်ဦးမျှမထားဘဲ အမျိုးသမီးကိုယ်ရံတော် ငါးရာကိုသာ ဆင်မယဉ်သာ ငါးရာထက်၌ ယောကျ်ားအသွင်ဖြင့် လိုက်ပါစေခဲ့သည်။မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သရက်ဥယျာဉ်တော်သည် နန်းတော်အရှေ့ဘက်တွင် တည်ရှိပြီး သွားရာလမ်းတစ်လျှောက် တောရိပ် တောင်ရိပ်များ လွှမ်းမိုးနေသဖြင့် လပြည့်ညဖြစ်သော်လည်း အမှောင်ထုကျရောက်နေသည်။ သို့ဖြစ်၍ လိုက်ပါသူအားလုံးမှာ မီးရှူးတိုင်ကိုယ်စီထွန်းညှိကိုင်ဆောင်ကာ လိုက်ပါကြရသည်။ မီးရှူးတိုင်ကို ပေါရာဏအခေါ်အားဖြင့် တန်ဆောင်တိုင်ဟု ခေါ်သည်။ ယင်းကို အစွဲပြု၍ ဗုဒ္ဓဘာသာဝင်မြန်မာတို့က 'တန်ဆောင်တိုင်မီးထွန်းပွဲတော်' ကို ဆင်နွှဲကျင်းပကြခြင်း ဖြစ်သည်။

အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ဖူးတွေ့ရသောအခါ သာမညဖလ (ရဟန်းပြုရခြင်းအကျိုး) များကို မေးလျှောက်ခဲ့သည်။ မြတ်စွာဘုရားရှင်က အောက်ပါ သာမညဖလ (ရဟန်းပြုရခြင်းအကျိုး)များကို ဖြေကြားတော်မူခဲ့လေသည်။

၁။ မင်းခစားဘဝနှင့် မင်းပြစ်မင်းဒဏ်မှ လွတ်ကင်းရခြင်း၊

၂။ အခွန်ထမ်းဆောင်မှု ကင်းလွတ်ခြင်း၊ (ဤအကျိုးတရားနှစ်ပါးမှာ ချက်ချင်းလက်ငင်း ရရှိသော အကျိုးတရားများဖြစ်သည်။)

၃။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသဖြင့် အပါယ်ဘေးမှ ကင်းလွတ်ခြင်း၊

၄။ ဒုစရိုက်ကို ရှောင်ကြဉ်သဖြင့် ဒုစရိုက်ဒုက္ခမှ ကင်းလွတ်၍ စူဠသီလနှင့် ပြည့်စုံခြင်း၊

၅။ ပွဲသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသောစကားအမျိုးမျိုးတို့မှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်၍ မဇ္ဈိမသီလနှင့် ပြည့်စုံခြင်း၊

၆။ နက္ခတ်၊ ဗေဒင်၊ ယတြာ၊ လက္ခဏာ၊ ဆေးကုခြင်း စသည်တို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိသုဒ္ဓိသီလနှင့် ညီညွတ်၍ မဟာသီလနှင့် ပြည့်စုံခြင်း၊

၇။ ဣန္ဒြေခြောက်ပါး၌ အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း၊

(ဤအကျိုးများသည် အခြေခံသီလများ ဖြစ်ကြသည်။)

၈။ သတိနှင့်ပြည့်စုံခြင်း၊

၉။ သမ္ပဇဉ် (ဆင်ခြင်တုံတရား)နှင့် ပြည့်စုံခြင်း၊

၁၀။ သန္တောသ(ရောင့်ရဲခြင်း)နှင့် ပြည့်စုံခြင်း (အခြေခံ သီလ၊ သတိ၊ သမ္ပဇဉ်၊ သန္တုဋ္ဌိတရားများနှင့် ပြည့်စုံသော ရဟန်းသည် သမထ၊ ဝိပဿနာ တရားကို ဆက်လက်ပွားများအားထုတ်ပါက အောက်ပါအကျိုးများကို လက်တွေ့ခံစား ရရှိနိုင်သည်။)

၁၁။ နီဝရဏငါးပါးမှ ကင်းလွတ်ခြင်း၊

၁၂။ ဈာန်တရား ရရှိနိုင်ခြင်း၊

၁၃။ ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံ၍ မဂ်ဖိုလ်ရနိုင်ခြင်း။

> ❝ သာမညဖလဒေသနာတော်သည် သုတ္တန္တပိဋက၊ ဒီဃနိကာယ်မှ ဒုတိယမြောက်သုတ်ဒေသနာတော်ဖြစ်သည်။ ထိုသာမညဖလဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် အဇာတသတ်မင်းကို အကြောင်းပြု၍ ရာဇဂြိုဟ်ပြည် ဇီဝကသရက်ဥယျာဉ် အတွင်း၌ တစ်ခုသော တန်ဆောင်မုန်းလပြည့်တွင် ဟောကြားတော်မူခဲ့... ❞

သာမညဖလဒေသနာ ကြားနာရခြင်းအကျိုး

ဤသာမညဖလ (ရဟန်းပြုရခြင်းအကျိုး) များကို ဘုရားရှင်ထံမှ ကြားနာရသောအခါ အဇာတသတ်မင်းသည် အလွန်အားရကျေနပ်နှစ်သက်သွားသည်။ အိပ်မပျော်သော ဝေဒနာမှာလည်း သက်သာပျောက်ကင်း၍ နှစ်ခြိုက်စွာ အိပ်ပျော်လာသည်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အသက်ပေး၍ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သူလည်း ဖြစ်လာသည်။ အကယ်၍ အဇာတသတ်မင်းသည် 'အဖသတ်သည့်ကံ' မကျူးလွန်ခဲ့လျှင် သာမညဖလဒေသနာကို နာယူပြီးသည်၏အဆုံး၌ သောတာပန်အရိယာ ဖြစ်နိုင်ပေသည်။ ဒေဝဒတ်တည်းဟူသော ပါပမိတ္တ (မိတ်ဆွေယုတ်) ကို ပေါင်းဖော်မိကာ 'အဖသတ်သည့်ကံ' ကို ကျူးလွန်ခဲ့မိသဖြင့် သောတာပန်အရိယာဖြစ်ခွင့် ဆုံးရှုံးခဲ့ရလေသည်။ 'အဖသတ်သည့်ကံ' သည် ကြီးလေးသော ကံဖြစ်လေရာ အဇာတသတ်သည် မဟာအဝီစိငရဲသို့ ကျရောက်ရမည်ဖြစ်သော်လည်း သာမညဖလဒေသနာကို နာကြားလိုက်ရသည့်အတွက် မဟာအဝီစိငရဲကြီး၏ အခြံအရံငရဲဖြစ်သော လောဟကုမ္ဘီငရဲ၌သာ ကျရောက်ရတော့မည် ဖြစ်သည်။

အဇာတသတ်ကိုအကြောင်းပြု

စင်စစ် အဇာတသတ်သည် နောင်အခါ၌ 'ဝိဇိတာဝီ' အမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်မည့်သူ ဖြစ်ပါလျက် ဘဝ၏ အစောပိုင်းအချိန်တွင် ဒေဝဒတ်ကို ဆရာတင်မှားမိသဖြင့် 'အဖသတ်သည့် ကြီးလေးသောကံကြီး' ကို ကျူးလွန်ခဲ့မိသည်။ သို့သော် မြတ်စွာဘုရားရှင်နှင့် တွေ့ဆုံကာ သာမညဖလဒေသနာကို နာကြားရသဖြင့် ဘဝနှောင်းပိုင်းအချိန်ကို ကောင်းမွန်စွာ ဖြတ်သန်းနိုင်ခဲ့သည်။ သာသနာတော်ကိုလည်း များစွာ ကျေးဇူးပြုနိုင်ခဲ့သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ မြတ်စွာဘုရား၏ ဓာတ်တော်များကို စုဆောင်းသိမ်းဆည်း၍ ဓာတ်တော်တိုက်ကြီး တည်ဆောက်နိုင်ခဲ့သည်။ ပဌမသင်္ဂါယနာတင် သာသနာ့ဒါယကာအဖြစ် ခံယူနိုင်ခဲ့သည့် သာသနာပြုမင်းကောင်းမင်းမြတ်တစ်ဦးလည်း ဖြစ်လာသည်။ ပဌမသင်္ဂါယနာပြီးဆုံးသောအခါ သာသနာတော်နှစ်ကိုလည်း အတိအကျ သတ်မှတ်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ပိဋကတ်တော်များကို မပျက်စီးရအောင် သင်္ဂါယနာတင်ကာ အစဉ်အဆက် ယနေ့တိုင်အောင် ထိန်းသိမ်းထားနိုင်ခြင်း၊ ယနေ့သာသနာတော်ကြီးနှင့် မိမိတို့ ကြုံတွေ့နေရခြင်းတို့သည် အဇာတသတ်မင်း သာမညဖလဒေသနာကို နာကြားရခြင်း၏ အကျိုးကျေးဇူးဟု ဆိုထိုက်ပါပေ၏။ အဇာတသတ်မင်း စုဆောင်းသိမ်းဆည်းထားရှိသော ဓာတ်တော်တို့ဖြင့် အသောကမင်းကြီးက စေတီပေါင်းရှစ်သောင်းလေးထောင် တည်နိုင်ခဲ့ပြီး နှောင်းခေတ်လူတို့ ဖူးမြင်ရခြင်းသည် အဇာတသတ်မင်း သာမညဖလဒေသနာကို နာကြားရခြင်း၏ အကျိုးကျေးဇူးဟု ဆိုထိုက်ပါပေ၏။ ဗုဒ္ဓဘာသာဝင်တို့ သာသနာနှစ်ကို အတိအကျ သုံးစွဲခွင့်ရနေခြင်းသည်လည်း အဇာတသတ်မင်း သာမညဖလဒေသနာကို နာကြားရခြင်း၏ အကျိုးကျေးဇူးဟု ဆိုထိုက်ပါပေ၏။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက္ကသိုလ်လက်ရွေးစင်အားကစားသမားများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် တက္ကသိုလ်လက်ရွေးစင်အားကစားသမားများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးရှိသော ဘွဲ့ရလူငယ်မောင်မယ်များကို တက္ကသိုလ်များမှ မွေးထုတ်ပေးနိုင်ရန်နှင့် တည်ငြိမ်ရင့်ကျက်စွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် နိုင်ငံ့ကိုယ်စားပြုထူးချွန်အားကစားသမားများ ပေါ်ထွန်းလာစေရန်အတွက် အားကစားနှင့်ပညာရေး ပေါင်းစပ်၍ အဆင့်မြင့်ပညာကဏ္ဍသာမက အခြေခံပညာကဏ္ဍတွင်လည်း အားပေးဆောင်ရွက်နေပါကြောင်း၊ အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games-AUG) ကို ၁၉၈၁ ခုနှစ်မှစတင်၍ နှစ်နှစ်တစ်ကြိမ် ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၉) ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း။

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အားကစားအမျိုးအစား ၁၇ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အားကစားအမျိုးအစား အားလုံးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်မှုများရရှိရေးအတွက် အားကစားမောင်မယ်များတွင် အခွင့်အလမ်းများ ရှိနေပါကြောင်း၊ အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အာဆီယံ တက္ကသိုလ်များမှ အားကစားသမားများ ၂၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် အာဆီယံနိုင်ငံအချင်းချင်း အားကစားမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အချင်းချင်း ပညာရပ်အတွေ့အကြုံများနှင့် ယဉ်ကျေးမှုများကို ဖလှယ်ခွင့်ရရှိစေရေးဆိုသည့် အချက်ကိုလည်း သတိထားယှဉ်ပြိုင်ကြရန် လိုအပ်ပါကြောင်း၊ အားကစားပြိုင်ပွဲများကိုကြည့်၍ နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်ကို ခန့်မှန်းကြသည်ဖြစ်ရာ အောင်နိုင်ရေး တစ်ခုတည်းကိုသာ အဓိကမထားဘဲ အားကစားစိတ်ဓာတ်အပြည့်ဖြင့် သန့်သန့်ရှင်းရှင်း မှန်မှန်ကန်ကန် ပါဝင်ယှဉ်ပြိုင်ကြရန် လိုအပ်ပါကြောင်း၊ (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအသင်း အောင်နိုင်မှုရရှိရေးအတွက် မောင်တို့မယ်တို့အနေဖြင့် အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက အားပေးစကားပြောကြားကြသည်။

သတင်းစဉ်

ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်နှင့် ကုန်သွယ်မှုတိုးတက်စေရန် ရည်ရွယ်ပြီး ကုန်စည်ပြပွဲ ရန်ကုန်တွင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ရည်ရွယ်ပြီး 2018 ZHEJIANG EXPORT FAIR (MYANMAR) ကုန်စည်ပြပွဲကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၁ ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ပြပွဲကျင်းပရေးအတွက်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး Creation Strength Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစိုးလှိုင်က "ကုန်စည်ပြပွဲတွေ ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံကုန်သွယ်မှုတွေ တိုးတက်လာမယ်။ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေကိုလည်း ဖိတ်ခေါ်ပြီးသားဖြစ်သွားမယ်။ ဒီအချက်တွေနဲ့ ကုန်စည်ပြပွဲတွေ ပြုလုပ်ကျင်းပရတာ ဖြစ်ပါတယ်"ဟု ပြောသည်။

ထပ်မံ၍ ၎င်းက "တရုတ်နိုင်ငံကို ပစ္စည်းတွေသွားဝယ်မယ်ဆိုရင် အချိန်လည်းကုန်မယ်၊ ငွေလည်းကုန်မယ်။ အခုလို တစုတဝေးထဲလာပြတော့ ဝယ်မယ့်သူတွေအတွက် တစ်နေရာတည်းမှာ ဝယ်လို့ရမယ်၊ လေ့လာလို့ရမယ်။ တစ်ဆင့်ပြန်ရောင်းမယ့်သူတွေ အတွက်လည်း ကိုယ်စားလှယ်တွေရသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်ပေါင်း ၁၅၀ ကျော်က တရုတ်နိုင်ငံတွင် ထုတ်လုပ်သည့် အဆင့်မြင့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်နှင့် အိမ်တွင်းအသုံးအဆောင်ပစ္စည်းများနှင့် နေ့စဉ်အသုံးအဆောင်ပစ္စည်း အမျိုးပေါင်း ရှစ်သောင်းကျော် ပြသသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ၅၀ ကျော်ကလည်း အဆိုပါပြပွဲတွင် ဝင်ရောက်ပြသသွားမည်ဖြစ်သည်။

အဆိုပါပြပွဲသည် မြန်မာနိုင်ငံတွင် ပထမဆုံးပြသသည့် ပြပွဲဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ သုံးရက်တိုင် ရန်ကုန်မြို့ Myanmar Event Park တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းသစ်(MNA)

○ ရန်ကုန်နှင့်ရှမ်းယူနိုက်တက်မှ

အရှေ့အာရှဇုန်၊ တောင်အာရှဇုန်၊ အလယ်ပိုင်းဇုန်နှင့် အနောက်အာရှဇုန်ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ကာ အောင်မြင်မှုများစွာရထားသည့် အနောက်အာရှဇုန်မှာမူ အခွင့်အရေးပိုရထားပြီး ဇုန်ချန်ပီယံအသင်းမှာ နောက်ဆုံးအဆင့်ဗိုလ်လုပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ကျန်ဇုန်များတွင် ဗိုလ်စွဲသည့်အသင်းများမှာ ဆီမီးဖိုင်နယ် ပြန်လည်ကစားရမည်ဖြစ်ပြီး အနိုင်ရဗိုလ်စွဲသည့်အသင်းမှာ အနောက်အာရှဇုန်ချန်ပီယံအသင်းနှင့် နောက်ဆုံးအဆင့်ဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲပထမအဆင့်တွင် ကစားခွင့်ရထားပြီး နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရပါက AFC Cup ပြိုင်ပွဲတွင် ဖွဲ့ကပင်အသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ၂၀၁၈ ဘောလုံးရာသီ ပြည်တွင်းလိဂ်ဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သောကြောင့် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ရန်ကုန်အသင်း ပြိုင်ပွဲနှစ်ခုစလုံး၌ ဗိုလ်စွဲပြီး အမှတ်ပေးပြိုင်ပွဲ၌ ဒုတိယရသောကြောင့် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၃၇) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် ညနေ ၅ နာရီတွင် စေတီတော်ရင်ပြင် ရှုခင်းသာတန်ဆောင်း၌ ကျင်းပစဉ်။

သက်ခိုင်(သန်လျင်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (PSC) ချုပ်ဆို၍ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းကို Posco Daewoo Corp (Myanmar E & P) မှ ဆောင်ရွက်လျက်ရှိရာ ရွှေစီမံကိန်း၏ မြမြောက် (Subsea) နှင့် ရွှေပလက်ဖောင်း (SHP) များမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို ၃၂ လက်မ ပိုက်လိုင်းဖြင့် ဆက်သွယ်၍ တင်ပို့ရောင်းချလျက်ရှိပြီး ရွှေပလက်ဖောင်း (SHP) နှင့် မြမြောက် (MNM) Subsea Facilities နှင့် Pipeline Inspection လုပ်ငန်းများကို Supporting Vessel "MV PACIFIC RAPIER" ဖြင့် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Shwe Platform (SHP) Subsea Facilities ၏ တည်နေရာမှာ မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၂၆. ၀၆၃ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၂ မိနစ် ၃၅. ၄၀၄ စက္ကန့်နှင့် Mya (MNM) Subsea Facilities တည်နေရာမှာ မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၄ မိနစ် ၄၇. ၂၄၇ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၅ မိနစ် ၄. ၅၀၇ စက္ကန့်ဖြစ်ပြီး မြမြောက် (MNM) မှ ရွှေပလက်ဖောင်း (SHP) ထိ Subsea Pipeline Inspection ဆောင်ရွက်မည့် တည်နေရာမှာ Point MNM မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၄ မိနစ် ၄၇. ၂၄၇ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၅ မိနစ် ၄. ၅၀၇ စက္ကန့်၊ Point SP မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၄ မိနစ် ၄၈. ၉၅ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၅ မိနစ် ၄. ၂၃၀ စက္ကန့်၊ Point CP1 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၅ မိနစ် ၇. ၉ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၅ မိနစ် ၁၈. ၄၈၄ စက္ကန့်၊ Point IP1 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၆ မိနစ် ၃၄. ၀၁၆ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၅ မိနစ် ၃၈. ၁၃၁ စက္ကန့်၊ Point TP1 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၉ မိနစ် ၄. ၆၉ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၄ မိနစ် ၂၈. ၂၃၉ စက္ကန့်၊ Point CP2 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၉ မိနစ် ၈. ၅၄၆ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၄ မိနစ် ၂၈. ၉၂၇ စက္ကန့်၊ Point IP2 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၃၉ မိနစ် ၄၅. ၃၄၇ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၃ မိနစ် ၁၇. ၀၅ စက္ကန့်၊ Point TP2 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၅၉. ၉၈၃ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၂ မိနစ် ၃၉. ၄၈ စက္ကန့်၊ Point EP မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄. ၆၅၂ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၂ မိနစ် ၃၆. ၁၃၈ စက္ကန့်နှင့် Point SHP မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၂၆. ၀၆၃ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၂ မိနစ် ၃၅. ၄၀၄ စက္ကန့်ထိလည်းကောင်း၊ ရွှေပလက်ဖောင်း (SHP) မှ Land Fall ထိ Subsea Facilities and Pipeline Inspection ဆောင်ရွက်မည့် တည်နေရာမှာ Point SHP မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၂၆. ၀၆၃ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၂ မိနစ် ၃၅. ၄၀၄ စက္ကန့်၊ Point SP မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၅၀. ၄၇၄ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၄ မိနစ် ၃. ၃၃၇ စက္ကန့်၊ Point CP1 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၅၀. ၄၇၄ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၄ မိနစ် ၃. ၃၃၇ စက္ကန့်နှင့် Point IP1 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၅၈. ၁၂၁ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၄ မိနစ် ၃၀. ၈၃၃ စက္ကန့်၊ Point TP1 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၀ မိနစ် ၅၁. ၂၂၁ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၂ ဒီဂရီ ၃၄ မိနစ် ၅၈. ၅၄၈ စက္ကန့်၊ Point CP2 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၂၇ မိနစ် ၂၈. ၃၆၉ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၂၈ မိနစ် ၇. ၄၉၉ စက္ကန့်၊ Point IP2 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၂၇ မိနစ် ၂၁. ၈ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၂၈ မိနစ် ၃၃. ၃ စက္ကန့်၊ Point TP2 မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၂၇ မိနစ် ၄. ၁၅၅ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၂၈ မိနစ် ၅၂. ၄၇၃ စက္ကန့်နှင့် Point LFP မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၂၅ မိနစ် ၃၅. ၁၃၁ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၃၀ မိနစ် ၂၉. ၁၇၇ စက္ကန့်ထိ ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာများဖြစ်သော ရွှေပလက်ဖောင်း (SHP) Subsea Facilities မှ 5 nautical miles အဝန်းအဝိုင်းအတွင်း၊ မြမြောက် (MNM) Subsea Facilities မှ 5 nautical miles အဝန်းအဝိုင်းအတွင်း၊ မြမြောက် (MNM) မှ ရွှေပလက်ဖောင်း (SHP) အထိ ပိုက်လိုင်းတစ်လျှောက်နှင့် ရွှေပလက်ဖောင်း (SHP) မှ Land Fall အထိ ပိုက်လိုင်းတစ်လျှောက် ဘေးဘယ်/ညာ (၅၀၀)မီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

ကြေးမုံ

မသိုးသက်န်းရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် တန်ဆောင်တိုင်ကာတွန်းမီးပုံးပွဲတော် ဖွင့်ပွဲကျင်းပ

ပုသိမ် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မသိုးသက်န်း ရက်လုပ်ကပ်လှူပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲက အဆိုပါစေတီတော်မြတ်ကြီးရင်ပြင်တော် ရာဟုထောင့်၌ ကျင်းပရာ (၃၁)ကြိမ်မြောက် မသိုးသက်န်းကပ်လှူပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာ သြဘာစာတမ်းလွှာကို ဘိသေကပညာရှင် ဦးဇေယျာထွန်းက ဖတ်ကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်နှင့် ဂေါပကအဖွဲ့အလှည့်ကျသဘာပတိ ဦးဝေလင်းတို့က မသိုးသက်န်းရက်လုပ် ယှဉ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရက်ကန်းစင်တော်များမှ ယှဉ်ပြိုင်ရက်လုပ်မှုများကို ကြည့်ရှုအားပေးကြသည်။

ဧရာဝတီတိုင်းသား ကာတွန်းဆရာကြီးများအား ဂုဏ်ပြုခြင်းအထိမ်းအမှတ် တန်ဆောင်တိုင်ကာတွန်းမီးပုံးပွဲတော်ဖွင့်ပွဲကို ယင်းနေ့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် ခနိတန်းလမ်းထိပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဧရာဝတီတိုင်းသား နိုင်ငံကျော်ကာတွန်းဆရာကြီးများကိုယ်စား ကာတွန်းမောင်မောင်က ဂုဏ်ပြုစကားပြောကြားကာ ပွဲတော်ဖြစ်မြောက်ရေးအတွင်းရေးမှူး ဦးဇော်မင်းထွဋ်က ပွဲတော်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ကာတွန်းတင်အောင်နီတို့က ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများက ပွဲတော်တွင် လှည့်လည်ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲတော်ကို ဒုတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ပွဲတော်တွင် ကာတွန်းပြကွက်ပေါင်း ၁၀၀ ကို ပြသထားကာ သီဆိုဖျော်ဖြေမှုများ၊ စာအုပ်ဈေးရောင်းပွဲတော်များလည်းပါဝင်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မုံရွာမြို့ ရွှေစည်းခုံဘုရားကြီး၏ (၁၉)ကြိမ်မြောက် မသိုးသက်န်းရက်ပြိုင်ပွဲ ကျင်းပ

မုံရွာ နိုဝင်ဘာ ၂၁

တန်ဆောင်တိုင်မီးထွန်းပွဲ "မြင်းမိုရ်ပွဲ"၊ ကထိန်သက်န်းကပ်လှူပွဲ "ကြာသက်န်းကပ်လှူပူဇော်ပွဲ"၊ ပုံသကူကျီးမနိုးပွဲ၊ ရှင်မာလဲပွဲများနှင့်အတူ မသိုးသက်န်းရက်လုပ်ကပ်လှူပူဇော်ပွဲကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိရာ မုံရွာမြို့ ရွှေစည်းခုံဘုရားကြီး၏ (၁၉)ကြိမ်မြောက် မသိုးသက်န်းရက်လုပ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက် ညနေ ၆ နာရီက ဘုရားရင်ပြင်တော်တွင်ကျင်းပရာ ပွဲတော်လာများဖြင့် အထူးစည်ကားခဲ့သည်။

"ထေရဝါဒဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအနေနဲ့ ဘာသာသာသနာနဲ့ ဆက်နွယ်တဲ့ ရိုးရာဓလေ့ယဉ်ကျေးမှု အစဉ်အလာတွေကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်နေကြတာဖြစ်ပါတယ်။ ဆယ့်နှစ်လရာသီကျင်းပတဲ့ ဘာသာရေးပွဲတော်တွေထဲက မသိုးသက်န်းရက်လုပ် ကပ်လှူပူဇော်ပွဲဟာ အနှစ်သာရထူးကဲမွန်မြတ်လှတဲ့ ပွဲတော်တစ်ခုပါ။ မြတ်ဘုရားရှင်ကို ရည်မှန်းအာရုံပြု ရက်လုပ်ဆက်ကပ်ပူဇော်တဲ့ ဗုဒ္ဓပူဇာဝေယျာဝစ္စကုသိုလ်ထူး ဖြစ်ပါတယ်"ဟု ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်အောင်က ပြောသည်။

မသိုးသက်န်းကို နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်တွင် ကပ်လှူပူဇော်နိုင်ရန်အတွက် ရွှေစည်းခုံဘုရားရင်ပြင်တော်တွင် ရက်ကန်းစင် ငါးစင်ဖြင့် ရက်ကန်းရက်အဖွဲ့ ငါးဖွဲ့က ရက်လုပ်ယှဉ်ပြိုင်ကြခြင်းဖြစ်ရာ နိုဝင်ဘာ ၂၁ ရက် ညနေ ၆ နာရီက ရက်ကန်းပြိုင်ပွဲကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"(၁၉)ကြိမ်မြောက် မသိုးသက်န်းရက်လုပ်ကပ်လှူပူဇော်ဖို့ ဝဏ္ဏပဘာ၊ မဏိစန္ဒာ၊ ခာတုကလျာ၊ ဒေဝစ္ဆရာနှင့် သူရိယဝစ္စသာ ရက်ကန်းစင်တော် ငါးစင်မှာ ဒါန်းပင်တဲရွာ၊ ခိုးသန်းရွာနှင့် မုံရွာဘုန်းစိုးရပ်က ဝင်ရောက်ယှဉ်ပြိုင် ကုသိုလ်ယူကြပါတယ်။ အသင်းကိုးသင်းဝင်ပြိုင်ဖို့ စာရင်းပေးတဲ့အထဲက မဲနှိုက်ရွေးတာ ငါးသင်းယှဉ်ပြိုင်ခွင့်ရတာဖြစ်ပါတယ်။ ဒီညအပြီးရက်လုပ်ကာ မနက်အရုဏ်တက်မှာ ရုပ်ပွားတော်ငါးဆူမှာ သင်္ကန်းတွေ ကပ်လှူကြမှာပါ။ ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ စတုတ္ထဆုနဲ့ ပဥ္စမဆုကို ငွေကျပ် နှစ်သိန်းစီ ချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု ရွှေစည်းခုံ ဂေါပကအဖွဲ့ဝင် ဦးမင်းကွမ်းက ပြောသည်။

မျိုးဝင်းထွန်း

ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရှေးဟောင်းစေတီများတွင် ဆီမီး၊ ပန်း၊ သစ်သီး၊ ရေ၊ ဆွမ်းတော် ဆက်ကပ်ပူဇော်

နေပြည်တော် နိုဝင်ဘာ ၂၁

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ သိမ်ကျောင်းတိုက်အတွင်း ရှေးမူမပျက် တည်ထားခဲ့သော ဘုရား၊ စေတီ၊ ဂူဘုရားများကို တန်ဆောင်မုန်းလပြည့်နေ့တွင် ဆွမ်းတော် ၁၀၀၀၊ ပန်း ၁၀၀၀၊ ရေတော် ၁၀၀၀၊ သစ်သီး ၁၀၀၀၊ ဆီမီး ၁၀၀၀ တို့ကို နေပြည်တော် မိသားစုပရဟိတအဖွဲ့နှင့် ညောင်ပင်ကြီးစုကျေးရွာနေ ဒေသခံများစုပေါင်း၍ ပူဇော်ကျင်းပမည် ဖြစ်သည်။

ဆွမ်းတော်၊ ပန်း၊ ရေတော်၊ သစ်သီး၊ ဆီမီးတို့ကို ဘုရားအမျိုးရှိသော သံဃာတော်အရှင်မြတ်တို့အား နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ကာ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် သိမ်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းစေတီတော် ၅၄ ဆူနှင့် ရုပ်ပွားတော် ၃၄ ဆူ၌ ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ကြွရောက်လာသူများအား မဲဇလီဖူးသုပ်များဖြင့် ကျွေးမွေးညှော့ခံသွားမည်ဖြစ်သည်။

ယခု ဆီမီး၊ ပန်း၊ ရေတော်၊ သစ်သီး၊ ဆွမ်းတော် ဆက်ကပ်မည့် ညောင်ပင်ကြီးစု ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီတော်များကို မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်ကတည်းက ကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး နှစ်ကာလကြာမြင့်ကာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးနေသော စေတီပုထိုး ၅၄ ဆူကို ရှေးမူမပျက် ပြန်လည်မွမ်းမံပြင်ဆင်ထားရှိကာ နေပြည်တော်ပုဂံဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

တန်ဆောင်ရှုခင်း

(အဲချင်း)

❖ မာသငယ်မှ တန်ဆောင်လ
ရာသီပြိုင်ဆွာ ကြတ္တိကာနှင့်
တာရာကြယ်မင်း ပပဝင်းသည့်
လမင်းစန္ဒီ ဝင်းညီလက်ရွှန်း
ထက်ဝဋ္ဋာ မေရုစွန်းမှာ
ထွန်းလင်းကာ သာလှတယ်လေး။

❖ ခဝဲရယ်မှ ပွင့်လန်း
မြောက်ပြန်လေပြည် ဆောင်ခဲ့ပေ
နှင်းငွေဆမ်းလို့ ပန်းတို့ရယ်စုံ
တောတောင်စိမ်းမြ ပိန်းပိန်းကြွလျက်
ဒေါင်းကအိုးဝေ စွန်ဝဲလေပြန်
ချေဟောက်သံလော သံမြိုင်နော့လို့
တောရပ်လှုံသည်
ရဂုံဗွေသံချိုတေးနှင့် ကျေးငှက်ကမြူး။

❖ ထူးမြတ်ပါတဲ့ ကထိန်
ကျောင်းတော်ပရိဝုဏ်၊ အကခုန်နှင့်
ပုံမောင်းအိုးစည် သိမ့်သိမ့်မြည်သည်
ညီညာခြိမ့်သဲ ရာသီပွဲမို့
ဆင်နွဲချိန်လျှင် ဂုဏ်ရှိန်တောက်ပြောင်
ပဒေသာ ဆင်ယင်သီးပွင့်
အဆင့်ဆင့်ပင် တင့်တင့်တယ်တယ်
ဝင့်ဝင့်ထည်နှင့် လှူဖွယ်သက်န်း
သဒ္ဒါလွှမ်းကာ
မပျက်ပေါင် ရှင်ကြည်နွှဲတယ်
ပွဲကထိန်ခင်း။

❖ ရှင်လန်းရယ်တဲ့ ဝေဝေ
မဲဇလီညိုမြ ဆေးပေါင်းခသည့်
လပြည့်ညသည် တန်ဆောင်ဆီမီး
ထိန်ထိန်ညီးလို့ ပွဲကြီးသဘင်
မသိုးသက်န်း ရက်သံလွှမ်းခဲ့
ညချမ်းရယ်သာပေသည်
လေပြည်ညင်းညင်း စပါးခင်းမှ
ကွင်းပြည့် ညိုမောင် ယိမ်းက ယောင်သည်
တန်ဆောင်ရယ်မာသမှာ
သာလှတယ်လေး။ ။

အောင်လံမြေ နေညိုညို

မော်လမြိုင်မြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၁

မော်လမြိုင်မြို့ပေါ်၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

မော်လမြိုင်-ကျိုက်မရောလမ်းမကြီးအနီး မင်းရွာရှိ Water World ၌ တန်ဆောင်တိုင်အဖိတ်နေ့ဖြစ်သော နိုဝင်ဘာ ၂၁ ရက်တွင် သရုပ်ဆောင် ဝါဆိုမိုးဦးက သီဆိုဖျော်ဖြေတင်ဆက်ခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်(လပြည့်နေ့)တွင်လည်း အဆိုတော် ဂျက်ဆန်ထွန်းနှင့် The King of Dance အကအဖွဲ့အပြင် မော်လမြိုင်မြို့မှ အဆိုတော်များစွာနှင့် Dream Melody Music Band တို့မှ တေးသီချင်းများဖြင့် ပူးပေါင်းဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ဂီတဖျော်ဖြေပွဲတော်နှင့် အထူးဈေးရောင်းပွဲတော်ကို မော်လမြိုင်မြို့ရှိ ရာမညကုန်တိုက် (ကျားတံတား)၌ နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ ဂီတအနုပညာရှင်များက သီဆိုဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုဝင်ဘာ ၂၂ ရက်တွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌လည်း တေးဂီတဖျော်ဖြေပွဲကို ကျင်းပသွားမည်ဖြစ်ရာ အဆိုတော် ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ ခိုင်မြဲသစ္စာ၊ လှိုင်းလေးနှင့် ပိုင်ပိုင်တို့က သီဆိုဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ပွင့်သစ္စာ

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၁

ဟားခါးမြို့ ၁ ဒီဂရီစင်တီဂရိတ်	ပင်လောင်းမြို့ ၇ ဒီဂရီစင်တီဂရိတ်	တီးတိန်မြို့ ၈ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့ ၄ ဒီဂရီစင်တီဂရိတ်	မိုးကုတ်မြို့ ၇ ဒီဂရီစင်တီဂရိတ်	မတူပီမြို့ ၈ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့ ၅ ဒီဂရီစင်တီဂရိတ်	နမ့်စန်မြို့ ၈ ဒီဂရီစင်တီဂရိတ်	ပြင်ဦးလွင်မြို့ ၈ ဒီဂရီစင်တီဂရိတ်

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

မိုင်းခတ် နိုဝင်ဘာ ၂၁

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ဖာလန်ကော်ကျေးရွာအုပ်စု နမ့်တာပိကျေးရွာ၌ ကျင်းပခဲ့ကြောင်း မိုင်းခတ်မြို့နယ် လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ သိရသည်။

အဆိုပါအစည်းအဝေးကို မိုင်းခတ်မြို့နယ် လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများက ဦးစီးကျင်းပခဲ့ပြီး ဖာလန်ကော်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၀ ရွာ၏ စီမံကိန်းလုပ်ငန်းခွဲများ၊ ကျေးရွာကိုယ်စားပြု ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ ငွေစာရင်းကိုင်နှင့် အကြံပြုကိုယ်စားလှယ်များကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများ၊ ဖာလန်ကော်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၀ ရွာမှ ကော်မတီဝင် ၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းမြင့်မိုရ်(ငါန်းဇွန်)

ပြည်တွင်းရေးရာ

❖ ရွှေတိဂုံ၊ ဗိုလ်တထောင်မှ

မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် အင်ကြင်းပန်းစင်တော်၊ သဇင်ပန်းစင်တော်၊ ခတ္တာပန်းစင်တော်၊ ခွာညိုပန်းစင်တော်၊ ပိတောက်ပန်းစင်တော်၊ ဒေါနပန်းစင်တော်၊ ကံ့ကော်ပန်းစင်တော်၊ မြတ်လေးပန်းစင်တော်နှင့် စံပယ်ပန်းစင်တော် ကိုးစင်ဖြင့် ရက်ကန်းခတ်ကျွမ်းကျင်သူအမျိုးသမီးများက ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ၈၅၀၀၀၀၊ တတိယဆုငွေကျပ် ခုနစ်သိန်း၊ စတုတ္ထဆုငွေကျပ် ၅၅၀၀၀၀ နှင့် နှစ်သိမ့်ဆု တစ်သင်းလျှင် ငွေကျပ်လေးသိန်းစီ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၏ (၃၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ဗိုလ်တထောင်စေတီတော်ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဂေါပကအဖွဲ့ဝင်များက ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင်ရက်ကန်းစင်တော်များက ယှဉ်ပြိုင်ရက်လုပ်ကြသည်။

ပြိုင်ပွဲတွင် ဒေဝစ္ဆရာ၊ ဝဏ္ဏပဘာ၊ သီရိစန္ဒာ၊ ရူပမာလာ၊ ဓာတုကလျာ၊ မဏိမေခလာ၊ ပပဝတီ၊ ဂေါတမီ၊ မယ်တော်မာယာ၊ ယသောဓရာ၊ မြနန်းနွယ်၊ ဗုဒ္ဓဝံသရက္ခိတ၊ ခေမာထေရီ၊ ဝိသာခါ၊ နန္ဒမာလာ၊ စောမွန်လှနုကမ္ဘောဇဌာနီ၊ ရှင်စောပု၊ သုဇာတာ၊ သီတာပပရှင်မင်းလှ၊ ပဒုမ္မာဝတီ၊ သိင်္ဂီရွှေစင်၊ မဟာလတ္တာရတနာ၊ သုနန္ဒာ၊ ပုပ္ပဝတီ စင်တော် ၂၄ စင်ဖြင့် ယှဉ်ပြိုင်ရက်ခတ်ကြပြီး ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ်လေးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆုတစ်သင်းလျှင် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၁) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ယနေ့ညနေ ၅ နာရီတွင် ရင်ပြင်တော်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးသာသနာရေးမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရတနာရွှေကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင်ရက်ကန်းစင်တော်များ ယှဉ်ပြိုင်ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် တနင်္ဂနွေစင်တော်၊ တနင်္လာစင်တော်၊ အင်္ဂါစင်တော်၊ ဗုဒ္ဓဟူးစင်တော်၊ ကြာသပတေးစင်တော်၊ သောကြာစင်တော်၊ စနေစင်တော် ခုနစ်စင်ဖြင့် ယှဉ်ပြိုင်ကြပြီး ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် လေးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆု တစ်သင်းလျှင် ငွေကျပ်နှစ်သိန်းစီ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး (၃၄) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲအခမ်းအနားကို ဖွင့်လှစ်စဉ်။
ဓာတ်ပုံ-ဇော်မင်းလတ်

အဆိုပါစေတီတော်များတွင် ပြိုင်ပွဲဝင်များ ရက်ခတ်ပြီး မသိုးသင်္ကန်းများကို တန်ဆောင်မုန်းလပြည့် နံနက်အရုဏ်ဦးတွင် စေတီတော်နှင့် စေတီပရိဝုဏ်ရှိ ဗုဒ္ဓရုပ်ပွားတော်များ၌ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

သတင်း- ကိုကိုဇော်

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၂၁) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကျင်းပစဉ်။
ဓာတ်ပုံ-ရဲထွဋ်

ဗိုလ်တထောင်စေတီတော်မြတ်ကြီး၌ (၃၆) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ ကျင်းပစဉ်။
ဓာတ်ပုံ-အေးမင်းသူ

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်ပန်းတောင်းဓမ္မာရုံကြီး၌ နိုဝင်ဘာ ၂၁ ရက်က (၃၇)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ အခမ်းအနားကျင်းပစဉ်။
ဓာတ်ပုံ-ဟိန်းထက်(ပဲခူး)

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၂၉) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂၁

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၂၉) ကြိမ်မြောက် မသိုးသင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မဟာမုနိရုပ်ရှင်တော်မြတ် မိုးကောင်းဓမ္မာရုံမဏ္ဍပ်ရှေ့၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရက်လုပ်ပူဇော်မည့် မသိုးသင်္ကန်းတော်အဆင့်ဆင့် စတင်ရက်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မသိုးသင်္ကန်းတော်ရက်လုပ်လှူဒါန်းပူဇော်ခြင်းကို ၁၉၈၇ ခုနှစ်မှ ယနေ့အထိ (၂၉) ကြိမ်မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ရက်ကန်းပညာရှင်များအဖွဲ့နှင့် ကိုးလုံးတကာ စက်ချုပ်ပညာရှင်များအဖွဲ့ စုစုပေါင်း ၁၂၀ တို့က လွှမ်းခြုံပူဇော်မည့် မသိုးသင်္ကန်းတော်ကို ညတွင်းချင်းအပြီး လုပ်အားဒါနပြုကာ ရက်လုပ်ပူဇော်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ထို့နောက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူတို့က ရွှေကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဓမ္မစကြာဝတ်အသင်းမှအဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတော်ကျေးရွာနှင့် အင်းလေးဒေသရက်ကန်း ပညာရှင်များအဖွဲ့၊ ကိုးလုံးတကာ စက်ချုပ်ပညာရှင်များအဖွဲ့တို့ဖြင့် ညတွင်းချင်းအပြီး မသိုးသင်္ကန်းအဆင့်ဆင့် ရက်လုပ်ပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်ဝန်းကျင်၊ ဘုရားကြီးအနောက်ဘက် ဈေးစောင်းတန်းများနှင့် ဘုရားကြီးလိပ်ကန်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် မျက်စိပသာဒဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တင်မောင်(မန်းကိုယ်ပွား)

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁
ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တောင်ပြိုယာ နယ်မြေရဲစခန်းမှ ရဲအုပ်သိန်းထွန်းမြင့် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄)နယ်ခြားစောင့်တပ် Rejuamtoli ကင်းစခန်းမှ Naib Subedar Md.Abdul Jalil ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ မှ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၃၉)မှ (၄၀)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီ ၅၅ မိနစ်မှ ၁၁ နာရီ မိနစ် ၅၀ အထိ မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ မှတ်တိုင်(၄၈)ကင်းစခန်းမှ ဒုတိယရဲမှူး မြင့်မောင်ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁)နယ်ခြားစောင့်တပ် Lembuchari ကင်းစခန်းမှ Subedar Md. Mahmud Hossain ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၅၀)မှ (၅၁)ထိ နှစ်နိုင်ငံ ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရဲပြန်ကြား

ဖယ်ခုံ၊ ပင်လုံ၊ မိုင်းပွန်နှင့် မိုင်းပန်မြို့နယ်တို့တွင် ဘိန်းခင်းများ ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၂၁
ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် လွယ်ယင်းကျေးရွာ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၁ ဧကခန့်ကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ဘီကင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က တွေ့ရှိဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အလားတူ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လုံမြို့နယ် ထွေးရီကျေးရွာ၌ ဘိန်းစိုက်ခင်း သုံးဧကခန့်အား လည်းကောင်း၊ မိုင်းပွန်မြို့နယ် လွယ်မွတ်ကျေးရွာ၌ ဘိန်းစိုက်ခင်း လေးဧကခန့်အား လည်းကောင်း၊ မိုင်းပန်မြို့နယ် နားမွန်းကျေးရွာအုပ်စု၌ ဘိန်းစိုက်ခင်း ၁၂ ဒသမ ၃၅ ဧက ခန့်အားလည်းကောင်း တွေ့ရှိဖျက်ဆီး ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

သုံးနှစ်စီမံကိန်းဖြင့် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးမည်

မန္တလေး နိုဝင်ဘာ ၂၁
ခွေးနှင့်ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးခြင်းကို မန္တလေးမြို့နှင့် အခြားမြို့များတွင် သုံးနှစ်တာစီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

FOUR PAWS International နှင့် မင်္ဂလာမြန်မာတို့ ပူးပေါင်း၍ ဆောင်ရွက်မည့် အဆိုပါစီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကာလသတ်မှတ်ထားပြီး ခွေးနှင့်ကြောင် အကောင်ရေ တစ်သန်းကို ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။

"တစ်နှစ်ကို တစ်သန်းရဲ့ သုံးပုံတစ်ပုံထိုးပြီးတော့ အဲဒီထိုးထားပြီးတဲ့ ခွေးနဲ့ကြောင်တွေကို သုံးနှစ်လုံးလုံး ထိုးဖို့ရည်ရွယ်ထားပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးဟာ ခွေးတစ်ကောင်ကို နှစ်စဉ်နှစ်တိုင်း တစ်နှစ်ကို တစ်ကြိမ်နှုန်းနဲ့ သုံးနှစ်ထိုးရတယ်။ အဲဒီဒေသမှာရှိတဲ့ ခွေးရဲ့ ၇၀ ရာခိုင်နှုန်းကို ထိုးပေးနိုင်မယ်ဆိုရင် ခွေးရူးရောဂါက အဲဒီဒေသတစ်ခုလုံးမှာ ကင်းစင်သွားမှာ ဖြစ်ပါတယ်"ဟု မင်္ဂလာမြန်မာအဖွဲ့၏ အမှုဆောင်အရာရှိချုပ်က ပြောသည်။

မြန်မာနိုင်ငံတွင် ခွေးကောင်ရေ လေးသန်းဝန်းကျင်ရှိသည်ဟု ခန့်မှန်းကြောင်း၊ ယင်း၏ ၇၀ ရာခိုင်နှုန်းကို ဆေးအလုံးရေ ကိုးသန်းလောက်ထိုးရမည်ဖြစ်ကြောင်း၊ ၁၂ နှစ်၊ ၁၃ နှစ်အတွင်း ကိုးသန်းလုံး တတ်နိုင်အောင် ထိုးမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်အတွင်း ခွေးရူးရောဂါ ကင်းစင်ရန် ကြိုးစားလုပ်ဆောင်မည်ဖြစ်ကြောင်းလည်း သိရသည်။

မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ ပဲခူးနှင့် ရခိုင်ပြည်နယ်တို့၌ ဆောင်ရွက်မည့် အဆိုပါစီမံကိန်းကို ပထမနှစ်အတွက် FOUR PAWS International က ခွေးရူးရောဂါကာကွယ်ဆေးအလုံးရေ ငါးသိန်း၊ တိရစ္ဆာန်ဆေးကု ဆရာဝန်နှင့် ကျွမ်းကျင်သူများ၊ ကိရိယာပစ္စည်းများ ကူညီပံ့ပိုးမည်ဖြစ်ကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း တိရစ္ဆာန်ဆေးကု ဆရာဝန်များနှင့် ကျန်းမာရေးလုပ်သားများ ပူးပေါင်းပါဝင်မည်ဖြစ်သည်။

"ထိရောက်မှုကတော့ ရှိမှာသေချာတယ်။ ခွေးရူးရောဂါ ဖြစ်နေတဲ့နေရာတွေကို ဦးစားပေးပြီးထိုးမှာဖြစ်တဲ့အတွက် ခွေးရူးရောဂါကြောင့် လူသေနေတာတွေကတော့ လျော့သွားမယ်" ဟုလည်း ၎င်းကပြောသည်။

၂၀၁၈ ခုနှစ်အတွင်း နေပြည်တော်၊ လယ်ဝေးနှင့် ညောင်ဦးမြို့နယ်တို့ရှိ ကျေးရွာပေါင်း ငါးရာကျော်မှ ခွေးနှင့်ကြောင် အကောင်ရေ ငါးသောင်းကိုးထောင်ကျော်ကို FOUR PAWS International နှင့် မင်္ဂလာမြန်မာတို့ ပူးပေါင်း၍ ကနဦး စမ်းသပ်စီမံကိန်းအဖြစ် အဆိုပါ ကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့သည်။

တင်မောင်(မန်းကိုယ်ပွား)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဗန်းမော် နိုဝင်ဘာ ၂၁
၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ သဘောတူစာချုပ်၏ (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဗန်းမော်မြို့ မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ထာဝရမြန်မာ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကပြကြပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ဗန်းမော်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာသည့် မူလတန်းကြိုကျောင်းအသီးသီးမှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအက၊ ခေတ်ပေါ်တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် သီဆိုဖျော်ဖြေကပြခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေရပ်စွန့်ခွာစခန်းနေ မူကြိုကလေးငယ်များ၊ သီလရှင်ပညာရေးကျောင်းမှ ကလေးငယ်များ၊ ပရဟိတဂေဟာမှ ကလေးငယ်များ၊ မူလတန်းကြိုကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**



မူးယစ်ဆေးဝါး

မှူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၁
မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပေါ်ရေး၊ လူကုန်ကူးမှုမဖြစ်ပေါ်စေရေး မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲကို ရန်ကုန်(မြောက်ပိုင်းခရိုင်) အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ဇင်ဇီယာလမ်းမဘေး၌ နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီခွဲတွင် ကျင်းပရာ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အေးက ကြို့ကုန်းအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းနှင့် မူးယစ်ဆေးဝါး အန္တရာယ်တို့နှင့်သက်ဆိုင်သော ဗဟုသုတအသိပညာပေးခြင်းတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မြဇေ

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

ဗြိတိန်နိုင်ငံသား ကျောင်းသားတစ်ဦးကို ယူအေအီးတရားရုံးက ပြစ်ဒဏ်စီရင်ချက်ချမှတ်

လန်ဒန် နိုဝင်ဘာ ၂၁
ဗြိတိန်အစိုးရကိုယ်စား သူလျှိုပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံရသူ ကျောင်းသားတစ်ဦးကို ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံစေရန် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)ရှိ တရားရုံးတစ်ရုံးက ပြစ်ဒဏ်စီရင်ချက်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံသား မက်သျူးဟက်ဂျက်စ် ဆိုသူမှာ ဒါဟမ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိရန် သုတေသနပြုလေ့လာနေသူဖြစ်ပြီး ယူအေအီးနိုင်ငံ၌ မေလအတွင်းက အဖမ်းခံခဲ့ရသည်။ ယူအေအီးနိုင်ငံ မြို့တော်အဘူဒါဘီရှိ တရားရုံးတစ်ရုံးတွင် နိုဝင်ဘာ ၂၁ ရက်က ကြားနာစစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် ၎င်းကို ပြစ်ဒဏ်စီရင်ချက်ချမှတ်ခဲ့သည်။

ဟက်ဂျက်စ်သည် ၎င်းအပေါ် စွပ်စွဲချက်များ မှန်ကန်ခြင်းမရှိဟု တရားရုံးတော်ရှေ့မှောက်တွင် ထွက်ဆိုခဲ့သည်။

ဟက်ဂျက်စ်သည် သူလျှိုပြုလုပ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ယင်းပြစ်ဒဏ်နှင့် ပတ်သက်၍ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်နိုင်ကြောင်း ယူအေအီးနိုင်ငံရှိ ထင်ပေါ်ကျော်ကြားသော ဝေဖန်ရေးဆရာတစ်ဦးက လူမှုကွန်ရက်မီဒီယာတွစ်တာတွင် ရေးသား ဖော်ပြခဲ့သည်။

ဟက်ဂျက်စ်သည် အာရပ်နွေဦးလှုပ်ရှားမှု ကာလအတွင်း ယူအေအီးနိုင်ငံ၏ စစ်ရေးစစ်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ သုတေသနစာတမ်း ရေးသားပြုစုနိုင်ရန် လူတွေ့မေးမြန်းမှုများကို ပြုလုပ်နေခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၁ ခုနှစ်တွင် အာရပ်နွေဦးလှုပ်ရှားမှုနှင့်အတူ အာရပ်ကမ္ဘာတွင် နိုင်ငံရေးမငြိမ်သက်မှုများ ဖြစ်ပေါ်ခဲ့ရပြီးနောက် လုံခြုံရေးအရ အကဲဆတ်မခံသော ယူအေအီးအာဏာပိုင်များက နိုင်ငံရေး သဘောကွဲလွဲမှုများနှင့် လွတ်လပ်စွာ ပြောဆိုခွင့်တို့ကို နှိပ်ကွပ်ခဲ့သည်။ ယူအေအီးအာဏာပိုင်များသည် အစ္စလာမ့်မစ် အုပ်စုတစ်ခု၏ အဖွဲ့ဝင်များကိုလည်းကောင်း၊ ဒီမိုကရေစီတောင်းဆိုသော နိုင်ငံရေးလှုပ်ရှားတက်ကြွသူများကိုလည်းကောင်း အရေးယူအပြစ်ပေးခဲ့သည်။

အေအက်ဖ်ပီ

ဗြိတိန်နိုင်ငံသား မက်သျူးဟက်ဂျက်စ်နှင့် သူ၏ချစ်သူ

တင်းမာမှုများလျော့ကျရေး ကိုရီးယားနှစ်နိုင်ငံနယ်စပ်ရှိ စစ်စခန်းများအား အပြန်အလှန်ဖျက်ဆီး

ဆိုးလ် နိုဝင်ဘာ ၂၁
ကိုရီးယားနှစ်နိုင်ငံ တင်းမာမှုများလျော့ကျစေရေးအတွက် မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနယ်စပ်တွင် တပ်စွဲထားသော စစ်စခန်း ၁၀ ခုခန့်အား နိုဝင်ဘာ ၂၀ ရက်က ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

စက်တင်ဘာလအတွင်း ပြုံယမ်း၌ ကျင်းပခဲ့သော ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး၌ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတို့ အနေဖြင့် ၁၅၅ မိုင် ရှည်လျားပြီး ၂ ဒသမ ၅ မိုင် ကျယ်ဝန်းသော နှစ်နိုင်ငံနယ်စပ်ရှိ ကင်းစခန်းအားလုံးကို ဖျက်ဆီးပစ်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။ ထိပ်သီးအစည်းအဝေးပွဲ ကျင်းပပြီးနောက် ကိုရီးယားနှစ်နိုင်ငံက နယ်စပ်ရှိ ကင်းစခန်းများမှ စစ်တပ်ဖွဲ့များနှင့် လက်နက်ခဲယမ်းများကို အသီးသီး ပြန်လည်ရုပ်သိမ်းခဲ့သည်။ ထို့ပြင် ကင်းစခန်း ၁၀ ခုကို နိုဝင်ဘာလကုန်ပိုင်းတွင် ဖောက်ခွဲဖျက်ဆီးရန် နှစ်နိုင်ငံ ခေါင်းဆောင်များက သဘောတူညီခဲ့ကြကြောင်း သိရသည်။

နိုဝင်ဘာ ၁၅ ရက်က တောင်ကိုရီးယားအစိုးရက ကိုရီးယား နှစ်နိုင်ငံနယ်စပ်ရှိ စစ်စခန်းများမှ တပ်ဖွဲ့များနှင့် လက်နက်ခဲယမ်းများကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး စခန်းများကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားအနေဖြင့် နှစ်နိုင်ငံနယ်စပ်ရှိ ၎င်း၏ စစ်စခန်းများ ဖောက်ခွဲဖျက်ဆီးမှုမှာ မှန်ကန်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

နှစ်နိုင်ငံနယ်စပ်ရှိ စစ်စခန်းများ အသီးသီး ဖောက်ခွဲဖျက်ဆီးပြီးဖြစ်သော်လည်း စစ်စခန်းအနည်းငယ် ကျန်ရှိနေသေးကြောင်းနှင့် အဆိုပါ စစ်စခန်းများကို မည်သည့်အချိန်တွင် ဖောက်ခွဲဖျက်ဆီးပစ်မည် ဆိုသည်ကို ကိုရီးယားနှစ်နိုင်ငံက သတင်းထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

နည်းပညာမြင့် လက်နက်များနှင့် မြေမြှုပ်မိုင်း နှစ်သန်းနီးပါး ထောင်ထားသော ကိုရီးယားနှစ်နိုင်ငံ နယ်စပ်မြေနေရာသည် နှစ်နိုင်ငံ အသေအကျေတိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး တပ်မတော်သားပေါင်းများစွာ၏ အသက်သွေးများ ပေးဆပ်ခဲ့ရသော နေရာတစ်ခုဖြစ်ခဲ့သည်။ ယင်းနေရာကို ကိုရီးယားစစ်ပွဲ (၁၉၅၀-၁၉၅၃) နောက်ပိုင်းတွင် စစ်မဲ့ဇုန်အဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ကိုရီးယားကျွန်းဆွယ်ဒေသတွင် နျူကလီးယားလက်နက်ကင်းစင်ရမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းတို့အား ကတိပြုခဲ့ပြီးနောက် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးသည် ယခင်ကထက် အဆပေါင်းများစွာ တိုးတက်ကောင်းမွန်လာခဲ့ကြောင်း တွေ့ရှိရသည်။ သို့သော် ဇွန်လက စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပြီးနောက် အမေရိကန်-မြောက်ကိုရီးယား နျူကလီးယားကင်းစင်ပပျောက်ရေးဆိုင်ရာ ဆွေးနွေးမှုများသည် ယခုထိတိုင် တိုးတက်မှုမရှိသေးကြောင်း တွေ့ရှိရသည်ဟု နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ဆိုသည်။

အေအက်ဖ်ပီ

မြောက်ကိုရီးယား စစ်စခန်းများ ဖောက်ခွဲဖျက်ဆီးနေသည်ကိုတွေ့ရစဉ်။

အမေရိကန်က တရုတ်နိုင်ငံအပေါ် ထပ်မံစွပ်စွဲမှုကြောင့် ကုန်သွယ်ရေး တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နိုင်

ဝါရှင်တန် နိုဝင်ဘာ ၂၁
တရုတ်နိုင်ငံသည် မျှတမှုမရှိသော ကုန်သွယ်ရေးကျင့်စဉ်များကို ပြောင်းလဲကာ မျှတမှုရှိသော ကုန်သွယ်ရေးကျင့်စဉ်များကို ကျင့်သုံးရန် ပျက်ကွက်နေကြောင်း အမေရိကန်ပြည်ထောင်စုက ထပ်မံစွပ်စွဲလိုက်ရာ ကမ္ဘာ့စီးပွားရေး အင်အားကြီးနှစ်နိုင်ငံမှ သမ္မတတို့ တွေ့ဆုံဆွေးနွေးမည့်အစီအစဉ် ဖြစ်ပေါ်လာခြင်း မရှိမီ တင်းမာမှုများဆက်လက်ဖြစ်ပေါ်စေမည့် အလားအလာတစ်ရပ်ကို ဖော်ကျူးနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တင်းမာမှုများ ထပ်မံဖြစ်ပေါ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့က တရုတ်နိုင်ငံအား ထပ်မံစွပ်စွဲပြစ်တင်လိုက်ခြင်းကြောင့် နှစ်နိုင်ငံအကြား ဖြစ်ပွားနေသော ကုန်သွယ်ရေးစစ်ပွဲကို မကြာမီ အဆုံးသတ်နိုင်စေရန် ခေါင်းဆောင်နှစ်ဦးတို့ ကြိုးပမ်းစွမ်းဆောင်လိမ့်မည်ဆိုသော မျှော်လင့်ချက်မှာ မှေးမှိန်သွားရသည်။

ယခုလ နှောင်းပိုင်းတွင် အာဂျင်တီးနားနိုင်ငံ၌ ကျင်းပမည့် နိုင်ငံ ၂၀ အုပ်စု (ဂျီ-၂၀) ထိပ်သီးဆွေးနွေးပွဲကာလအတွင်း အမေရိကန်နှင့် တရုတ်ခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးရန်ရှိနေစဉ် နှစ်နိုင်ငံအကြား တင်းမာမှုများ ထပ်မံဖြစ်ပေါ်လာရသည်။

ဝေဖန်ပြောကြား

တရုတ်နိုင်ငံသည် တရားမျှတမှုမရှိသော၊ အကြောင်းခြင်းရာ ခိုင်လုံမှုမရှိသော၊ ဈေးကွက် ပုံပျက်မှုကို ဖြစ်စေသော ကုန်သွယ်ရေး ကျင့်စဉ်များကို ကျင့်သုံးခြင်းမှ အဆုံးသတ်ရန် လိုအပ်မည်ဖြစ်ကြောင်း အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်တော် ရောဘတ်လိုက်သီဇာက နိုဝင်ဘာ ၂၀ ရက်တွင် ဝေဖန် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် စက်ရုပ်နည်းပညာနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာတို့ကဲ့သို့သော နည်းပညာ နယ်ပယ်ရပ်များတွင် ကမ္ဘာ့နိုင်ငံများအပေါ် စိုးမိုးထားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ သို့ရာတွင် နည်းပညာအရ စိုးမိုးနိုင်ရန် ယင်းနိုင်ငံက ကြိုးပမ်းရာတွင် ဥပဒေနှင့် ညီညွတ်မှုမရှိသော နည်းလမ်းအမျိုးမျိုးကို အသုံးပြုနေကြောင်း ၎င်းက ပြောကြားသည်။

အေအက်ဖ်ပီ

မော်စကို ရှာရီမက်ယီဗိုလေဆိပ်၌ အမျိုးသားတစ်ဦး လေယာဉ်တိုက်ခံရ၍ သေဆုံး

မော်စကို နိုဝင်ဘာ ၂၁
ရုရှားနိုင်ငံမြို့တော် မော်စကို၏ အကြီးဆုံးသော လေဆိပ်တစ်ခုတွင် လေဆိပ်မှ စတင်ပျံသန်းရန် ထွက်ခွာလာသော လေယာဉ်တစ်စင်းက လေယာဉ်ပြေးလမ်းပေါ်ရှိနေသော အမျိုးသားတစ်ဦးကို ဝင်တိုက်မိသဖြင့် အဆိုပါ အမျိုးသားမှာ သေဆုံးခဲ့ရကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားကြသည်။

မြို့တော်မော်စကိုရှိ ရှာရီမက်ယီဗို လေဆိပ်တွင် နိုဝင်ဘာ ၂၀ ရက် ည ၈နာရီခန့်က အဆိုပါ ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ ဂရိနိုင်ငံ အေသင်မြို့သို့ ဦးတည်ပျံသန်းမည့် ခရီးသည်တင်လေယာဉ်တစ်စင်းက ပြေးလမ်းအတိုင်း မောင်းနှင်လာစဉ် မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ပြည်နှင်ဒဏ်ခံခဲ့ရ

သေဆုံးသူမှာ အာမေနီးယားနိုင်ငံသားတစ်ဦးဖြစ်ပြီး စပိန်နိုင်ငံမှ ပြည်နှင်ဒဏ်ခံခဲ့ရကာ လေယာဉ်ပြောင်းစီးရန် မြို့တော်မော်စကိုတွင် ခရီးတစ်ထောက်ရပ်နားစဉ် လေယာဉ်တိုက်ခံခဲ့ရခြင်း ဖြစ်သည်။ အဆိုပါ အမျိုးသားသည် ခရီးသည်များ လေယာဉ်ပေါ်တက်ချိန်တွင် အစောင့်အကြပ်များလက်မှ ထွက်ပြေးလွတ်မြောက်နိုင်ရန် ကြိုးပမ်းခဲ့သူဖြစ်ပြီး လေယာဉ်ပြေးလမ်းအတိုင်း ထွက်ပြေးစဉ် အဲရိုဖလုတ် လေယာဉ်တစ်စင်းက ၎င်းကို တိုက်မိခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ

ဘာလွန်းဒီအောဆု မရရင်လည်း ဂရုစိုက်ဘူးဆိုတဲ့ လူကာမိုဒရစ်

လာမယ့်ဒီဇင်ဘာလမှာ ပေးအပ်ချီးမြှင့်မယ့် ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်တဲ့ ဘာလွန်းဒီအောဆု မရရင်လည်းဘဲ ဂရုစိုက်လိမ့်မည်မဟုတ်ဘူးလို့ ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား လူကာမိုဒရစ်က ဆိုလာပါတယ်။

ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်ဟာ ခရိုအေးရှားအသင်းနဲ့အတူ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သလို ရီးယဲလ်မက်ဒရစ်အသင်းနဲ့လည်း ချန်ပီယံလိဂ်ဖလား ရယူနိုင်ခဲ့တာမို့ ၂၀၁၈ ခုနှစ်အတွက် တစ်ဦးချင်းဆုတစ်ဆုချီးမြှင့်ခံရလိမ့်မယ်လို့ ရေပန်းစားနေတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

လူကာမိုဒရစ်ဟာ စက်တင်ဘာလအတွင်းက ဖီဖာအကောင်းဆုံးအမျိုးသားကစားသမားဆုကို ရယူခဲ့တာဖြစ်လို့ ဒီဇင်ဘာ ၃ ရက်မှာ ပေးအပ်ချီးမြှင့်မယ့် ဘာလွန်းဒီအောဆု မရရင်လည်း ဂရုစိုက်စရာမလိုဟု ယုံကြည်ထားသည်ဟု ဆိုသည်။ လူကာမိုဒရစ်ဟာ အင်္ဂလန်အသင်းနဲ့ ခရိုအေးရှားအသင်းတို့ ကစားခဲ့တဲ့ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပွဲစဉ်မှာ ပါဝင်ကစားခဲ့ပြီး အဲဒီပွဲစဉ်မှာ အင်္ဂလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

ဘာစီလိုနာက ခေါ်ယူရန်ဆန္ဒရှိနေသည့် ဖရန့်ကီဒီဂျောင်အား မန်စီးတီးအသင်းက ပေါင် ၇၅ သန်းဖြင့် ခေါ်ယူမည်ဟုဆို

မန်စီးတီးအသင်းသည် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည့် အေဂျက်နှင့် နယ်သာလန်ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်အား အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ကွင်းလယ်ပိုင်းကို ထပ်မံအားဖြည့်ရန်အတွက် ဖရန့်ကီဒီဂျောင်အား စိတ်ဝင်စားနေခြင်းဖြစ်ပြီး မန်စီးတီးအသင်းမှာ လက်ရှိပရီမီယာလိဂ်ချန်ပီယံဖြစ်သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်လျက်ရှိသည့်အသင်းဖြစ်သည်။

မန်စီးတီးအသင်းအနေဖြင့် အနာဂတ်ကာလတွင် ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုနေရာတွင် အစားထိုးရန်အတွက် ဖရန့်ကီဒီဂျောင်အား ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်ပြီး အဆိုပါကစားသမားအား ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ဖရန့်ကီဒီဂျောင်သည် အေဂျက်အသင်းနှင့် နယ်သာလန်အသင်းတို့တွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ဥရောပတစ်ဝန်းရှိ ကလပ်အသင်းအတော်များများက ခေါ်ယူရန်စိတ်ဝင်စားနေကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား ဒီဂျောင်အား အေဂျက်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်း သတ်မှတ်ထားသည့်အပြင် မန်စီးတီးအသင်းကလည်း အဆိုပါပြောင်းရွှေ့ကြေးဖြင့် ရရှိမည်ဆိုပါက ခေါ်ယူမည်ဖြစ်ကြောင်းလည်း သိရသည်။

အဲရစ်ဆင်အား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်နှင့်အပြိုင် ပီအက်စ်ဂျီ ကြိုးပမ်းမည်

ပရီမီယာလိဂ်ကလပ် စပါးအသင်း၏ ကွင်းလယ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူရန်အတွက် စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းနှင့်အပြိုင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးအသင်းသည် အဲရစ်ဆင်အား စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန်ကမ်းလှမ်းထားသည့်အချိန်တွင် ကွင်းလယ်ကစားသမားအဲရစ်ဆင်၏ လက်ရှိစာချုပ်သက်တမ်းမှာ ၁၈ လကျန်ရှိနေသေးကြောင်းလည်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ကွင်းလယ်ကစားသမား လူကာမိုဒရစ်နေရာတွင် အစားထိုးရန်အတွက် ကွင်းလယ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်ပြီး တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် မန်ယူအသင်းမှ အင်္ဂလန်တိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်ကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပီအက်စ်ဂျီအသင်းကလည်း အသက် ၂၇ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အဲရစ်ဆင်အား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းကတည်းက ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် စပါးအသင်းကမူ ကွင်းလယ်ကစားသမား အဲရစ်ဆင်အား ရောင်းချရန်ဆန္ဒမရှိကြောင်းပြောကြားထားသည်။ အဲရစ်ဆင်မှာ ပြီးခဲ့သည့်လကတည်းက အစာအိမ်ရောဂါရရှိထားသူဖြစ်သည်။ အဲရစ်ဆင်သည် စပါးအသင်းယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်သည့် ပရီမီယာလိဂ် နောက်ဆုံးခုနစ်ပွဲတွင်လည်း လေးပွဲသာ ပွဲထွက်ကစားနိုင်ခဲ့ကြောင်း သိရသည်။ စပါးအသင်းအနေဖြင့် အသင်းအတွက်အရေးပါသည့် ပွဲစဉ်ဖြစ်သည့် ပီအက်ဗီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်းလည်းသိရသည်။

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းက ပါရီဆစ်အား ပေါင် ၃၁ သန်းရရှိမှ ရောင်းမည်ဟုဆို

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် အသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သော ပါရီဆစ်အား ပြောင်းရွှေ့ကြေးပေါင် ၃၁ သန်းရရှိမှသာ ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ပံကစားသမား ပါရီဆစ်သည် ရုရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အင်တာမီလန်အသင်းတွင် ၁၆ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးနှစ်ဂိုးသာ သွင်းယူထားနိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အင်တာမီလန်အသင်းက အသက် ၂၉ နှစ်အရွယ်ရှိ ခရိုအေးရှားကွင်းလယ်ကစားသမား ပါရီဆစ်အား ရောင်းချရန်ဆန္ဒရှိနေပြီး မန်ယူအသင်းကလည်း တိုက်စစ်ပိုင်းထပ်မံအားဖြည့်ရန်အတွက် ပါရီဆစ်အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ အင်တာမီလန်အသင်းသည် တောင်ပံကစားသမားပါရီဆစ်အား ရောင်းချရန်အတွက် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၄၈ သန်းအထိ သတ်မှတ်ခဲ့သော်လည်း လက်ရှိတွင် ပါရီဆစ်၏ ခြေစွမ်းပိုင်းကျဆင်းလာခဲ့မှုကြောင့် ပေါင် ၃၁ သန်းရရှိမည်ဆိုပါက ရောင်းချမည်ဟုလည်း ဆိုသည်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလက ဖရက်ဒ်၊ လီဂရန့်နှင့် ဒါလော့တို့ကို ခေါ်ယူခဲ့ပြီး လက်ရှိတွင် ပါရီဆစ်အား ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ကြောင်းသိရသည်။

ငွေကြယ် - ရေးသားသည်

မသင်္ကာသူလေးဦးအား စစ်ဆေးရာမှ ဆိုင်ကယ်လေးစီးခိုးမှု ဖော်ထုတ်နိုင်

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ ရဲတပ်ဖွဲ့ဝင်များသည် ခိုးမှုများဖမ်းဆီးရမိရေးအတွက် လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်းမပေါ်တွင် ဇော်နောင်ထက်၊ ထက်ထက်နိုင် (ခ) ထက်ထက်၊ မိုးထက်(ခ)အောင်ပုတို့အား CANDA CZI ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ နိုဝင်ဘာ ၁၆ ရက် ည ၁၁ နာရီက လှိုင်သာယာမြို့နယ် (၅)ရပ်ကွက်အတွင်း ရပ်ထားသည့် အဆိုပါဆိုင်ကယ်အား ခိုးယူခဲ့ကြောင်း၊ ၎င်းတို့ သုံးဦးအပြင် ဝေစိုး(ခ)ဝေအ(ခ)ဖြိုးလေးပါ ပါဝင်ကြောင်း ပေါ်ပေါက်ချက်အရ လိုက်လံစုံစမ်းရာ နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီတွင် ပီမိုးနင်းလမ်းပေါ်မှ ဝေစိုး(ခ)ဝေအ (ခ)ဖြိုးလေးအား ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ လေးဦးအား ခိုးမှုများနှင့်တိုက်ဆိုင် စစ်ဆေးရာ ထက်ထက်နိုင်(ခ)ထက်ထက်နှင့် ဝေစိုး(ခ)ဝေအ(ခ)ဖြိုးလေးတို့သည် နိုဝင်ဘာ ၉ ရက် ည ၈ နာရီက တွံ့တေးမြို့နယ် တွံ့တေးလမ်းမကြီးတွင် ရပ်ထားသည့် BOBO CZI - 125 ဆိုင်ကယ်တစ်စီး၊ နိုဝင်ဘာ ၁၅ ရက် ည ၈ နာရီတွင် တွံ့တေးလမ်းမကြီးတွင် ရပ်ထားသည့် Feeling 125 ဆိုင်ကယ်တစ်စီး၊ နိုဝင်ဘာ ၁၂ ရက် ည ၉ နာရီတွင် တွံ့တေးလမ်းမကြီးပေါ် ရပ်ထားသည့် KENBO 125 ဆိုင်ကယ်တစ်စီးတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ လေးဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ပနိုင်ငံများ၌ အလုပ်လုပ်ကိုင်ရန်အတွက် မိန်းကလေးများကို တရားမဝင်စုဆောင်းထားခြင်းအား အရေးယူဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်း အမှတ်(၃၁)ရှိ တိုက်ခန်းတစ်ခန်းတွင် ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန်အတွက် တရားမဝင် လူများစုဆောင်းထားကြောင်း သိရ၍ သက်ဆိုင်ရာမှ စစ်ဆေးရာ အဆိုပါတိုက်ခန်းအတွင်း၌ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိနေသော မိန်းကလေး ၃၈ ဦးအား တွေ့ရှိရသည်။

အဆိုပါမိန်းကလေးများသည် လွန်ခဲ့သော တစ်လခန့်မှစ၍ တိုက်ခန်းသို့ ရောက်ရှိနေပြီး အောင်စံကျော် (General International) ကုမ္ပဏီက စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် အလုပ်လုပ်ကိုင်ရန် ပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် စီစဉ်ပေးခြင်း၊ အင်္ဂလိပ်စကားပြောနှင့် တရုတ်စကားပြောများ သင်ကြားပေးလျက်ရှိကြောင်း၊ General International ကုမ္ပဏီမှာ လုပ်ငန်းလိုင်စင် စည်းကမ်းဖောက်ဖျက်သောကြောင့် ဇန်နဝါရီ ၃၀ ရက်မှစ၍ ရာသက်ပန်ပိတ်သိမ်းထားသော ကုမ္ပဏီဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် မိန်းကလေး ၃၈ ဦးအား ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် တရားမဝင်စုဆောင်းသူ အောင်စံကျော် (အမှတ် ၅၀ ဦးဘအိုလမ်း ၂ ရပ်ကွက် မရမ်းကုန်းမြို့နယ်)အား အရေးယူပေးရန် မရမ်းကုန်းမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်း (ပ) ၂၇၉၂/၂၀၁၈ ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ ဖြင့် အမှုဖွင့်လှစ်ပြီး ပြစ်မှုကျူးလွန်သူအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

တရုတ်နိုင်ငံသားများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းအပ်နှံ

မူဆယ် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တရားရုံးမှ ပြစ်ဒဏ်လွတ်မြောက်လာသည့် တရုတ်နိုင်ငံသား ၁၃ ဦးကို နိုဝင်ဘာ ၂၀ ရက် နေလယ် ၁၁ နာရီခွဲ၌ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ် နန်းတော်ဂိတ်(အလယ်ပေါက်)တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းသိန်းနှင့်အဖွဲ့က သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံရာ တရုတ်နိုင်ငံ ရွှေလီနယ်စပ်ကာကွယ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးအရာရှိ Mr.ZHAO JI HING ထံသို့ လွှဲပြောင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မန့်ဟောင်ကျေးရွာအုပ်စု နောင်ခမ်းကျေးရွာအနီး ရွှေလီမြစ်အတွင်းမှ သဲကျောက်များ တရားမဝင်တူးဖော်ရောင်းချမှုဖြင့် တရုတ်နိုင်ငံသား ရန်ယုံစိန်ပါ ၁၃ ဦးကို ဖမ်းဆီးရမိထားခဲ့ပြီး နမ့်ခမ်းမြို့နယ်တရားရုံးမှ ဒဏ်ငွေများ ပေးဆောင်စေရန် အမိန့်ချမှတ်ကာ ၎င်း ၁၃ ဦးအနက်မှ ဆန်ကျင်ထုံးပါ ခုနစ်ဦးတို့အား ပို့ကုန်၊ သွင်းကုန်ဥပဒေပုဒ်မဖြင့် အလုပ်နှင့်ထောင်ဒဏ်တစ်လ ကျခံစေခဲ့ကြောင်း သိရသည်။ ချုပ်ရက်စေ့၍ လွတ်မြောက်လာခဲ့သည့် တရုတ်နိုင်ငံသား ၁၃ ဦးတို့အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မအရ တစ်ဦးလျှင် ဒဏ်ငွေ ခုနစ်သိန်းစီ ပေးဆောင်စေခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ လွှဲပြောင်းခဲ့ကြောင်း သိရသည်။

အလားတူ မူဆယ်မြို့ မြို့မရဲစခန်းအချုပ်တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးချုပ်နှောင်ခြင်း နည်းဥပဒေအရ ခေတ္တချုပ်နှောင်ထားသည့် တရုတ်နိုင်ငံသား ပိုင်ယွင့်ပါ သုံးဦးကိုလည်း နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ဂိတ် နန်းတော်ဂိတ် (အလယ်ပေါက်)တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီခွဲတွင် တရုတ်နိုင်ငံ ရွှေလီနယ်စပ် ကာကွယ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးအရာရှိ Mr.LUI SHI HU ထံသို့ လွှဲပြောင်း လက်ခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဗန်ရိုးထန်(ပြန်/ဆက်)**

ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၈၈၀ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၅၁၂ သန်း) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃ ဒသမ ၃၉၂ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Isuzu ခြောက်ဘီးယာဉ် တစ်စီး၊ Mitsubishi Canter ခြောက်ဘီးယာဉ် နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် အထည်မျိုးစုံ ခုနစ်ထုပ်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ၃၁ မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၈၈၀ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်-မန္တလေးလမ်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား ယာဉ်ပေါ်ပါ သုံးဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၂၁

ရန်ကုန်-မန္တလေးလမ်း၌ ယနေ့ နံနက်အစောပိုင်းက ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သောကြောင့် ယာဉ်ပေါ်ပါ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က ရန်ကုန်-မန္တလေးလမ်း မိုင်တိုင် ၂၃၁ အနီး၌ စန်းတင့်မောင်းနှင်လာသောယာဉ်မှာ ဝဲနောက်ဘီး ပေါက်မှုဖြစ်ပွားခဲ့ပြီး ဘေးကာတန်းကို တိုက်မိခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ ဘုရားတောင်စခန်းတပ်ဖွဲ့ဝင်များက လူနာအား ဆေးရုံသို့ ပို့ဆောင်ရေးနှင့် လမ်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်-မန္တလေးလမ်း မိုင်တိုင် ၂၁၆/၂-၂၁၆/၃ ကြား၌ ယာဉ်မောင်း ကိုကိုနိုင် မောင်းနှင်လာသော ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းလယ်ကျွန်းကာရံထားသော ကယ်ရီယာတုံးများအား တိုက်မိတိမ်းမှောက်ခဲ့၍ ယာဉ်မောင်းတွင် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ယနေ့နံနက် ၁ နာရီ ၃၅ မိနစ်ခန့်တွင်လည်း နေပြည်တော်-ရန်ကုန်လမ်း မိုင်တိုင်အမှတ် (၅၂/၇-၅၃/၀) အကြား၌ ရေတာရှည်မှ ရန်ကုန်သို့ ကျောက်တံခါးမြို့နယ် ကွင်းနောက်ရပ်ကွက် မြို့ပတ် (၂)လမ်းနေ အနန်းကူးမား မောင်းနှင်လာသော ယာဉ်မှာ ယာဉ်မောင်း အိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရေမြောင်းပေါ်သို့ ရောက်ရှိခဲ့သဖြင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ **ပွင့်သစ္စာ**

ကော့သောင်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် ည ၇ နာရီတွင် ကော့သောင်းမြို့နယ် အောင်ဘာ(စံပြ)ကျေးရွာ ရွာမကြီးလမ်းသွယ် အမှတ်(၁၂၆)နေ ဇော်တင်(ခ)ဇော်ထက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၀၊ ဘိန်းစာမှုန့် ၄၀ ဂရမ်၊ မြန်မာငွေကျပ် ၁၅၀၀၀၊ ထိုင်းနိုင်ငံသုံးငွေ ဘတ် ၇၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊

အလားတူ ယင်းနေ့ညတွင် မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ခရီးသည် ငြိမ်းသူဦး ထိုင်နေသည့်ခုံအောက်ရှိ ၎င်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် နိုင်ရဲထိုင်နေသည့် ခုံအောက်ရှိ ၎င်း၏ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား

၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၁-၂၀၁၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	Breakfast News
၇း၃၅	နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကွန်းပထမပြန်စာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဟောကြားတော်မူအပ်သော "ရဟန်းပြုကျိုးပြသာမညဖလတရားတော်"
၈း၃၅	"မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အကြောင်းသိကောင်းစရာစကားဝိုင်း" (အပိုင်း-၃)
၉း၁၀	ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မိုးကောင်းကျောင်းတိုက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၉း၃၀	လှပစုံလင်အာဆီယံတစ်ခွင်
၉း၄၀	ASEAN Spotlight(53)
၁၀း၃၀	အလုပ်သမားရေးရာ အစီအစဉ်
၁၁း၀၀	မြစ်မခမီဒီယာ (သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း)
၁၁း၂၅	"ကြည်ညိုဖူးမြော် ရွှေကျင်မြို့ရှိ ရှေးသမိုင်းဝင် ကျိုက်ထီးရိုးလေးစေတီတော်"
၁၂း၃၀	တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝိရိယာနန္ဒ (ကမ္ဘောဇဆရာတော်) ဟောကြားတော်မူသော "မြတ်စွာဘုရားနှစ်သက်သော ဘဝနေထိုင်နည်းတရားတော်"
၁၃း၄၀	မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၂၄) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်) (ဒါရိုက်တာ-မင်းခိုက်စိုးစန်)
၁၄း၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်" (အပိုင်း-၇)

ညပိုင်း

၁၆း၃၅	"ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၈၇)
၁၆း၄၀	"Soccer View"
၁၇း၃၅	လူမှုစီးပွားမြင်ကွင်းများ
၁၈း၂၅	မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၁၅	မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၂၅) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ခင်သဇင်၊ ဂုဏ်ရည်အေးကျော်) (ဒါရိုက်တာ-မင်းခိုက်စိုးစန်)
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅	"MSMES စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ အလတ်စားစီးပွားရေးလုပ်ငန်း Medium Level ဆုရ အေးငြိမ်းသီတာတိုင်းရင်းဆေးဝါးလုပ်ငန်း" -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီခင်သီတာထွန်း) -ပြည်သူ့နီတိ "မေတ္တာရောင်ပြန်" -အစီအစဉ်ပြီး၏။

မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်သင့်သော ယဉ်ကျေးမှုအမွေ

ထက်ဝေအောင် (စစ်ကိုင်း)

စာရေးသူတို့သည် မြန်မာလူမျိုးများဖြစ်ခြင်းကြောင့် မြန်မာမှုဗိသုကာလက်ရာနှင့် အဆောက်အအုံများကို တန်ဖိုးထားမြတ်နိုးကြရပေမည်။ မြန်မာ့ရိုးရာ အတတ်ပညာ ဗိသုကာလက်ရာများက ခေတ်အဆက်ဆက် မရိုးနိုင်စွာ ဝင့်ထည်စွာ တည်ရှိနေခြင်းက ချီးကျူးစရာ ကောင်းလွန်းလှပါသည်။ အဆောက်အအုံအမျိုးမျိုးကို ပန်းကနုတ်လက်ရာများ၊ ဘုံအဆင့်ဆင့်ရှိသော ဘုံပြာသာဒ်များဖြင့် အနုစိတ် မွမ်းမံခြယ်သထားသည့် မြန်မာ့ယဉ်ကျေးမှုအနုစိတ်လက်ရာများကို ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်ခေတ်မှ ယနေ့ခေတ်တိုင် ထင်ရှားစွာ တည်ရှိနေသည်ကို တွေ့မြင်ကြရပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များ

နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သောရတနာတစ်ပါးမှာ ယဉ်ကျေးမှုအမွေသာဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ တန်းဖိုးကို ယဉ်ကျေးမှု၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုတို့ဖြင့် သုံးသပ်နိုင်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူစရာ မျက်နှာစာတစ်ခုလည်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ် များစွာ တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သမိုင်းကြောင်းတစ်လျှောက် ဖြစ်တည်ထွန်းကားခဲ့သော ဘုရား၊ စေတီ၊ အဆောက်အအုံများ၊ ရှေးမြန်မာမင်းများ အသုံးပြုခဲ့သော အဆောက်အအုံများ၊ အသုံးပြုခဲ့သည့် ယာဉ်ရထားများ၊ ပစ္စည်းများ ကြွင်းကျန်ခဲ့သဖြင့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပေါများလှသည်ဟု ဆိုနိုင်ပေသည်။

မြန်မာတို့၏ နှလုံးသားပမာ တူညီလှသည့် ပုဂံဒေသတစ်ဝိုက်တွင် ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်စသော သာသနိကအဆောက်အအုံ အကြွင်းအကျန်များစွာတည်ရှိနေသည်ကို တွေ့ရှိရပေသည်။ ပုဂံသည် မင်းပေါင်း ၅၅ ပါး အစဉ်အဆက် အုပ်ချုပ်မင်းလုပ်ခဲ့ကြပြီး ပုဂံမင်းဆက်များမှ ဘုရားပုထိုးပေါင်း မြောက်မြားစွာ တည်ထားလှူဒါန်းခဲ့ကြပေသည်။ "လှည်းဝင်ရိုးသံ တညံညံ၊ ပုဂံဘုရားပေါင်း" ဆိုရိုးစကားပင်ရှိပါသည်။ ကိန်းဂဏန်းဖြင့် ဘုရားပုထိုးပေါင်း ၄၄၄၆၇၃၃ ဆူရှိကြောင်း ဖတ်မှတ်ခဲ့ရဖူးပါသည်။

စိတ်ဆောင်လျှင် အောင်မြင်

မြန်မာမှန်လျှင် ပုဂံကို ရောက်ဖူးကြရပါမည်။ စာရေးသူပင် ပုဂံမရောက်ဖူးသဖြင့် စိတ်ကူးထဲတွင် ကြီးကျယ်ခမ်းနားသော ပုဂံအလှတရားများကို ခံစားကြည့်ချင်စိတ်များ တဖွားဖွားပေါ်နေခဲ့ပါသည်။ စိတ်ဆောင်လျှင် အောင်မြင်သည်ဆိုသည့်အတိုင်း (၁-၁၁-၂၀၁၈) ရက်နေ့တွင် ပုဂံဘုရားဖူးထွက်ဖြစ်ခဲ့ပါသည်။ နံနက် ၆ နာရီခန့်တွင် နေပြည်တော်အိမ်မှ ခပ်မှန်မှန် ကားမောင်းလာခဲ့ရာ ကျောက်ပန်းတောင်းသို့ ၁၀ နာရီခန့်တွင် ရောက်ရှိခဲ့လေသည်။ ကျောက်ပန်းတောင်းမြို့ရှောင်လမ်းမှတစ်ဆင့် ပုပ္ပားတောင်ပေါ်ကို တက်လာခဲ့သည်။ သံလှေကားအတိုင်း တလှုပ်လှုပ်တက်နေသော အဘိုး၊ အဘွားများကို ချီးကျူးမိပါသေးသည်။ တောင်ပေါ်အရောက် အားခဲလို့တက်နေကြသောကြောင့်ဖြစ်ပါသည်။ တောင်ပေါ်ရောက်သည်နှင့် မောခဲ့သမျှ အမောများစွာ ပြေပျောက်ခဲ့ရပေသည်။

ထိုမှတစ်ဆင့် ဗျတ္တပန်းဆက်လမ်းမှ ညောင်ဦးမြို့ကို ခရီးဆက်ဖြစ်ခဲ့သည်။ လမ်းတစ်လျှောက်တွင် ထန်းပင်များမှထွက်ရှိသည့် ထန်းလျက်၊ ထန်းရည်ချို၊ ထန်းရည်ခါး ရောင်းချနေသည့်ဆိုင်များကို တစ်ဆိုင်နှင့်တစ်ဆိုင် မဝေးလှစွာ ခပ်စိပ်စိပ်ပင် တွေ့မြင်ခဲ့ရသည်။ ညောင်ဦးနှင့်နီးလာချိန်တွင် လမ်းညာဘက်ရှိ တုရင်တောင်ဘုရားကို လှမ်းမြင်နေရပေသည်။

ပုဂံဘုရားများ

ညောင်ဦးမြို့ထဲဝင်လာသည်နှင့် မိတ်ဆွေတစ်ယောက်ကို ဝင်တွေ့ဖြစ်ခဲ့ပါသည်။ မိတ်ဆွေမှာ ဒေသခံလည်းဖြစ်၊ ဌာနဆိုင်ရာ မြို့နယ်တာဝန်ခံတစ်ဦးလည်းဖြစ်ပါသည်။ ဒေသခံပီပီ စာရေးသူကို ဖော်ရွေစွာပင်

ခရီးဦးကြိုပြုပါသည်။ တည်းခိုရေးကိစ္စ စီစဉ်ပေးသည့်အပြင် ပုဂံဘုရားများကို လိုက်ပါရှင်းပြပေးနိုင်သူတစ်ယောက်ကိုပါ ထည့်ပေးခဲ့သည်။ ထိုသူမှပင် ကားမောင်းပေးပြီး ပုဂံဘုရားများကို လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။

ပထမဦးဆုံး ပုဂံညောင်ဦး ကားလမ်းဘေးကနားတောင်းများမင်းကြီးတည်ထားတော်မူသော ထီးလိုမင်းလိုဘုရားကို စတင်ဖူးမြော်ဖြစ်ခဲ့ပါသည်။ ပုဂံရှိ လိုဏ်ဂူတော်ကြီးများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး နှစ်ထပ်လိုဏ်ဂူတော်ကြီးဖြစ်ကာ အင်္ဂတေဖြင့်ပြုလုပ်ထားသော ဘီလူးပန်းဆွဲ၊ ရာမလက်ညှိုး၊ ပုလဲကုံးများကို လေ့လာကြည့်ရှုခွင့်ရရှိခဲ့သည်။ ထိုမှတစ်ဆင့် ကျန်စစ်မင်းကြီး ကုသိုလ်တော်ဖြစ်သော အာနန္ဒာဘုရားကို ဖူးခွင့်ရခဲ့ပြန်ပါသည်။ စာရေးသူရင်ထဲ ကြည်နူးပီတိ တရစပ်ဖြစ်ခဲ့ရပါသည်။ အုတ်ထုအုတ်သားများကို ထိကိုင်ကြည့်မိသည်။ နံမှာအာနန္ဒာဆိုသည့်အတိုင်း ပန်းတမော့ကျောက်ဆစ်လက်ရာများ၊ ပန်းတော့ အင်္ဂတေပန်းလက်ရာများ၊ စဉ့်ပန်းစဉ့်ချပ်များဖြင့် ပြောင်မြောက်စွာ မွမ်းမံခြယ်သထားပေသည်။ ဘုရားလေးဆူကို ရည်စူးပြီး မတ်ရပ်ဆင်းတုတော်လေးဆူကို မုဒြာဟန်အမျိုးမျိုးဖြင့် သပ္ပာယ်စွာထုလုပ်ထားရှိသည်။ အလောင်းစည်သူမင်းကြီး တည်ထားသော ရွှေဂူကြီးဘုရား၏ စကြံများရှိ တံခါးနှင့် ပြတင်းပေါက်များမှ အလင်းရောင်ကိုရရှိစေပြီး လေဝင်လေထွက် ကောင်းမွန်လှသည်။ ဘုရားရှင်၏ ဉာဏ်တော်ကို ဂုဏ်ပြုခေါ်ဝေါ်သည့်အလား ပုဂံတစ်ဝိုက်ရှိ ထင်ရှားလှသော သဗ္ဗညုလိုဏ်ဂူတော်ကြီး ထပ်မံဖူးခွင့်ရခဲ့ပြန်ပါသည်။ မြန်မာဗိသုကာပညာရှင်ကြီးများ၏ လေကြောင်းယူပုံ၊ အလင်းယူပုံကို အံ့မခန်းမြင်တွေ့ခွင့်ရခြင်းက ပုဂံဘုရားဖူးခရီးစဉ်ကို ဗဟုသုတတိုးပွားလျက် အမြတ်ထွက်စေခဲ့ပါသည်။ ထို့အပြင် သဗ္ဗညုဘုရားနှင့် ခပ်ဆင်ဆင်တူသော ဂေါဓောပလ္လင်ဘုရားကို ဖူးမြော်ခွင့်ရရှိခဲ့သလို ပုဂံတစ်ဝိုက်တွင် ထုထည်အကြီးမားဆုံး ဓမ္မရံကြီးဘုရားကိုလည်း မြတ်နိုးစွာ ဖူးမြော်ခွင့်ရရှိခဲ့ပါသည်။ ဓမ္မရံကြီးဘုရားကို နရသူမင်းတည်ထားကိုးကွယ်ခဲ့ပြီး ဗိသုကာလက်ရာမှာ မွန်မြန်မာယဉ်ကျေးမှု ပေါင်းစပ်ထားသည်ဟု ပညာရှင်များက လက်ခံထားသော ဘုရားဖြစ်ပါသည်။ အကောင်းဆုံးအုတ်စီပုံနှင့် အပ်ပင်ထိုးမပေါက်လောက်အောင် လက်ရာက အထူးပင်ကောင်းမွန်လှသည်။

ပျားပန်းခပ်မျှ နေရာစုံအောင်သွားလာနေကြ

ပြည်တွင်းပြည်ပ ခရီးသွားများက ပုဂံမြို့ဟောင်း၊ မြို့သစ်အတွင်းရှိ ဘုရားတစ်ခုပြီးတစ်ခု လှည့်ပတ်ဖူးမြော်နေကြပေသည်။ အသားရောင်စုံ၊ နိုင်ငံပေါင်းစုံမှ နိုင်ငံခြားသားများမှာ စက်ဘီးများ၊ E-Bike ဘက်ထရီစက်ဘီးလေးများဖြင့် ပျားပန်းခပ်မျှ နေရာစုံအောင်သွားလာနေကြပါသည်။ နိုင်ငံခြားသားခရီးသွားများ ပိုမိုဝင်ရောက်လာသဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်သည်ဟု ခန့်မှန်းမိပါသည်။ ထို့အပြင် တည်းခိုခန်းများ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ မြင်းလှည်း၊ နွားလှည်း၊ စက်ဘီး၊ ဆိုင်ကယ်အငှားဝန်ဆောင်မှုလုပ်ငန်းများ တွင်ကျယ်လာပြီး ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာနိုင်သည်ဟု သုံးသပ်ထင်မြင်မိပါသည်။ ပြည်တွင်းဘုရားဖူးခရီးသည်များမှာ ထင်ရှားလှသော ဘုရားများကိုသာ တစ်နေကုန် လှည့်လည်ဖူးမြော်ကြလေ့ရှိပြီး အချို့မှာ နေ့ချင်းပြန်ခရီး၊ အချို့ဘုရားဖူးများမှာ စွယ်တော်လေးဆူ နေ့ချင်းဖူးခွင့်ရအောင် ကြိုးစားကြသဖြင့် တစ်ညအိပ်၊ နှစ်ညအိပ်ခရီးခန့်သာ ပုဂံတွင်နေထိုင်ကြကြောင်း သိရှိခဲ့ရပေသည်။

ပုဂံဒေသရှိအလှတရားများစွာက ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများကို ဆွဲဆောင်ဖိတ်ခေါ်လျက် ရှိပေသည်။ ဘုရားဖူးလာသူတိုင်းမှာ ဘုရားစေတီများကို ဖူးမြော်ရခြင်း ပီတိကုသိုလ်ဖြင့် ပထမဆုံး စိတ်အေးချမ်းရပါသည်။ ယနေ့အချိန်တွင် ပုဂံဘုရားတစ်ဝိုက်တွင် ပုဂံရောက်အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ၊ သဲပန်းချီ၊ ပိတ်ပန်းချီ အရောင်းပြခန်းများနှင့် ကနုတ်လက်ရာ လက်အလှဆင် ဆေးရေးခြင်းလုပ်ငန်းက ခေတ်စားလျက်ရှိနေပါသည်။ လက်ပန်းချီရေးဆွဲခဈေးနှုန်းမှာ သင့်တင့်ပြီး မိန်းကလေးအများစု ရေးဆွဲနေကြသည်ကို တွေ့ရှိခဲ့ရပါသည်။ လက်ပန်းချီရေးဆွဲမှုနှင့်အတူ မြန်မာ့ရုပ်သေးရုပ်မျိုးစုံကို သစ်ပင်များတွင် ချိတ်ဆွဲရောင်းချနေပုံမှာလည်း ကဗျာဆန်ပြီး လှပနေပါသည်။ ဈေးနှုန်းမှာ သင့်လှပါသည်။ သိကြားရုပ်ကျပ် ၆၀၀၀၊ ဇော်ဂျီရုပ်အသေးကျပ် ၅၀၀၀၊ ဇော်ဂျီရုပ်အကြီးကျပ် ၆၀၀၀ စသဖြင့် စုံစမ်းသိရှိခဲ့ရပါသည်။ မိန်းကလေးအများစုမှာ ရုပ်သေးရုပ်စုံများဖြင့် အလှခေတ်ပုံရိုက်ကြလေ့ရှိပါသည်။ ထို့ပြင် ပုဂံရောက်အမှတ်တရအင်္ကျီနှင့် ချည်ထည်ဘောင်းဘီပွပွ ဝယ်ယူမှုက အုပ်စုလိုက် ဘုရားဖူးမိန်းကလေးများကြား ပိုမိုရေပန်းစားနေသည်ဟု သိရှိခဲ့ရပါသည်။

ပုဂံ၏ ညနေခင်းအချိန်တွင် ဗူးဘုရားပေါ် ရောက်ရှိခဲ့လေသည်။ ဧရာဝတီမြစ်ပြင်မှ ဖြတ်သန်းတိုက်ခတ်လာသည့် လေအေးအေးက ဘုရားဖူးလာသူအားလုံးကို အေးမြလန်းဆန်းစေပါသည်။ ဧရာဝတီမြစ်ကမ်းစပ်တွင် စက်တပ်ရေယာဉ်ငယ်များ အပြည့်နီးပါးရှိနေပါသည်။ အချို့ဘုရားဖူးများက ရောက်တုန်းရောက်ခိုက် ကမ်းစပ်တစ်လျှောက် အချိန်ပိုင်း စက်လှေစီးနေကြလေသည်။

မြန်မာတို့ရဲ့အသည်းနှလုံး ရှေးဟောင်းမြို့တော် ပုဂံမှာ ရှေးမြန်မာမင်းတို့ ကိုယ့်ထီးကိုယ့်နန်းဖြင့် နေလိုလလို ထင်ရှားခဲ့ပုံ၊ ဘာသာတရားကိုင်းရှိုင်းခဲ့ကြပုံကို ပုဂံဘုရားများက သက်သေထူနေပါသည်။ မုဆိုးမပင် ဘုရားတည်နိုင်သည်ဟူသော စကားကြောင့် ခေတ်ကာလအခြေအနေအရ လယ်ယာစီးပွား ဖြစ်ထွန်းအောင်မြင်ခဲ့ပုံကို တွေးဆကြည့်နိုင်ပါသည်။ ထိုကဲ့သို့ ပုဂံ၏ အတိတ်သမိုင်းကို လေ့လာမိခြင်းဖြင့် စိတ်အစဉ်ဝယ် ကြည်နူးမှု၊ တုန်လှုပ်မှုတို့ ရောယှက်လျက်ရှိနေခဲ့သည်။ အတုယူဖွယ်၊ ရှောင်ကြဉ်ဖွယ်တို့ကို တွေ့မြင်လာခဲ့ရပါသည်။ မည်သို့ပင်ဆိုစေကာမူ ပုဂံသည် မြန်မာတို့အတွက် အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များစုဆုံရာ ရတနာသိုက်ကြီးတစ်ခုဖြစ်ပါသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကြီး

ရှေးဟောင်းမြို့တော် ပုဂံဒေသကို ကမ္ဘာ့အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ကြိုးပမ်းနေကြသည်ဟု ကြားသိရခြင်းကြောင့် ဂုဏ်ယူရပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်မှု အခြေအနေမှာ နည်းပါးလှသော်လည်း ရှေးဟောင်းအမွေအနှစ်များ၏ တန်ဖိုးမှာ အဖိုးမဖြတ်နိုင်စွာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များစွာတည်ရှိနေပါသည်။ ပုဂံဒေသရှိ ရှေးဟောင်းအမွေအနှစ်များစွာသည် ခိုင်မာမှန်ကန်သည့် အထောက်အထားများသာဖြစ်ပါသည်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ ထိန်းသိမ်းလာခဲ့သည့် ရှေးဟောင်းအဆောက်အအုံများဆိုလျှင် မမှားနိုင်ပေ။ ရှေးဟောင်းမြို့တော်ပုဂံဒေသသည် ဒေသခံများအတွက်သာမက မြန်မာနိုင်ငံရှိ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကြီးဟု ခေါ်ဆိုနိုင်ပါသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှလည်း ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရေး စဉ်ဆက်မပြတ် လုပ်ငန်းစဉ်များချမှတ်လျက် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ပြည်သူများမှလည်း ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ပေးသွားရမည်ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်စိတ်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ် အပြည့်အဝထားရှိရပါမည်။ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်ကြရာတွင် အစိုးရ၊ ပြည်သူ၊ ပညာရှင်များနှင့် အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အတိတ်သမိုင်း၏ ခမ်းနားမှု၊ တင့်တယ်မှု အပြည့်ရှိခဲ့သော ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မာရေး ပြည်သူပြည်သားအားလုံးမှ စိတ်ကောင်း နှလုံးကောင်းဖြင့် နိုင်ငံကြီးသားပီသစွာ တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သင့်လှပါကြောင်း နှိုးဆော်တိုက်တွန်းရေးသားအပ်ပါသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အိန္ဒိယသံအမတ်ကြီးနှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်တို့အား လက်ခံတွေ့ဆုံ

ဟားခါး နိုဝင်ဘာ ၂၁

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr.Vickram Misri နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Dr. Kumar Praveen တို့အား နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဟားခါးမြို့ ပြည်နယ် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ သံအမတ်ကြီး H.E.Mr.Vickramနှင့် ကောင်စစ်ဝန်ချုပ် Dr. Kumar Praveen တို့သည် ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးများ ပိုမိုတိုးတက်လာစေရေး၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် နယ်စပ်ဈေးနှင့် နယ်စပ်တံတားတည်ဆောက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မနော်ရမ္မံကစားကွင်းတွင် နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီက (၂၉) နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ယနေ့ခေတ်ကြီးမှာ ကလေးငယ်တွေဟာ အမြတ်ထုတ်မယ့် အဖွဲ့အစည်းတွေရဲ့ အရွယ်နဲ့မလိုက်အောင် အဓမ္မစေခိုင်းမှုတွေရှိတယ်၊ ကျေးကျွန်ပြုနေတာတွေရှိတယ်၊ လူကုန်ကူးနေတာတွေရှိတယ်၊ ကလေးသူငယ်တွေရဲ့ဖွံ့ဖြိုးမှုဟာ နိုင်ငံရဲ့ဖွံ့ဖြိုးမှု ဖြစ်တယ်ဆိုတာ သိထားမှဖြစ်ပါမယ်၊ လူသားရင်းမြစ်ဖြစ်တဲ့ ကလေးသူငယ်တွေအောင်မြင်စေဖို့ သူတို့လမ်းကို သူတို့ လျှောက်သွားနိုင်ဖို့ အရည်အသွေးတွေရှိအောင် ဆောင်ရွက်ပေးရမယ်" ဟု ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများအား အောင်စံမန္တလာအဖွဲ့ ကလေးသူငယ်များ၊ နားမကြားသော ကလေးများကျောင်းမှ ကလေးသူငယ်များ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းသူလေးများ၊ ရှေ့ဆောင်လမ်းပြကြယ်အဖွဲ့ မူကြိုကလေးငယ်များ၊ သုခရိပ်မြုံ ပရဟိတဂေဟာမှ ကလေးသူငယ်များ၊ အဖွဲ့အစည်းအသီးသီးမှ ကလေးသူငယ်များက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အမျိုးသမီး ကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး CRC ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ၊ NGO, INGO များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကလေးငယ်အင်အား တစ်ထောင်ကျော်တို့ တက်ရောက်ခဲ့ကြသည်။

ဖျော်ဖြေမှုအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တိုင်းဒေသကြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များမှ ပြခန်းများ၊ ကလေးသူငယ်များ ဉာဏ်စမ်းပဟေဠိများ၊ ဂိမ်းများ၊ ပျော်ရွှင်စရာ ကစားနည်းများအား လှည့်လည်ကြည့်ရှုသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်တွင် (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်၁၉၉၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ပါ အခွင့်အရေး (၄)ချက် ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံခွင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်တို့ကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အစီရင်ခံခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

တင်မောင် (မန်းကိုယ်ပွား)

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသထွက်ငါးပိအရည်အသွေးပြိုင်ပွဲနှင့် ဒေသထွက်ကုန်ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနား တက်ရောက်

ထားဝယ် နိုဝင်ဘာ ၂၁

ဒေသထွက်ငါးပိအရည်အသွေးပြိုင်ပွဲနှင့် ဒေသထွက်ကုန်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ည ၇ နာရီက ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်း အများပြည်သူအနားယူအပန်းဖြေကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်ရန်နှင့် ဒေသထွက်ကုန်အပေါ် စိတ်ဝင်စားမှုမြင့်တက်လာစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဒေသထွက်ကုန်ဖြစ်သည့် ငါးပိမှာ အရည်အသွေးကောင်းမွန်ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရာတွင် အရည်အသွေးကောင်းမွန်သည့်အတွက် မျက်နှာပန်းလှကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်မိုးသူက ဈေးရောင်းပွဲတော်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများက ခင်းကျင်းပြသထားသော ဒေသထွက်ကုန်ပစ္စည်းများအား ကြည့်ရှုအားပေးသည်။

ထားဝယ်ဒေသထွက်ပစ္စည်းများ ပိုမိုတွင်ကျယ်စွာရောင်းချနိုင်ကာ ဈေးကွက်ပိုမိုရရှိလာနိုင်ရေးကို ရည်ရွယ်လျက် ခရီးသွားပြည်သူများနှင့် ဒေသခံများအား ဒေသထွက်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် စုံလင်စွာမိတ်ဆက်ပြသရောင်းချပေးသည့် ဒေသထွက်ကုန်ပစ္စည်းဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်ထိ ရောင်းချပေးခဲ့ပြီး ဈေးရောင်းပွဲတော်တွင် ဒေသထွက်ငါးပိအရည်အသွေးပြိုင်ပွဲကို တစ်ပြိုင်တည်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညောင်ဦးမြို့နယ်၌ ကျေးရွာခုနစ်ရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

ညောင်ဦး နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံး ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ကျေးရွာခုနစ်ရွာတွင် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် လျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ(အင်/ယာ) ဦးဝင်းထိန်ထံမှ သိရသည်။

"ကျေးရွာများအား လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံး ၊ ၂၀၀ ကေဗွီအေထရန်စဖော်မာ နှစ်လုံး ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာလေးလုံး ခွင့်ပြုချထားပေးခဲ့ပါတယ်။ အခု ကျေးရွာခုနစ်ရွာ မီးလင်းနိုင်ရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၇ ဒသမ ၇၂၂ မိုင် တည်ဆောက်ပေးခဲ့ပါတယ်။ အိမ်ခြေပေါင်း ၇၀၈ အိမ် ၂၄ နာရီ လျှပ်စစ်မီးသုံးစွဲခွင့် အကျိုးပြုနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ညောင်ဦးမြို့နယ် ကျေးရွာပေါင်း ၁၁ ရွာကို မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပေးနေတာဖြစ်လို့ မကြာမီအချိန်မှာ ဒေသခံကျေးလက်နေ ပြည်သူတွေ ၂၄ နာရီလျှပ်စစ်မီး အသုံးပြုခွင့်ရရှိစေမှာ ဖြစ်ပါတယ်" ဟု ညောင်ဦးမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ် လျှပ်စစ်မန်နေဂျာ (အင်/ယာ) ဦးဝင်းထိန်က ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)

ဆွာချောင်းသဲသောင်ပြင်တွင် တစ်နိုင်တစ်ပိုင် ကြက်သွန်နီစိုက်ပျိုး

ရေတာရှည် နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း အနောက်မှ အရှေ့သို့စီးဆင်းသည့် ဆွာချောင်းတစ်လျှောက် ရေနည်းပါးချိန်ဖြစ်သည့် ယခုအချိန်၌ သဲသောင်များဖြစ်ထွန်းလျက်ရှိရာ ချောင်းရိုးတစ်လျှောက်ရှိ ဒေသခံများအနေဖြင့် တစ်နိုင်တစ်ပိုင် ကြက်သွန်နီများ စတင်စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။

မိုးစပါးရိတ်သိမ်းပြီးသည့် တောင်သူများ၊ လယ်ယာလုပ်ကိုင်ခြင်းမရှိကြသည့် ဒေသခံများ မိမိတို့တတ်နိုင်သလောက် ကြက်သွန်နီမျိုးများ ဝယ်ယူပျိုးထောင်ကာ စိုက်ပျိုးကြခြင်းဖြစ်သည်။

ကြက်သွန်နီစိုက်ပျိုးရာတွင် အပင်များရေလောင်းသည့်အခါ ချောင်းရေမှာ နီးကပ်စွာရှိနေသည့်အတွက် များစွာအဆင်ပြေသည်။ အများအပြားစိုက်ပျိုးကြသူများအနေဖြင့် ထွက်ရှိလာမည့် ကြက်သွန်နီကို တန်ခူးလဆန်းပိုင်း၌ ကျင်းပမည့် မယ်ဒက်ကယ်ဘုရားပွဲတော်ကြီးတွင် သွားရောက်ရောင်းချလေ့ရှိကြသည့်အတွက် မိသားစုအတွက် အပိုဝင်ငွေများစွာရရှိနိုင်မည်ဖြစ်သည်။

ကိုလွင်(ဆွာ)

တန်ဆောင်တိုင်ရုံးပိတ်ရက် ပုဂံ–ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန် ပြည်တွင်းပြည်ပခရီးသွားဘုရားဖူးဧည့်သည် လာရောက်မှုများပြား

ညောင်ဦး နိုဝင်ဘာ ၂၁

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့၊ ပုဂံမြို့ရှိ သမိုင်းဝင်ဘုရားများတွင် ပြည်တွင်းပြည်ပခရီးသွား ဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ ဝင်ရောက်လျက်ရှိကြောင်း ရွှေစည်းခုံဘုရားဂေါပက ဒုတိယဥက္ကဋ္ဌ(၁)ဦးဝင်းမြင့်မောင်က ပြောသည်။

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်အတွင်း သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ ဓမ္မရာဇကာ၊ မနူဟာဘုရား၊ မြစေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ ဓမ္မရံကြီး၊ သဗ္ဗညုဘုရား၊ ထီးလိုမင်းလို၊ အာနန္ဒာဘုရား၊ ဗူးဘုရား၊ ငှက်ပစ်တောင်၊ စူဠာမဏိ အစရှိသည့်ဘုရားများတွင်ဘုရားဖူးဧည့်သည် များပြားနေသည်မှာ ကားထားသည့် နေရာမရရှိလောက်အောင်ပင် များပြားလျက်ရှိသည်။

အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံဘုရားကြီးသည် တစ်နှစ်ပတ်လုံး ဘုရားဖူးလာကြသည့် ခရီးသွား ပြည်တွင်းပြည်ပဧည့်သည်များနှင့်စည်ကားနေကာ ဘုရားကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ဧည့်သည်များ စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ရန် ရွှေစည်းခုံဂေါပကအဖွဲ့မှလည်း လုံခြုံရေး၊ သန့်ရှင်းရေး၊ အလှူခံဌာန၊ ကွပ်ကဲကြီးကြပ်ရေးရုံး၊ ရေ၊ မီး၊ လျှပ်စစ်ကဏ္ဍများအတွက် ရွှေစည်းခုံဘုရားကြီးဘက်ပေါင်းစုံထိန်းသိမ်းနိုင်ရန် ဝန်ထမ်းပေါင်း ၇၀ ကျော်နှင့် ဂေါပကဥက္ကဋ္ဌ အဖွဲ့ ၁၇ ဦးဖြင့် နေ့စဉ်ဘုရားကြီး ဝေယျာဝစ္စများ ဆောင်ရွက် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ကိုထိန် (ငါ့သရောက်)**

တာချီလိတ်ရွှေတိဂုံစေတီတော်ရင်ပြင်၌ အကြိမ်(၂၀)မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ

တာချီလိတ် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်တင်လှူခြင်း အထိမ်းအမှတ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ စုပေါင်း၍ အကြိမ်(၂၀) မြောက် စုပေါင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်က စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြသည်။

သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင် စုစုပေါင်း အပါး ၃၅၀ ကျော်တို့အား ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ဝေယံလင်း(ပြန်/ဆက်)

(၉၈)နှစ်မြောက် အမျိုးသားနေ့အကြို အထိမ်းအမှတ်အခမ်းအနား မြို့နယ်များ၌ကျင်းပ

ဟိုပုံး

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် စဝေါကျေးရွာအုပ်စု အ-လ-က(ခွဲ) ခိုခြံကျောင်း၌ နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက (၉၈)နှစ်မြောက် အမျိုးသားနေ့အကြို အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ဟောပြောပွဲတွင် အ-လ-က(ခွဲ) ခိုခြံကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းခမ်းချိုးက အမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ငဖဲ

ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက (၉၈) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အကြို ‘အမျိုးသားအောင်ပွဲနေ့’ ခေါင်းစဉ်ဖြင့် အထက်တန်းဆင့် ကဗျာပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ယုယုသိန်းက အမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် ပြိုင်ပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းဆင့် ကျောင်းသား ကျောင်းသူ ၂၀ တို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြောင်းမြ

(၉၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် မြောင်းမြမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဦးကျင်စိုး (မောင်လှိုင်းသစ်-ချစ်စရာမြေ) က ‘အောင်ပွဲများနဲ့ မြန်မာပြည်’ အကြောင်းကို ဟောပြောရာ မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာမများ၊ မိဘများတက်ရောက်ခဲ့ကြသည်။ **စန္ဒာမိုး(ပြန်/ဆက်)**

ဘားအံ

(၉၈)နှစ်မြောက်အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပသည်။

အဆိုပါစာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် သုတ၊ ရသ၊ ကဗျာ စာအုပ်စာပေမျိုးစုံကို ခင်းကျင်းကာ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် နိုဝင်ဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီထိ ငါးရက်တိုင် ရောင်းချပေးကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

နောင်ချို

(၉၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် မူလတန်းအဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ ပြိုင်ပွဲသို့ နောင်ချိုမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများချီးမြှင့်ပေးခဲ့ကြသည်။ **စိုးဝင်း (နောင်ချို)**

မကွေးတိုင်းဒေသကြီး၌စက်စွမ်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်းလွှမ်းခြုံဆောင်ရွက်

မကွေး နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ၌ စက်စွမ်းအားဖြင့် ၈၀ ရာခိုင်နှုန်း လွှမ်းခြုံလုပ်ဆောင်နေပြီး စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းတွင် ၇၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြား၊ ထွန်ယက်ခြင်းလုပ်ငန်းတွင် ၈၅ ရာခိုင်နှုန်း လွှမ်းခြုံကာ စက်ကိရိယာများဖြင့် ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုထံမှ သိရသည်။

ရိတ်သိမ်းခြွေလှေ့လုပ်ငန်းများအတွက် စက်မှုလယ်ယာဦးစီးဌာနပိုင်စက် ၂၂စီး ၊ တောင်သူပိုင် ၁၃၂ စီးရှိပြီး ရိတ်သိမ်းပြီးနေရာများတွင် ထွန်ယက်ရေးလုပ်ငန်းဆောင်ရွက်ရန် မြင်းကောင်ရေ ၅၀ မှ ၉၀ထိ ထွန်စက်ကြီး ၄၉၉၇ စီး၊ တစ်နိုင်တစ်ပိုင်လက်တွန်းထွန်စက် ၂၀၁၂၄ စီး အသုံးပြုဆောင်ရွက်လျက်ရှိသည်။

“ရိတ်သိမ်းခြွေလှေ့လုပ်ငန်းက နိုဝင်ဘာကနေ ဇန်နဝါရီလလောက်ထိ လုပ်ရတာ။ ဒီလုပ်ငန်းပြီးရင် ဆောင်းသီးနှံအတွက် ထွန်ယက်ရေးလုပ်ငန်း တစ်ပြိုင်နက်ဆောင်ရွက်ရတာပေါ့။ ရာသီမီ စိုက်ပျိုးနိုင်အောင် ကွန်ဗိုင်းဟာဗာစတာ ရိတ်သိမ်းခြွေလှေ့စက် အသုံးပြုခြင်းအားဖြင့် အချိန်မီ ရိတ်သိမ်းပြီးစီးနိုင်ပြီးတော့ နောက်သီးနှံကို အချိန်မီ စိုက်နိုင်တာပေါ့။ အဓိကဆောင်းသီးနှံ အစိုဓာတ်ကို မီအောင် လုပ်ရတဲ့အတွက် အချိန်မီရိတ်နိုင်တယ်၊ အချိန်မီ စိုက်နိုင်တယ်ဆိုရင် ဆောင်းသီးနှံအတွက် သေချာတယ်။ ဒါ့ကြောင့် စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ဒီစက်တွေကို မကွေးတိုင်းအတွင်းမှာ တွင်တွင်ကျယ်ကျယ်သုံးနိုင်အောင် ဆောင်ရွက်ပေးနေပါတယ်” ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း စပါးရိတ်သိမ်းချိန်မှာ မြန်မာပြည်အောက်ပိုင်းထက် တစ်လခန့်နောက်ကျသည့်အတွက် ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးများမှ လုပ်ငန်းခွင်ပြီး စက်များငှားရမ်းရန် ဝင်ရောက်လာသည်များလည်းရှိကာ စက်ကိရိယာဝင်ထွက်၍ရသည့် နေရာအများစုတွင် ရိတ်သိမ်းခြွေလှေ့စက်ကိုသာ အသုံးပြုနေကြပြီး တောင်ပေါ်ကုန်းမြင့်ဒေသအနည်းငယ်သာ လူအင်အားသုံးပြီး ရိတ်သိမ်းမှုရှိတော့ကြောင်း သိရသည်။

ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုသည့်အခါ လေလွင့်ဆုံးရှုံးမှု ငါးရာခိုင်နှုန်းခန့် လျော့ကျသွားသည့်အတွက် စက်အသုံးပြုခြင်းဖြင့် အထွက်ငါးရာခိုင်နှုန်းပိုလာသည်ဟုယူဆ၍ရနိုင်ပြီး မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ၌ စက်စွမ်းအားအသုံးပြုမှု ပိုမိုအားကောင်းလာရေး ဆောင်ရွက်နေကြောင်း သိရသည်။ **ဖေယျာတု(မကွေး)**

မြိတ်မြို့တွင် Myanmar Fitness Dance ဆင့်ပွားနည်းပြသင်တန်းဆင်းပွဲ ကျင်းပ

မြိတ် နိုဝင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အစီအစဉ်ဖြင့် မြိတ်ခရိုင်အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် Myanmar Fitness Dance ဆင့်ပွားနည်းပြသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီက ကျင်းပသည်။

မြိတ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရည်မွန်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြအဖွဲ့က Myanmar Fitness Dance ဖြင့် သရုပ်ပြကပြဖျော်ဖြေခဲ့ကြသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများက အဖွဲ့လိုက် သရုပ်ပြယှဉ်ပြိုင်ကပြခဲ့ကြသည်။

အဆိုပါသင်တန်းကို ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် ရောဂါဘယပိုမိုဖြစ်ပွားလာမှုကို လျှော့ချပေးစေခြင်းဖြင့် ကျန်းမာရေးကြံ့ခိုင်ပြီး စိတ်လက်ရွှင်လန်းသူများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၉၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

မုံရွာမြို့တွင် အာမခံအလုပ်သမားများအား အကျိုးခံစားခွင့်များ ထုတ်ပေး

မုံရွာ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီးမုံရွာမြို့ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ ဦးသန်းနိုင်ဦးက လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားကာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များကို ထုတ်ပေးခဲ့သည်။

တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးက အလုပ်ခွင်ပြင်ပ ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား ဦးသံချောင်း၏ အာမခံငွေကျပ် ၁၀၁၆၄၀၀၀ အား ဇနီးဖြစ်သူ ဒေါ်ယဉ်နွယ်ဟန်အားလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးအောင်ခိုင်က မြန်မာ့မီးရထားမှ အာမခံ အလုပ်သမား ဦးကျော်ကျော်၏ အာမခံငွေကျပ် ၆၇၀၈၂၄၀ အား ဇနီးဖြစ်သူ ဒေါ်ဥမ္မာအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံက အာမခံအလုပ်သမား ဦးစောဝင်းသန့်၏ အမြဲတမ်းမသန်စွမ်းမှုငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၅၀၉၃၅၅၀ အား အာမခံအလုပ်သမား ဦးစောဝင်းသန့်အားလည်းကောင်း အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ရှိသူများ၊ အာမခံအကျိုးခံစားခွင့်ရ အလုပ်သမားနှင့် ကျန်ရစ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဖေယျာတိုင်း)**

ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

မေတ္တာစွမ်းအားနှင့် မိုင်းဖုန်းဆရာတော်



မိုင်းဖုန်းဆရာတော်သည် မည်သည့်အရပ်ဒေသမဆို ကြွရောက်တော်မူသည့်အခါတိုင်း လူမျိုးဘာသာ အဆင့်အတန်းမခွဲခြားဘဲ မေတ္တာတရားဖြင့်သာ ဆက်ဆံတော်မူခဲ့သည်။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများအပေါ်တွင် ဖြူစင်သည့် ကာယကံ၊ ဝစီကံ၊ မနောကံ၊ မေတ္တာများထားရှိကာ ကျင့်သုံးလျှင် မေတ္တာစွမ်းအား ကြီးမားထက်မြက်စေနိုင်သည်ဟု မိန့်ကြားတော်မူသည်။ ဆရာတော်ကိုယ်တိုင်လည်း လက်တွေ့ကျင့်သုံးလျက်ရှိပြီး မေတ္တာစွမ်းအားဖြင့် သာသနာပြုလုပ်ငန်းများကို အထောက်အကူပြုနိုင်ခဲ့သည်။ ဆရာတော်ကြွရောက်ရာဒေသများမှ လူမျိုးဘာသာမရွေး ကြည်ညိုလေးစားမှုရှိကြောင်းတွေ့ရသည်။ ဆရာတော်၏မေတ္တာစွမ်းအားတို့အနက် နိုင်ငံတကာမှ အသိအမှတ်ပြုမှုကို ၂၀၁၈ ခုနှစ်တွင် ခံခဲ့ရကြောင်း စာရေးသူသီပေါကိုလတ် စီစဉ်ရေးသားသည့် စာအုပ်ထွက်ရှိလာသည်။

စာအုပ်ကို မိုင်းမောဝ်ဇကရီ စာအုပ်တိုက်(ရှမ်းပြည်နယ်)။ ဖုန်း-၀၉-၄၀၃၇၀၈၈၉၇ နှင့် ၀၉-၂၅၂၄၇၂၈၉၄ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

ရွှေနေလည်း မှားတတ်သည် တရားသူကြီးလည်း မှားတတ်သည်နှင့် စီရင်ထုံးကိုးကား ဥပဒေပညာပေးဆောင်းပါးများ

စာရေးသူ စိန်လှိုင်ဗိုလ် စီစဉ်ရေးသားသည့် ရွှေနေလည်းမှားတတ်သည် တရားသူကြီးလည်း မှားတတ်သည်နှင့် စီရင်ထုံးကိုးကား ဥပဒေပညာပေးဆောင်းပါးများစာအုပ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဆရာစိန်လှိုင်ဗိုလ်သည် မန္တလေးမြို့ ရတနာပုံသတင်းစာတွင် ဥပဒေပညာပေးဆောင်းပါးများ ရေးသားလျက်ရှိပြီး မြန်မာတိုင်းမ်နေ့စဉ်သတင်းစာတွင်လည်း ဥပဒေနှင့်သက်ဆိုင်သည့်ဆောင်းပါးများရေးသားလျက်ရှိသည်။ လက်ရှိတွင် တရားလွှတ်တော်ရှေ့နေတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ယခုစာအုပ်တွင် စွန့်လွှတ် ကွာရှင်းမသက်ဆိုင်ခြင်းဟု ကြော်ငြာရုံဖြင့် ဥပဒေအကျိုးသက်ရောက်ခြင်း မရှိပါ၊ သေတမ်းစာ ဗုဒ္ဓဘာသာဝင်နှင့် ပစ္စည်းလွှဲပြောင်းပေးအပ်ခြင်း၊ ချေးမကတောင်းသည့်အမွေမှုအကြောင်း၊ မသမာသောစိတ်ဖြင့် တရားစွဲခံရလျှင် စွဲဆိုသူထံမှ နစ်နာကြေးတောင်းနိုင်၊ တရားရုံး တရားခွင်အမှန်တကယ်ပြောင်းလဲစေချင်စသည့် ဆောင်းပါး ပုဒ်ရေ ၃၀ ပါရှိသည်။ ဤစာအုပ်သည် စာရှုသူများ ဥပဒေအသိပညာဗဟုသုတတိုးပွားစေရန် အထောက်အကူပြုနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်သည် စာမျက်နှာ ၁၃၅ မျက်နှာပါရှိပြီး ပထမအကြိမ်အဖြစ် တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

သဘင်သုံး အလင်္ကာစာပေမှတ်တမ်းများ



ပန်တျာ မြကြည်၏ သဘင်သုံး အလင်္ကာစာပေမှတ်တမ်းများ စာအုပ်ထွက်ရှိလာသည်။

မင်းသားနှင့် မင်းသမီးတို့ တတ်အပ်သော ပညာရပ်၊ ခွန်းတောက်၊ လေပြေ၊ သဖြန်၊ ရတု၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ ရေလမ်းခရီးကဏ္ဍ၊ အိမ်နိမ့်တော်ပေးကဏ္ဍ၊ ထီးတော်တင်ကဏ္ဍ၊ ငိုချင်း၊ လိုရာသုံးကဏ္ဍ၊ ကြွတ္တိယကဏ္ဍ၊ ကထိန်အကြောင်းကဏ္ဍ၊ ပဗ္ဗဇ္ဇမင်္ဂလာဘိသိက်ကဏ္ဍ၊ ဧယင်ကျူးကဏ္ဍ၊ မင်းသားစခန်းချ၊ နှစ်ပါးသွား၊ နရီချ၊ အထွေထွေဗဟုသုတပညာရပ်တွေကို အသီးသီး အပိုင်းအခြားခွဲပြီး ဖော်ပြထားသည်။

စာအုပ်ကို မန္တလေး ထွန်းစာပေ၊ နဂါးစာပေ၊ စိတ်ကူးချိုချိုစာပေ၊ မျိုးဆက်သစ်စာပေနှင့် ဇော်ဌေး၊ ယဉ်ကျေးမှုအမျိုးသားဇာတ်ရုံတို့တွင် တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိထားသည်။

နရသိန်စံအိမ်တွင်းမှ ပေးစာများ

စာရေးသူသန်းထွန်း (ပျဉ်းမနား) ပြုစုရေးသားသော နရသိန်စံအိမ်တွင်းမှ ပေးစာများစာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် စာရေးသူအတွေ့အကြုံများ ပြုစုရေးသားခဲ့သော စာအုပ်၊ စာစောင်များထဲမှ ဗဟုသုတဖြစ်ဖွယ်ရာများနှင့် စာပေရသတစ်ခုကို ပေးစွမ်းနိုင်သော ကောင်းနိုးရာရာစာစုများကို စုစည်းကာ မိသားစုဝင်များထံသို့ အခွင့်အခါကြုံတိုင်း ရေးသားဖြစ်ခဲ့သော သုတ၊ ရသစာစုများဖြစ်သည်။ မိသားစုသာမက ရင်းနှီးချစ်ခင်သော ဆွေမျိုးရင်းချာ ညာတကာနှင့် မိတ်ဆွေအပေါင်းအသင်းရောင်းရင်းများကိုလည်း မျှဝေခံစားလိုသည့် စေတနာဖြင့် နရသိန်စံအိမ်တွင်းမှ ရေးသားခဲ့သော စာများအနက် အချို့ကို ရွေးချယ်စုစည်း၍ စာအုပ်အဖြစ် ဖန်တီးမျှဝေခံစားခြင်းဖြစ်သည်။

စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်(၂၇၄၊ ဘီ)၊ လမ်း၄၀ အပေါ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၂၀၁၅၈၆မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

အရှင်ဇနကာဘိဝံသ၏ သာသနာရေးမျှော်မှန်းချက်များနှင့် ဝံသမှတ်စု



စာရေးဆရာကြီးမောင်ဝံသ ရေးသားပြုစုသော အရှင်ဇနကာဘိဝံသ၏ သာသနာရေးမျှော်မှန်းချက်များနှင့် ဝံသမှတ်စုစာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် သာသနာပြုဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့်တကွ ဆရာတော်ကြီး၏ သာသနာရေးမျှော်မှန်းချက်၊ ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာ သာသနာ့အရေးဆောင်ရွက်တော်မူပုံများ၊ ဗုဒ္ဓသာသနာဖြင့် ပြည်မြန်မာ တိုးတက်ကြီးပွားစေရမည်ဆိုသည့် ပြင်းပြသော ဆရာတော်ကြီး၏ စေတနာသဒ္ဓါတရားတို့ကို ပြတ်ပြတ်ထင်ထင် တွေ့မြင်ရမည်ဖြစ်ပြီး ဆရာမောင်ဝံသ၏ မှတ်စုစာတမ်းများကို ဖတ်ရှုကြရမည်ဖြစ်သည်။

စာအုပ်ကို ဒေါင်းစာပေ၊ အမှတ် (၁၁၃)၊ ၃၃ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၇၃၂၁၀ နှင့် ၀၉-၅၁၆၂၀၆၄ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သီပေါမင်း၏ ရတနာပုံနန်း နောက်ဆုံးနေ့များ

စာရေးဆရာ တက္ကသိုလ်စိန်တင်၏ သီပေါမင်း၏ ရတနာပုံနန်း နောက်ဆုံးနေ့များ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် သီပေါဘုရင်နှင့် မိဖုရားတို့၏ နာကြည်းကြေကွဲဖွယ်ရာများ၊ သင်ခန်းစာယူဖွယ်ရာများ၊ ရတနာပုံနန်းမှ အနိမ့်စခန်းသို့ ဆင်းသက်ကြွမြန်းရသည့်အကြောင်းရင်း၊ နောင်အခါ တိုင်းတစ်ပါးသားတို့၏ စော်ကားထိပါးခြင်းမခံရလေအောင် မည်သို့ကြံဆောင်ကြိုးစားပြင်ဆင်အားထုတ်ရမည်နည်းကဲ့သို့သော နန်းတွင်းရေးရာအကြောင်းစုံတို့အပြင် ပုဂံခေတ်အနန္တသူရိယခေတ်ကြီး၏ သံဝေဂကဗျာတို့ကို ခံစားစေလိုသော စေတနာဖြင့် ရေးသားပြုစုတင်ဆက်ထားခြင်းဖြစ်သည်။

စာအုပ်ကို ဂုဏ်ထူးစာပေ၊ အမှတ် (၁၉၂)၊ ၃၃ လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း ၃၈၆၅၉၀ နှင့် ၃၈၆၅၉၅တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် တစ်ပြည်လုံးသို့ ပထမအကြိမ်ဖြန့်ချိထားကြောင်း သိရသည်။

ယုန်ကလေးနှာစေးနေသည်

စာရေးသူ ခင်မာလာကြာဖြူရေးသားသော ယုန်ကလေးနှာစေးနေသည်စာအုပ်ကို ဒေါင်းစာပေမှ ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလာသည်။

စာအုပ်တွင် ယုန်ကလေးနှာစေးနေသည်ဆောင်းပါးစာစုနှင့်အတူ သည်လမ်းသည်စခန်း၊ ဆီဖြစ်သွားတဲ့နှမ်းတစ်လုံး၊ ဗီဇ၊ ဘယ်မှာလဲ ဘယ်လိုလဲ ဘယ်လဲ၊ အကျင့်စရဏ၊ အပြစ်တင်ခြင်းသည် ဆင်းရဲခြင်း ကျေးဇူးတင်ခြင်းသည် ချမ်းသာခြင်း၊ ဒဏ်ရာကို ပညာဖြင့် သိမ်းသူ၊ ငါရှုံးပါစေ၊ အမှန်တရားနိုင်ပါစေစေသော အတွေးအမြင်စာစုပေါင်းများစွာကို ဖတ်ရှုကြရမည်ဖြစ်သည်။

စာအုပ်ကို ဒေါင်းစာပေ အမှတ် (၁၁၃)၊ ၃၃ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၇၃၂၁၀ နှင့် ၀၉၅၁၆၂၀၆၄တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။

စီးပွားရေးလုပ်ငန်း ဘယ်လိုစတင်လုပ်ကိုင်ကြမလဲနှင့် စီးပွားရေးလုပ်ငန်း ဘယ်လိုလုပ်ကိုင်ကြမလဲ



စာရေးဆရာမောင်မိုး (သုတေသီ) ပြုစုရေးသားသော စီးပွားရေးလုပ်ငန်း ဘယ်လိုစတင်လုပ်ကိုင်ကြမလဲနှင့် စီးပွားရေးလုပ်ငန်းဘယ်လိုလုပ်ကိုင်ကြမလဲ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် စီးပွားရေးလုပ်ကိုင်ရာတွင် လုံးဝကွဲပြားခြားနားသော ချဉ်းကပ်နည်းများနှင့် စဉ်းစားတွေးခေါ်ပုံများ၊ လွတ်လပ်ပွင့်လင်းသော စီးပွားရေးအခင်းအကျင်းသစ်တွင် ကြီးမားသောအထောက်အကူများ၊ စီးပွားရေးလုပ်ငန်းကိုလက်တွေ့ကျကျ လုပ်ကိုင်နေသူများ၊ အမှန်တကယ် ကြုံတွေ့နေရသော ပြဿနာရပ်များဖြေရှင်းနည်းနှင့် လုပ်ငန်းများ၏ သဘောသဘာဝကို အတွင်းကျကျ သိမြင်ပြီး ရှင်းလင်းလွယ်ကူသော လမ်းညွှန်များကို ဤစာအုပ်မှ ရရှိမည်ဖြစ်သည့်ပြင် လက်တွေ့နှင့် အလွန်ကင်းကွာလှသော စီးပွားရေး စာအုပ်စာတမ်းများသာ အများစုဖြစ်နေသော အခြေအနေတွင် စီးပွားရေးလုပ်ငန်း ဘယ်လိုလုပ်ကိုင်ကြမလဲဆိုသည်ကို ရှင်းပြထားသော စာအုပ်ဖြစ်သည်။

စာအုပ်ကို အရုဏ်သစ်စာပေ၊ အမှတ် (၃၆၅၊ ၃၆၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၁၂၆၃ နှင့် ၂၅၀၁၉၉တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိသည်။

နိုဝင်ဘာ ၂၀ ရက်က (၈၇) ကြိမ်မြောက် တောင်ငူမြို့ နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည် ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ကေတုမတီမုခ်အနီး ဗဟိုမဏ္ဍပ်၌ ကျင်းပရာ နှစ်ကျိပ်ရှစ်ဆူ ဘုရားများ တောင်ငူမြို့တွင်းသို့ ဒေသစာရီလှည့်လည်အပူဇော်ခံစဉ်။

သူရ(တောင်ငူ)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား မော်လမြိုင်တွင်ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက (၂၉)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

မွန်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်စံဝင့်ခိုင်က လူ့အခွင့်အရေးကော်မရှင်က ၁၉၇၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့အဖြစ်သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံများက တင်သွင်းသော ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်သည့် ကွန်ဗင်းရှင်းမူကြမ်းများအပေါ် စိစစ်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများကို ဖွဲ့စည်းပြီး ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများအနေဖြင့် ကလေးသူငယ်ဥပဒေပါ ကလေးသူငယ်အခွင့်အရေးများဖြစ်တဲ့ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်စသည့် အခွင့်အရေးလေးမျိုးကို ကလေးသူငယ်တိုင်းရရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်လူမှုရေးဝန်ကြီး၊ မွန်ပြည်နယ်လွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

မွန်ပြည်နယ်တွင် မူကြိုအရွယ်ကလေးငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်း၊ ပညာရေးဌာန မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ပြီး မူကြိုအရွယ်ကလေးငယ်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်လျက်ရှိရာ ကလေးသူငယ်ဥပဒေအရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးများနှင့်ပတ်သက်၍ မော်လမြိုင် ကလေးပြုစုရေးဌာနတွင် ကလေးငယ် ၄၃ ဦး၊ လူငယ်သင်တန်းကျောင်းတွင် ကလေးနှင့် လူငယ် ၁၃၅ ဦး၊ မွန်ပြည်နယ်အတွင်းရှိ ပရဟိတဂေဟာငါးခုတွင် ကလေးနှင့်လူငယ် ၁၀၈၆ ဦး အမျိုးသမီးစောင့်ရှောက်ရေးရိပ်သာတွင် အမျိုးသမီး ၁၆ ဦး စုစုပေါင်းဦးရေ ၁၂၈၀ တို့ကို ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ထားရှိပြီး အတန်းပညာများ သင်ကြားပေးခြင်းအပြင် မိသားစုပြန်လည်ပေါင်းစည်းရေးနှင့် အလုပ်အကိုင်များရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၇၃ ဦးအား မြဝတီမြို့သို့ လာရောက်လွှဲပြောင်းပေးအပ်

မြဝတီ နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန လူကုန်ကူးမှုတိုက်ဖျက်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၇၃ ဦးအား မြန်မာနိုင်ငံ မြဝတီမြို့သို့လာရောက်၍ ပြန်လည်လွှဲပြောင်းခြင်းနှင့် လူသားချင်းစာနာသောထောက်ပံ့ငွေလွှဲပြောင်းပေးအပ်ခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပသည်။

ယင်းသို့ နေရပ်ပြန်လာသူ မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံရာတွင် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာနမှ Inspector General, Ms. SaranpatAnumatrajakit နှင့် Police Immigration Bureau မှ Commissioner, Police Major General Surachet Hakpan တို့က လိုက်ပါပို့ဆောင်လွှဲပြောင်းပေးခဲ့ပြီး ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းတို့က ကြိုဆိုလက်ခံခဲ့ကြသည်။

နေရပ်ပြန်လာသူ ၇၃ ဦးအတွက် ထိုင်းနိုင်ငံ လူသားချင်းစာနာသောထောက်ပံ့ငွေနှင့် ထိုင်းနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေ ထိုင်းဘတ်ငွေ စုစုပေါင်း ၆၇၅၅၀၀ ကိုလည်း လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။

နေရပ်ပြန်လာသူများအား ပြန်လည်ထူထောင်ရေးဦးစီးဌာနလက်အောက်ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မြဝတီ)၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ လူငယ်သင်တန်းကျောင်း (မော်လမြိုင်) နှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်) တို့တွင် ယာယီလက်ခံစောင့်ရှောက်မည်ဖြစ်သည်။

ယာယီလက်ခံစောင့်ရှောက်စဉ်ကာလအတွင်း အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ ခရီးသွားထောက်ခံစာများထုတ်ပေးခြင်းနှင့် နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ထိန်လင်းအောင်(ပြန်/ဆက်)

တိုတိုထွာထွာဖတ်စရာ

ကိုးထပ်ကြီးဘုရားတွင် ဆီမီး ၉၉၉၉ တိုင် ထွန်းညှိ ပူဇော်မည်

ရန်ကုန်

စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၌ နိုဝင်ဘာ ၂၂ ရက် (တန်ဆောင်မုန်းလပြည့်နေ့)ညတွင် ဖယောင်းတိုင်၊ ဆီမီး၊ အလင်းတိုင် ၉၉၉၉ တိုင် ထွန်းညှိပူဇော်ခြင်းနှင့်အတူ ဆေးဖက်ဝင်သက်လွတ် မဲဇလီဖူးသုပ်များကို ဝေငှလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းတင်

ငါးလုပ်ငန်းဆိုင်ရာများ အသိပညာပေးဟောပြော

ခနောင်ဖြူ

ခနောင်ဖြူမြို့နယ် ကင်ပွန်းချောင်းကျေးရွာဓမ္မာရုံတွင် ရေလုပ်သားများ ရေချိုငါးလုပ်ငန်းဥပဒေများနှင့် ငါးသယံဇာတထိန်းသိမ်းနည်းများ သိရှိနားလည်စေရန် အသိပညာပေးဟောပြောပွဲအား နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အသိပညာပေးဟောပြောရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းထွေးက ရေချိုငါးလုပ်ငန်းဥပဒေဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်မင်းက ကမ္ဘာ့ငါးလုပ်ငန်းနေ့ဖြစ်ပေါ်လာပုံနှင့် ရေချိုငါးလုပ်ငန်းဥပဒေတွင်ပါရှိသည့် တားမြစ်ချက်များအား ရေလုပ်သားများသိရှိစေရန် ပြောကြားသည်။ **အောင်သူဟိဏ်း(ခနောင်ဖြူ)**

ဘာသာပေါင်းစုံချစ်ကြည်ရေးမိတ်ဆုံပွဲကျင်းပ

အောင်မြေသာစံ

အထက်မြန်မာပြည် ဟိန္ဒူဘာသာရေးအဖွဲ့ခွဲ (မန္တလေး)မှကြီးမှူး၍ ဒီပါဝလီပွဲတော်အထိမ်းအမှတ် ဘာသာပေါင်းစုံ ချစ်ကြည်ရေးမိတ်ဆုံပွဲကို နိုဝင်ဘာ ၁၉ ရက် ညနေ ၆ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြားရှိ အမ်ဘီကာမယ်တော်ကြီးကျောင်းခန်းမ၌ ကျင်းပသည်။

ဒီပါဝလီဆီမီးများ ထွန်းညှိပူဇော်၍ အိန္ဒိယရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးကာ အိန္ဒိယရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

တန်ဆောင်တိုင်ပွဲတော်တွင် ကျန်းမာရေးပြခန်းဖွင့်လှစ်

ပြင်ဦးလွင်

ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံလွှတ်ပွဲတော်တွင် ကျန်းမာရေးအသိပညာပေးပြခန်းနှင့် ဆေးခန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက် ညနေ ၄ နာရီက ကျင်းပသည်။

ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော် ကျန်းမာရေးပြခန်းနှင့် ဆေးခန်းကို နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်ထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး မီးပုံးပျံပွဲလာပြည်သူများအား အနီးကပ်ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများအား ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီမောင်မယ်များက ရှေးဦးပြုစုကုသပေးခြင်းများ ဆောင်ရွက်ကြသည်။

ကျန်းမာရေးအသိပညာပေးပြခန်းတွင်လည်း ခုခံအားကျဆင်းမှုရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ အသိပညာပေးပြသထားပြီး ခုခံအားကျဆင်းမှုရောဂါနှင့် ငှက်ဖျားရောဂါရှိ-မရှိ အခမဲ့သွေးစစ်ဆေးပေးပြီး နှစ်သိမ့်ပညာပေးဆွေးနွေးကာ ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များ ပေးဝေကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

မြိတ်မြို့ သမုတ်–လွတ်လွတ်တံတားကြီး ၃၁ ရာခိုင်နှုန်းပြီးစီး

မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အရှည် ၁၂၈၇ ပေရှိ သမုတ်-လွတ်လွတ် တံတားကြီးကို လွတ်လွတ်-သမုတ်မြစ်ကို ဖြတ်ကျော်၍ တည်ဆောက်နေပြီဖြစ်ရာ ယခုအခါ ၃၁ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ယူတည်ဆောက်လျက်ရှိသည့် တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါတံတားသည် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး အရှည် ၁၂၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ်သုံးပေစီနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၆၄ ပေ ဖြစ်သည်။

မြိတ်ခရိုင် (ပြန်/ဆက်)

ဆီမီး ၂၅၀၀ ရေမျှောပူဇော်ပွဲနှင့် ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

အထက်မင်းလှ

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် တောင်ရပ်ကွက်တွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဆီမီး ၂၅၀၀ ရေမျှောပူဇော်ပွဲနှင့် ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲအား နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်ထိ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး ဗိုလ်လုပွဲနှင့် ဆီမီး ၂၅၀၀ ရေမျှောပူဇော်ပွဲ၊ ဆုပေးပွဲအခမ်းအနားကို တန်ဆောင်မုန်းလပြည့်နေ့တွင်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

တိုတိုထွာထွာဖတ်စရာ

ဘုရားကျောင်းကန်များတွင် ရောင်တော်ဖွင့်အလှူဒါနပြုလုပ်

နေပြည်တော်
နေပြည်တော်အစိုးရဌာနပေါင်းစုံမှ ဝန်ထမ်းများဖြင့်ဖွဲ့စည်းထားသည့် နေပြည်တော် မြို့မမောင်ရောင်တော်ဖွင့်အဖွဲ့ (ရွှေရောင်လွှမ်းတဲ့လက်များ) သည် နိုဝင်ဘာ ၁၇ ရက်နံနက်က ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ဓမ္မာရုံ အတွင်းရှိ တည်ထားကိုးကွယ်ပူဇော်ထားသော ကြေးဆင်းတုတော်များနှင့် ပန်းအိုးများ၊ နိဗ္ဗာနသုခစေတီတော်၌ရှိသည့် ကြေးဆင်းတုတော်များ၊ ပန်းအိုးများကို သပြေအေးမိုးကုတ်ဝိပဿနာကျောင်းတိုက်အတွင်းရှိ ကြေးဆင်းတုတော်များ၊ ပန်းအိုးများနှင့် ခေါင်းလောင်းတော်တို့ကိုလည်း ရောင်တော်ဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုပေါက် (ဥတ္တရမြေ)**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် KG ကျောင်းဆောင်သစ်ဖွင့်

ကောလင်း
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မင်းကုန်းကျေးရွာတွင် ကွန်ကရစ်လျှပ်စစ်မီးတိုင် ၇၅ တိုင်လဲလှယ်ခြင်းနှင့် အခြေခံမူလွန်ကျောင်းရှိ KG ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းဆောင်ရှေ့၌ ပြုလုပ်ခဲ့သည်။

ကွန်ကရစ်လျှပ်စစ်မီးတိုင် ၇၅ တိုင် လဲလှယ်ခြင်းနှင့် KG ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူလူထုများထည့်ဝင်ငွေကျပ် ၁၁၂ သိန်း စုစုပေါင်းငွေကျပ် ၂၁၂ သိန်းကုန်ကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပ

မင်းဘူး
မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း (မကွေးတိုင်းဒေသကြီး)နှင့် မင်းဘူးခရိုင် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို မင်းဘူးမြို့ ပညာ့အလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ မူလတန်းဆင့်၊ အလယ်တန်းဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ တို့က မြန်မာစာ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများတွင် အသီးသီးပါဝင်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း (မကွေးတိုင်းဒေသကြီး) မှ ကျောင်းစာကြည့်တိုက်တို့အတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **မျိုးမြတ်(မင်းဘူး)**

အိမ်မဲမြို့၌ နွေစပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

အိမ်မဲ
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအတွက် ၂၀၁၈ ခုနှစ် နွေစပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးမြေတစ်ဧကလျှင်ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးလျက်ရှိသည်။

နွေစပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမား ၈၂၀၀ သို့ နွေစပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၅၂၅၀၀ ထုတ်ချေးသွားရန် အိမ်မဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ **အိမ်မဲ (ပြန်/ဆက်)**

ခိုကိုးရာမဲ့ကလေးငယ်များအတွက် ရှေးဦးသူနာပြုသင်တန်း ဖွင့်လှစ်ပို့ချ

သန်လျင် နိုဝင်ဘာ ၂၁
ရွှေယမင်းဖောင်ဒေးရှင်းမှ ပြုစုစောင့်ရှောက်ထားသည့် သန်လျင်မြို့နယ် (ဝိသုဒ္ဓါရာမစာသင်တိုက်ကျောင်း) နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဝိသာခါသီလရှင်ကျောင်းတိုက်မှ အသက် ၁၄ နှစ်နှင့်အထက် ခိုကိုးရာမဲ့ကလေးဦးရေ ၄၀ အတွက် ရှေးဦးသူနာပြုသင်တန်းကို သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက်ရှိ ချမ်းမြေ့သာယာအေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ နိုဝင်ဘာ ၁၈ ရက်တွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါရှေးဦးသူနာပြုသင်တန်း၌ နိုင်ငံတကာသင်ရိုးညွှန်းတမ်းအတိုင်း ကလေးငယ်များအတွက် အခြေခံကုသနည်းများဖြစ်သော မတော်တဆ အရာဝတ္ထုတစ်ခုခုကို မသိဘဲ မျိုချမိပါက ကုသရန်နည်းလမ်းများ၊ ခွေးကိုက်ခံရပါက အရေးပေါ်ကုသနည်းများ၊ ကိုယ်ဝန်ဆောင်နှင့် မသန်စွမ်းသူများ မတော်တဆမှုများဖြစ်ပွားပါက အရေးပေါ်ကုသနည်းများ၊ ဘေးအန္တရာယ်ကြုံတွေ့၍ အသက်ရှူရပ်သွားပါက အရေးပေါ် CPR ပေးနည်းများ၊ မတော်တဆထိခိုက်ဒဏ်ရာရရှိခြင်း၊ အရိုးကျိုးခြင်းနှင့် ပတ်တီးစည်းခြင်းများ၊ အဆိပ်မိခြင်း၊ အပူလောင်ခြင်း၊ နှလုံးနှိုးဆွခြင်း၊ အသက်ရှူအားကူနည်း၊ ဆို့နင့်ခြင်း၊ ပတ်တီးစည်းနည်းအမျိုးမျိုးအစရှိသည့် အခြေခံရှေးဦးသူနာပြုသင်တန်းကို စာတွေ့လက်တွေ့ ပို့ချပေးခဲ့ကြောင်း သိရသည်။

ပွင့်သစ္စာ

စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာတန်ဖိုးကွင်းဆက်စီမံကိန်း လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၁
ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း CFAVC လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရုံး အမှတ် (၁၅) အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စီမံကိန်းလုပ်ငန်းဆိုင်ရာများ လမ်းညွှန်ပြောကြားပြီး စီမံကိန်းဒါရိုက်တာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ မျှော်မှန်းချက်များနှင့် စီမံကိန်းကာလအတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍအဆင့်ဆင့်ကိုလည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် ADB မှ Mr. Biranchi Kumar Choudhury က စီမံကိန်းအကောင်အထည်ဖော်မည့်ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာသန္တာကြည်က စီမံကိန်းစီမံခန့်ခွဲမှုယူနစ်ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

"စီမံကိန်းမှာ အဓိကပါဝင်မှုများတဲ့ စိုက်ပျိုးရေးကဏ္ဍအနေနဲ့ သီးနှံဆိုင်ရာအရည်အသွေးထိန်းသိမ်းရေးနဲ့ မြှင့်တင်ရေးလုပ်ငန်းတွေ၊ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် သီးနှံပုံစံရွေးချယ်သတ်မှတ်ရေး၊ စိုက်ပျိုးနည်းစနစ်တွေ၊ မျိုးရွေးချယ်ရေးလုပ်ငန်းစဉ်တွေမှာ ဈေးကွက်လိုအပ်မှုရှိတဲ့ ကွင်းဆက်တန်ဖိုးမြင့်မားရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ အဆင့်မြင့်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာတွေကို တောင်သူအများနားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်ရေးကိုလည်း ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

အစည်းအဝေးသို့ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ADB မှတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အာရှဖွံ့ဖြိုးရေးဘဏ် ADB ၏ ချေးငွေနှင့် ကမ္ဘာ့စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် GAFSP ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း CFAVC ဆောင်ရွက်မှုများကို ၂၀၁၉ မှ ၂၀၂၅ ခုနှစ်ထိ စီမံကိန်းကာလ ခုနစ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းတွင် ဝန်ကြီးဌာနပေါင်းစုံမှ ပူးပေါင်းပါဝင်ကာ သက်ဆိုင်ရာကဏ္ဍများအလိုက် ဦးဆောင်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မိုး (စိုက်ပျိုးရေး)

တရုတ်နိုင်ငံက မြေပဲလုံးဆန်များအား ပြန်လည်ဝယ်ယူမှုရှိလာ

မန္တလေး နိုဝင်ဘာ ၂၁
တရုတ်နိုင်ငံမှ မြန်မာ့ထွက်ကုန်သီးနှံတချို့နှင့် ဆန်၊ သကြား၊ ပြောင်းတို့ကို ပြီးခဲ့သည့်အောက်တိုဘာလအတွင်းမှစ၍ အကြောင်းအမျိုးမျိုးကြောင့် ဝယ်ယူမှုနည်းပါးသဖြင့် အရောင်းအဝယ် ရပ်ဆိုင်းလုနီးပါးဖြစ်နေသော်လည်း ယခုရက်ပိုင်းအတွင်း မြေပဲလုံးဆန်များကို ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း မန္တလေးပဲဈေးကွက်မှ သိရှိရသည်။

"ယခင်လကစပြီး အရောင်းအဝယ်တွေ ရပ်တန့်လုနီးပါးဖြစ်သွားတဲ့အတွက် တရုတ်ပို့ကုန်တွေ ဂိုဒေါင်ထဲမှာ အပြည့်ဖြစ်နေတယ်။ ဒါပေမယ့် ဒီရက်ပိုင်းမှာတော့ မြေပဲလုံးဆန်ကို ရသလောက်ပြန်လည်ဝယ်ယူလာတဲ့အပြင် မြောင်မြို့နယ်အတွင်းမှာ တရုတ်ဝယ်လက်တွေက ရွာအထိ ဆင်းဝယ်နေကြတယ်" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

လက်ရှိတွင် ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ်နှစ်ထောင့်ခုနစ်ရာဈေးရှိခဲ့ရာမှ ယခုရက်ပိုင်းအတွင်း၌ မြေပဲလုံးဆန် (အနီ) မှာ တစ်ပိဿာလျှင် ကျပ်သုံးထောင်နှုန်း၊ မြေပဲလုံးဆန် (အဖြူ)မှာ တစ်ပိဿာလျှင် ကျပ်နှစ်ထောင့်ကိုးရာနှုန်းအထိ ပြန်လည်မြင့်တက်လာသည်။

ယခုကာလသည် မြေပဲကို မကွေး၊ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီးနှင့် နတ်မောက်တို့တွင် ပဲနုတ်ရာသီဖြစ်နေသော်လည်း မြန်မာပြည်အထက်ပိုင်းဒေသများဖြစ်သော မန္တလေးအနီးတစ်ဝိုက်နှင့် မတ္တရာ၊ စဉ့်ကူး၊ ထီးချိုင့်၊ ပခုက္ကူနှင့် ရေစကြိုမြို့တို့တွင် မြေနုကျွန်းပေါ်ချိန် မြေပဲစိုက်ရာသီဖြစ်နေကြောင်း သိရသည်။

"လက်ရှိအချိန်က စိုက်ပျိုးချိန်နဲ့လည်း တိုက်ဆိုင်နေတော့ မျိုးအတွက် တောင်သူတွေက ပြန်လည်ဝယ်ယူနေသလို တရုတ်ကလည်း အားစိုက်ဝယ်နေတဲ့အတွက် ဈေးကတော့ ကျစရာအကြောင်းမရှိဘူး။ အထွက်နှုန်းကလည်း ပုံမှန်ထွက်ရှိလာတယ်။ လက်ရှိအခြေအနေမှာ ထွက်သမျှ ဈေးကောင်းပေးပြီး ဝယ်ယူနေတဲ့အတွက် တောင်သူတွေအတွက်တော့ ဝမ်းသာစရာပေါ့" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

လက်ရှိမန္တလေးဈေးကွက်တွင် တရုတ်နိုင်ငံမှ ဝယ်ယူမှုနည်းပါးနေသည့် ပဲမျိုးစုံဈေးကွက်မှာ အေးစက်နေသော်လည်း မြေပဲလုံးဆန်မှာမူ ဈေးကောင်းအရောင်းသွက်လျက်ရှိပြီး နှမ်းနက်မှာလည်း တရုတ်နိုင်ငံမှ ပုံမှန်ဝယ်ယူနေခြင်းကြောင့် ဈေးနှုန်းမှာ လက်ရှိ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်နှစ်သိန်းခုနစ်သောင်းနှုန်းအထိ အမြင့်ဆုံးဈေးဖြင့် ရပ်တည်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မော်လမြိုင်ကျွန်း အထက(၂)တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၁
လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထက(၂) ကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသား ၅၀၀ ခန့် တက်ရောက်ကြသည်။

ယင်းဟောပြောပွဲတွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးက လူကုန်ကူးသူများသည် အခြေခံပညာနည်းပါးပြီး မသိနားမလည်သူများကို စည်းရုံးခေါ်ဆောင်တတ်ကြောင်း၊ ပြည်သူများနှင့် ကျောင်းသူ ကျောင်းသားများက အသိတရားဖြင့် သတိထားရှောင်ရှားကြပြီး အဆင့်ဆင့်သတင်းပေးကြရန်လိုအပ်ပါကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်အောင်၊မြို့မစခန်းမှူး ဒုတိယရဲမှူးမျိုးနိုင်၊မြို့နယ်ဒုတိယဉပဒေအရာရှိ၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဥပဒေဆိုင်ရာများကို အသိပညာပေးဟောပြောကြပြီးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာက လျှပ်စစ်အန္တရာယ်ဆိုင်ရာများကို အသိပညာပေးဟောပြောကြသည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့ အထက (၂) မှ ကျောင်းသား ကျောင်းသူများက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာမြို့နယ်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

မြင့်အောင် (မော်ကျွန်း)

လူငယ်များနှင့် ကလေးစာပေပွဲတော်များ

မောင်စိန်အိ (နဘဲမြေ)

ဒီမိုကရေစီအစိုးရလက်ထက်တွင် အကြိုက်ဆုံးစွမ်းဆောင်မှုကိုပြရပါမည်ဆိုလျှင် ကလေးစာပေပွဲတော်များဖြစ်သည်။ ကလေးစာပေပွဲတော်များကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များတွင်လည်း အခါအားလျော်စွာ ကျင်းပပေးလျက်ရှိသည်။ ထိုပွဲတော်များတွင် စာအုပ်ဝယ်ရန် တိုးဝှေ့ရွေးချယ်နေသောကလေးများ၊ စိတ်ပါဝင်စားစွာစာဖတ်နေသောကလေးများ၊ ဂိမ်းကစားနေသောကလေးများ၏ ပျော်ရွှင်ကြည်နူးနေသည့် ပုံရိပ်များကို တွေ့မြင်ရသည့်အခါ မိဘတစ်ဦးအနေဖြင့် ပီတိဖြစ်ရသည်။ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပေါင်းစပ်စီစဉ်မှုဖြင့် အခြားသောမြို့ငယ်လေးများနှင့် အထက်တန်းကျောင်းများတွင်လည်း ကလေးစာပေပွဲတော်များ ကျင်းပပေးနိုင်မည်ဆိုလျှင် အနာဂတ်လူငယ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

ပုသိမ်ကလေးစာပေပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများဖြင့် စည်ကားများပြားနေပုံ။ (ဓာတ်ပုံ–ကိုကိုမောင်)

ကောင်းမွန်သောရည်ရွယ်ချက်များ

နိုင်ငံတော်အစိုးရသည် အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သောဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ်အယူအဆများ မှန်ကန်ထက်မြက် မြင့်မားလာစေရန်၊ ကလေးငယ်များ၏ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များ ဗဟုသုတဖြစ်ဖွယ် စာပေနှင့်ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ဆိုသည့် ကောင်းမွန်ပြည့်စုံသော ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်များ ကျင်းပနေခြင်းဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်

စင်စစ်အားဖြင့် ကလေးစာပေပွဲတော်များသည် ကလေးများ စာဖတ်ဝါသနာထုံလာစေရန်နှင့် စာပေဖွံ့ဖြိုးတိုးတက်လာစေရန်ပင်ဖြစ်သည်။ အထူးသဖြင့် ကလေးစာပေဖွံ့ဖြိုးတိုးတက်မှသာလျှင် ကလေးများလည်း စာဖတ်နိုင်ခွင့်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည်။ ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါသော ကလေးသည် အရွယ်ရောက်လာသည့်အခါ တိုင်းပြည်က အားထားရသည့် လူငယ်များဖြစ်လာကြသည်။ ဆိုရလျှင် စာဖတ်သူသည် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးကို ဝေဖန်ခွဲခြား ဆန်းစစ်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးများသည် နှလုံးသားနူးညံ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတ္တနည်းပါးကြသည်။ အပြုသဘောဆောင်စွာတွေးခေါ်တတ်ကြသည်။ လူကြီးမိဘများပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။ ထိုကလေးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြပါသည်။

တိုးတက်မှုကိုဖော်ဆောင်နိုင်

ငယ်စဉ်ကတည်းက စာပေနှင့် ရင်းနှီးကျွမ်းဝင်သော ကလေးသည် ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိကြသည်။ မိမိတိုးတက်မှုကို ရှာဖွေနိုင်ကြသည်။ မိဘများသည် စာဖတ်ဝါသနာထုံသော ကလေးများ၏ အရေးအရာများတွင် အမြဲတစေပါဝင်နေရန် မလိုပေ။ ဆိုရလျှင် စာဖတ်နေသောကလေးတစ်ဦးသည် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့် ပညာဆိုသောအရာကို ပိုင်ဆိုင်ထားနိုင်ပေသည်။ ကျရှုံးမှုများ၊ အခက်အခဲများကိုကျော်လွှားနိုင်သည့်နည်းလမ်းများကို စာအုပ်စာပေများမှ တူးဆွရှာဖွေထားပြီးဖြစ်သည်။ ထို့ပြင် အရေးကြီးသောဆုံးဖြတ်ချက်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးငယ်များသည် ဘဝခရီးလမ်းတွင် တိုးတက်ပြီးရင်း တိုးတက်လျက်ရှိကြသည်။

စာဖတ်သူများသာလျှင်

တိုးတက်သောနိုင်ငံများမှ နိုင်ငံသားများသည် စာဖတ်အားကောင်းကြသည်။ ခရီးသွားနေသည့်အချိန်မျိုးမှာပင်လျှင် လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်ထားလေ့ရှိကြသည်။ လေဆိပ်နှင့် ဘူတာများ၌ ခရီးတစ်ထောက်နားသည့်အချိန်မျိုး၌ပင်လျှင် စာအုပ်ဖတ်နေတတ်ကြသည်။ လေယာဉ်၊ ရထား၊ ကား၊ သင်္ဘောများပေါ် ရောက်သည်နှင့် စာအုပ်ဖွင့်ဖတ်ကြသည်။ ဆိုရလျှင် စာဖတ်အားကောင်းသော အင်္ဂလိပ်တို့သည် ၁၉ ရာစုတွင် ကမ္ဘာကြီးကို လွှမ်းမိုးနိုင်ခဲ့သည်။ ထို့ပြင် အမေရိကန်တို့သည်လည်း ၂၀ ရာစုတွင် ကမ္ဘာကြီးကို စိုးမိုးနိုင်ခဲ့သည်။ ထိုနည်းတူစွာ စာဖတ်အားကောင်းကြသည့် တရုတ်တို့ကလည်း ၂၁ ရာစုတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်ဖို့ ကြိုးစားနေပြီဖြစ်သည်။ ထို့ကြောင့်မြန်မာနိုင်ငံမှကလေးငယ်များကိုလည်း အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာအောင် ငယ်စဉ်ကတည်းက စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိနေအောင် လေ့ကျင့်ပျိုးထောင်ပေးထားသင့်ပါသည်။

> “စာပေဝါသနာထုံသော လူငယ်များသည် အခက်အခဲများကို ကျော်လွှားရာတွင် မှန်ကန်စွာ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ ထိုကလေးများသည် အနာဂတ်တွင် တိုင်းပြည်က အားထားရသော ခေါင်းဆောင်များဖြစ်လာ. . .”

အချိန်ဆင်းရဲလာသောကလေးငယ်များ

သို့သော် မျက်မှောက်ခေတ်ကလေးငယ်များသည် ကျောင်း၊ ကျူရှင်၊ စာကျက်ဝိုင်းတို့ဖြင့် လုံးချာလည်နေသဖြင့် ကစားချိန်နှင့် နားချိန်ပင်မရှိတော့ပေ။ ရုပ်ပြကာတွန်းစာအုပ်ဖတ်ချိန်လည်း မရတော့ပေ။ မိဘများက ဝိုင်းဝန်းကူညီ စီမံခန့်ခွဲပေးမှသာလျှင် သက်သာရာရပေတော့သည်။ နံနက်မိုးလင်းကတည်းက ကျောပိုးအိတ်၊ ထမင်းဘူးတို့နှင့်ထွက်သွားသည့် ကလေးငယ်တစ်ဦးသည် ညမိုးချုပ်မှသာလျှင် အိမ်ကိုပြန်ရောက်ကြသည်။ အိမ်သို့အစောဆုံးရောက်သည့် ကလေးသည် ည ၈ နာရီပင်ဖြစ်သည်။ ကလေးငယ်သည် ညစာစားပြီးချိန်တွင် ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။ ထို့ပြင် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ပင်လျှင် ကျူရှင်သွားနေကြရသည်။

ပျော်ရွှင်မှုဖန်တီးပေးသင့်

ဆိုရလျှင် မျက်မှောက်ခေတ်ကလေးငယ်များသည် သနားစရာကောင်းလှပါသည်။ ကလေးသဘာဝ ကစားချိန်၊ နားချိန် နည်းပါးလာသည်။ လောဘကြီးသောမိဘများသည် ပြိုင်ဆိုင်မှုပြင်းထန်လွန်းလှသည်။ ကလေးငယ်များကို အတန်းတိုင်းမှာ ပထမရရှိရေးအတွက် ဖိအားပေးကြသည်။ တချို့သော ကလေးများသည် ဘာသာရပ်တစ်မျိုးတည်းကိုပင် ဆရာသုံးယောက်ထံ တစ်ပြိုင်တည်းတက်နေကြရသည်။ “ဆရာများ သားသေ” ဆိုသလို ကလေးများသည် အရွယ်နှင့်မလိုက်အောင် ဝန်ပိနေတတ်ကြသည်။ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏အတ္တကိုရှေ့တန်းမတင်ဘဲ ကလေးများ၏ ပျော်ရွှင်မှုကိုလည်း ဖန်တီးပေးထားသင့်ပါသည်။

ရုံးပိတ်ရက်များတွင် ကလေးများကို စာကြည့်တိုက်များ၊ ကစားကွင်းများ၊ အပန်းဖြေပန်းခြံများနှင့် တိရစ္ဆာန်ရုံများသို့ လိုက်ပို့ခြင်း၊ ရုပ်ရှင်ပြသခြင်းမျိုး လုပ်ပေးသင့်ပါသည်။ ကလေးများဝယ်ချင်သည့် စာအုပ်၊ စာစောင်များ၊ စားချင်သည့် ကောင်းနိုးရာရာအစားအသောက်များကို ဝယ်ကျွေးသင့်ပါသည်။ သို့မှသာလျှင် ကလေးများသည် တစ်ပတ်လုံး ပင်ပန်းနွမ်းနယ်ထားသမျှ ဖြေဖျောက်နိုင်ပြီး စာသင်ယူရာတွင် ဦးနှောက်ကြည်လင်တက်ကြွနေမည်ဖြစ်သည်။ အထူးသဖြင့် မိဘများသည် မိမိသားသမီးများ စိတ်ခွန်အားပြည့်ဝနေစေရန်အတွက် ငယ်စဉ်ကတည်းက စာဖတ်ဝါသနာထုံနေအောင် အလေ့အကျင့်လုပ်ထားရန် လိုအပ်သည်။

အရေးပါသောကျောင်းစာကြည့်တိုက်များ

ကျောင်းစာကြည့်တိုက်များသည် ကျောင်းနေအရွယ်ကလေးငယ်များ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိရေးတွင် များစွာအရေးပါလျက်ရှိသည်။ တတ်နိုင်ပါက ကျောင်းစာကြည့်တိုက်များတွင် ကလေးငယ်များ ကြိုက်နှစ်သက်သည့် ရုပ်ပြစာအုပ်စာစောင်များ၊ ပုံပြင်စာအုပ်များ၊ ဉာဏ်စမ်းစာအုပ်များ၊ တက်ကျမ်းစာအုပ်များ စသည်ဖြင့် ကဏ္ဍစုံစွာ တင်ထားသင့်ပါသည်။ ကျောင်းစာကြည့်တိုက်များကို အချိန်ပြည့်ဖွင့်ထားသင့်ပေသည်။ သက်ဆိုင်ရာကျောင်းအုပ်ကြီးများကလည်း ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်ဝင်နိုင်ရေးအတွက် စီမံထားသင့်ပေသည်။ ကျောင်းပိတ်ရက်များတွင် ကလေးများကို စာအုပ်ငှားပေးသင့်သည်။ လစဉ် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဆိုလျှင် ကလေးများ၏ စာဖတ်နှုန်းသည် သိသိသာသာတိုးတက်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် ဟားဗတ်တက္ကသိုလ်ရှိ စာကြည့်တိုက်တွင် နံနက် ၃ နာရီအချိန်ထိ စာဖတ်သူများရှိနေသည်ဟုဆိုသည်။ ထိုမျှစာဖတ်သူများသည် မတိုးတက်စရာအကြောင်း မရှိချေ။

လူငယ်များနှင့် ကလေးစာပေပွဲတော်များ

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံရှိ တချို့သော မြို့ကြီးများတွင် ကလေးစာပေပွဲတော်များ ကျင်းပလာသည့်အတွက် ကျောင်းသားမိဘတစ်ဦးအနေဖြင့် များစွာပီတိဖြစ်ရပါသည်။ စာပေပွဲတော်များသည် လူငယ်များကို ငယ်စဉ်ကတည်းက စာပေနှင့် ရင်းနှီးကျွမ်းဝင်နေအောင် အခွင့်အလမ်း ဖန်တီးပေးထားခြင်းပင်ဖြစ်သည်။ စာပေဝါသနာထုံသော လူငယ်များသည် ဘဝပန်းတိုင်အတွက် အခက်အခဲများကို ကျော်လွှားရာတွင် မှန်ကန်စွာ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ ထိုကလေးများသည် အနာဂတ်တွင် တိုင်းပြည်က အားထားရသော ခေါင်းဆောင်များ ဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ကလေးစာပေပွဲတော်များကို ကျေးလက်ဒေသပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သာလွှမ်းခြုံကျင်းပသွားနိုင်မည်ဆိုလျှင် အတိုင်းထက်အလွန်ပင်ဖြစ်သည်။ ဆိုရလျှင် စာပေသည် လူငယ်တစ်ဦး၏ အနာဂတ်ဘဝ တိုးတက်အောင်မြင်ရေးအတွက် များစွာအခရာကျနေသည် မဟုတ်ပါလား။

MOB
MYANMAR ORIENTAL BANK

“လှိုက်လှဲစွာ ကျေးဇူး အထူးတင်ရှိပါကြောင်း”

မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (၂၅) နှစ်မြောက် ငွေရတု နှစ်ပတ်လည် အထိမ်းအမှတ် မိတ်ဆုံညစာ စားပွဲအား (၁၉.၁၁.၂၀၁၈) နေ့တွင် Melia Yangon Hotel ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ဂုဏ်ပြုစကား ချီးမြှင့်ပေးပါသော - မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေ နှင့် Mr. Vikram Kumar, Country Director, Thailand and Myanmar, International Finance Corporation

ကြွရောက်ချီးမြှင့်ပေးပါသော - ဗဟိုဘဏ် ဒု-ဥက္ကဋ္ဌ (ငြိမ်း) နှင့် ကမ္ဘောဇဘဏ်လီမိတက်၊ အကြီးတန်း အတိုင်ပင်ခံပုဂ္ဂိုလ် ဦးသန်းလွင်၊ ဗဟိုဘဏ် ဒု-ဥက္ကဋ္ဌ (ငြိမ်း) နှင့် ဧရာဝတီဘဏ် လီမိတက်၊ ဒု-ဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ကမ္ဘောဇဘဏ်လီမိတက်၊ ဥက္ကဋ္ဌ ဦးမြသန်း၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းနှင့် ဒုတိယ ပါမောက္ခချုပ်

တက်ရောက်လာကြသော - မိတ်ဟောင်းမိတ်သစ် Customers များ၊လုပ်ငန်းရှင်များ မြန်မာအရှေ့တိုင်းဘဏ် ဒါရိုက်တာ အဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ မိတ်ဖက် ဘဏ်များ၊ ပြည်တွင်း ပြည်ပ အဖွဲ့စည်းများ၊ Vendor များ၊ Social Media များ၊ Melia Yangon Hotel မှ ဝန်ထမ်းများနှင့်

အမှတ်တရ ပန်းခြင်းများ၊ လက်ဆောင်ပစ္စည်းများ၊ ဆုတောင်း သဝဏ်လွှာများ၊ ဆုတောင်း မေတ္တာများ ပေးပို့ပါသော - ပြည်တွင်း ပြည်ပ အဖွဲ့စည်းများ၊ Customers များ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ကျွန်ုပ်ပုဂ္ဂိုလ်များ အားလုံးကို ကျေးဇူး အထူးတင်ရှိပါသည်။

မြန်မာအရှေ့တိုင်းဘဏ်မိသားစု

Head Office:
No. (166/168), Pansodan Street, Kyauktada Township,Yangon.
Ph: 01- 246 594, 246 595, 246 596

/mobbankmyanmar info@mobmyanmar.com www.mobmyanmar.com

ကြေညာချက်

မြန်မာနိုင်ငံဆေးကောင်စီသည် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ မြန်မာနိုင်ငံသားဆရာဝန်များအတွက် အထူးဆေးကုသခွင့်လိုင်စင် (Specialist Licence)ထုတ်ပေးရန် လျှောက်လွှာခေါ်ယူထားပြီးဖြစ်ရာ အဆိုပါ အထူးဆေးကုသခွင့်လိုင်စင်ထုတ်ပေးနိုင်ရန်အတွက် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၁) မြန်မာနိုင်ငံဆေးကောင်စီမှ သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံပြီး အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိထားပြီးသူ မြန်မာနိုင်ငံသားဆရာဝန်များအနေနှင့် အထူးဆေးကုသခွင့် လိုင်စင်အတွက် လျှောက်လွှာတင်စဉ်က လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံစွာတင်ပြထားပါက အထူးဆေးကုသခွင့်လိုင်စင်များကို ၃-၁၂-၂၀၁၈ရက်(တနင်္လာနေ့) မှစ၍ အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက်(၉း၃၀)နာရီမှ (၁၅း၃၀)နာရီအတွင်း မြန်မာနိုင်ငံဆေးကောင်စီထံ **အထွေထွေဆေးကုသခွင့်လိုင်စင် မူရင်းကိုတင်ပြလျက်** ဖော်ပြပါအစီအစဉ်အတိုင်း ဘာသာရပ်အမည်၏ ရှေ့ဆုံးအင်္ဂလိပ်စကားလုံးအက္ခရာစဉ်အတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်။

(၂) လျှောက်လွှာတင်စဉ် ဓာတ်ပုံများ ပူးတွဲပေးပို့ထားခြင်းမရှိသူ ဆရာဝန်များအနေနှင့် ၂၈-၁၁-၂၀၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆေးကောင်စီထံ ပေးပို့ရန်ဖြစ်ပါသည်။

(၃) လူကိုယ်တိုင်လာရောက်၍ ထုတ်ယူခြင်းမပြုနိုင်ပါက ကိုယ်စားလှယ်လွှဲစာနှင့်အတူ သက်ဆိုင်ရာဆရာဝန်၏ **အထွေထွေဆေးကုသခွင့်လိုင်စင် မူရင်းကိုတင်ပြလျက်** ကိုယ်စားလှယ်တစ်ဦးမှ ဆရာဝန်တစ်ဦးစီအတွက်သာ ကိုယ်စားထုတ်ယူနိုင်ပါသည်။

(၄) အထူးဆေးကုသခွင့်လိုင်စင်အတွက် မြန်မာနိုင်ငံဆေးကောင်စီမှခွင့်ပြုပေးသော ဘာသာရပ်နယ်ပယ် (Speciality)မှ အခြား(Spciality)သို့ပြောင်းရွှေ့လျှောက်ထားလိုပါက ပြောင်းရွှေ့လိုသော ဘာသာရပ်နယ်ပယ်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို ပြည့်စုံစွာတင်ပြပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ ပြန်လည်လျှောက်ထားနိုင်ပါသည်။

(၅) သတ်မှတ်ထားသောရက်အတွင်း လာရောက်ထုတ်ယူနိုင်ခြင်းမရှိသော အထူးကုဆရာဝန်များအနေနှင့် ၁၁-၁၂-၂၀၁၈ ရက်နောက်ပိုင်းမှသာ ရက်အကန့်အသတ်မရှိ ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပါသည်။

နေ့ရက်အလိုက် အထူးဆေးကုသခွင့်လိုင်စင်ထုတ်ပေးမည့်အစီအစဉ်

နေ့ရက်	ဘာသာရပ်
၃-၁၂-၂၀၁၈ (တနင်္လာနေ့)	(1) Anaesthesiology
	(2) Cardiology
	(3) Cardiac Surgery
	(4) Dermatology
	(5) Emergency Medicine
	(6) Endocrinology
၄-၁၂-၂၀၁၈ (အင်္ဂါနေ့)	(1) Gastroenterology
	(2) Hand Surgery
	(3) Clinical Haematology
	(4) Hepatology
	(5) Hepatobiliary & Pancreatic Surgery
	(6) Hospital Administration & Hospital Management
	(7) Internal Medicine
	(8) Medical Jurisprudence
	(9) Medical Oncology
	(10) Mental Health
၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)	(1) Microbiology
	(2) Nephrology
	(3) Neurology
	(4) Neuro Surgery
	(5) Nuclear Medicine
	(6) Ophthalmology
	(7) Otorhinolaryngology, Head & Neck Surgery
၆-၁၂-၂၀၁၈ (ကြာသပတေးနေ့)	(1) Obstetrics & Gynaecology
	(2) Orthopaedics
၇-၁၂-၂၀၁၈ (သောကြာနေ့)	(1) Paediatric
	(2) Paediatric Cardiology
	(3) Paediatric Haemato-Oncology
	(4) Paediatric Nephrology
	(5) Paediatric Neurology
	(6) Paediatric Surgery
	(7) Neonatology
	(8) Plastic Surgery
	(9) Public Health
၁၀-၁၂-၂၀၁၈ (တနင်္လာနေ့)	(1) Pathology
	(2) Radiology
၁၁-၁၂-၂၀၁၈ (အင်္ဂါနေ့)	(1) Radiation Oncology
	(2) Rehabilitation Medicine
	(3) Respiratory Medicine
	(4) Rheumatology
	(5) Surgery
	(6) Spine Surgery
	(7) Thoracic Surgery
	(8) Tropical & Infectious Diseases
	(9) Urology
	(10) Tuberculosis
	(11) STD & Dermatology

မြန်မာနိုင်ငံဆေးကောင်စီ

(၂၇)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အထက(၁)၊ အထက(၂)ကျောင်းတို့မှ လုပ်သက်(၃)နှစ်နှင့်အထက် အသက်(၆၀)ပြည့် ပင်စင်စားဆရာကြီး/ ဆရာမကြီးများအား အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း၊

ခရမ်းမြို့၊ အထက(၁)နှင့်အထက(၂)တို့တွင် အနည်းဆုံး(၃)နှစ်ပြည့် တာဝန်ထမ်းဆောင်၍ အသက်(၆၀)ပြည့်ပြီး ပင်စင်ယူထားသော ဆရာကြီး/ ဆရာမကြီးများအား တပည့်ကျောင်းသား/သူများအားလုံးက (၂၇)ကြိမ်မြောက် ပူဇော်ဂါရဝပြုလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ပူဇော်ခံပေးကြပါရန် ရိုသေလေးစားစွာဖိတ်ကြားအပ်ပါသည်။

မြို့နယ်အသီးသီးရှိ တပည့်ဟောင်းများမှလည်း တက်ရောက်ပူဇော်ကြပါရန်နှင့်အလှူငွေများလည်းထည့်ဝင်ပေးကြပါရန် လေးစားစွာဖိတ်ကြား နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်ရက်	-	၃၀-၁၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့) ၁၃၈၀ခုနှစ်၊ နတ်တော်လပြည့်ကျော်(၈)ရက်
ကျင်းပမည့်အချိန်	-	နံနက် (၉း၃၀)နာရီ
ကျင်းပမည့်နေရာ	-	သာသနာ့ဗိမ္မာန်တော်သကျမာရဇိန်သွန်း ဘုရားကြီးဝင်း၊ ခရမ်းမြို့။

ဆက်သွယ်လှူဒါန်းလိုပါလျှင်-

၁။ ဦးအောင်လွင်	**ဖုန်း-၀၉-၄၂၀၀၂၃၉၇၃(ခရမ်း)**
၂။ ဦးသက်ထွန်းဦး	**ဖုန်း-၀၉-၄၂၀၀၂၄၀၀၀(ခရမ်း)**
၃။ ဦးမြင့်သက်ဦး	**ဖုန်း-၀၉-၄၄၈၀၁၈၉၁၀(ခရမ်း)**
၄။ ဦးဝေဖြိုးကျော်	**ဖုန်း-၀၉-၉၇၈၈၅၅၁၁၁(ခရမ်း)**
၅။ ဦးဇော်လင်း	**ဖုန်း-၀၉-၅၅၀၂၀၁၃(ရန်ကုန်)**
၆။ ဦးကိုကိုဦး	**ဖုန်း-၀၉-၇၉၅၃၃၀၉၅၉(ရန်ကုန်)**
၇။ ဒေါ်ယဉ်ယဉ်သန်း	**ဖုန်း-၀၉-၅၁၉၀၈၁၃(ရန်ကုန်)**
၈။ ဒေါ်ခင်မာဝင်း	**ဖုန်း-၀၉-၂၅၆၂၇၇၂၅၂ (မျိုးဆက်သစ်ဘော်ဒါပြင်ဦးလွင်)**
၉။ ကိုဇော်မျိုးအောင်	**ဖုန်း-၀၉-၉၆၉၆၀၆၅၆၀(နေပြည်တော်)**

(အထက်ပါဖုန်းနံပါတ်များသို့ Wave Money မှလည်းပေးပို့လှူဒါန်းနိုင်ပါသည်။)

သက်ဆိုင်သူများနှင့်အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ မြဝတီရိပ်သာ၊ တိုက်(၄၀)၊ အခန်း(၁၅)နေ ဒေါ်လဲ့လဲ့ဝတ်ရည်[၁၂/ဥကမ(နိုင်)၂၅၀၀၁၃] (Facebook Name-Lae Lae Wout Yi)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

အထက်အမည်ပါ ဒေါ်လဲ့လဲ့ဝတ်ရည်သည် လူမှုကွန်ရက်စာမျက်နှာဖြစ်သော Facebookတွင် "Lae Lae Wout Yi"အမည်ဖြင့် လေလံမဲစုခြင်းကိုပါဝင်လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့လုပ်ကိုင်နေရာမှ လေလံမဲဝယ်ယူလိုသူနှင့် ရောင်းချလိုသူများသည် ဒေါ်လဲ့လဲ့ဝတ်ရည်အား အကူအညီတောင်းခံခဲ့သဖြင့် လေလံမဲဝယ်ယူလိုသူနှင့် ရောင်းချလိုသူတို့အကြား ဆက်သွယ်ပေးခဲ့ပါသည်။ ၎င်းမှဆက်သွယ်ပေးခဲ့သည့် လေလံမဲရောင်းချသူများသည်လည်းကောင်း၊ ၎င်းထံမှ ငွေကြေးအမြောက်အမြား ရယူသွားပြီးတိမ်းရှောင်နေသူများကြောင့်လည်းကောင်း၊ အခက်အခဲများစွာဖြစ်နေပါသဖြင့် ငွေရရန်ရှိသူများအား လိုက်လံစုံစမ်းပြီး ငွေများကိုဥပဒေနှင့်အညီတောင်းခံရန် စီစဉ်ဆောင်ရွက်နေပါသည်။

ဒေါ်လဲ့လဲ့ဝတ်ရည်က လေလံမဲဝယ်ယူရောင်းချရန် ကူညီဆောင်ရွက်ပေးခြင်းခံခဲ့သူများအနေဖြင့် စောင့်ဆိုင်းပေးပါရန်နှင့် စောင့်ဆိုင်းလိုခြင်း မပြုလုပ်လိုပါက တည်ဆဲဥပဒေနှင့်အညီ တောင်းခံနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ထိုသို့ ဥပဒေနှင့်အညီတောင်းခံခြင်းမပြုဘဲ ဒေါ်လဲ့လဲ့ဝတ်ရည်၏ ဓာတ်ပုံများ၊ မိသားစုဝင်၏ ဓာတ်ပုံများကို ဥပဒေနှင့်မညီညွတ်သည့် စာသားများဖြင့်တွဲဖက်၍ လူမှုကွန်ရက်စာမျက်နှာ Facebook တွင် ဂုဏ်သိက္ခာထိခိုက်စေရန် ပုတ်ခတ်စော်ကားရေးသားခြင်း၊ ဒေါ်လဲ့လဲ့ဝတ်ရည်နှင့် ၎င်း၏မိသားစုဝင်များ နေထိုင်ရာရပ်ကွက်၊ မြို့နယ်တွင် ပုတ်ခတ်စော်ကားရေးသားဖြန့်ဝေခြင်း၊ ဒေါ်လဲ့လဲ့ဝတ်ရည် ပြုလုပ်ထားသည့်ကိစ္စများနှင့် မည်သို့မျှစပ်ဆိုင်ခြင်းမရှိသည့် ၎င်း၏မိသားစုဝင်များနေအိမ်သို့ ခွင့်ပြုချက်မရှိဘဲ လာရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ ဆဲဆိုခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်းတို့အား မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်သူများကို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ဒေါ်လဲ့လဲ့ဝတ်ရည်၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်လဲ့လဲ့ဝတ်ရည်၏လွှဲအပ်ချက်အရ-

ဒေါ်သန္တာရှိန်(စဉ်-၁၂၆၇၂)LL.B **ဒေါ်ဝေဝေမြခိုင်(စဉ်-၉၄၂၃) LL.B**

တရားလွှတ်တော်ရှေ့နေများ

အမှတ်(၃)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၃၂၀၁၁၈၊ ၀၉-၄၂၁၀၄၀၁၂၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်-၁၆၀၀/က၊ မြေဧရိယာ၁၂၀၀ စတုရန်းပေ=၂၀'×၆၀' မြေကွက်တည်နေရာအမှတ်-၁၆၀၀/က၊ လမ်းသစ်(၁)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသွင်(AA-၀၉၂၀၀၃)အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသွင်(ဖခင်)သည် ၂၂-၁၀-၁၉၉၃ ရက်တွင်လည်းကောင်း၊ ဒေါ်အုန်း(AA-၀၃၉၇၀၉) [၁၂/သကတ(နိုင်)၁၁၁၃၀၂](မိခင်)သည် ၇-၁၀-၁၉၉၄ရက်တွင်လည်းကောင်း၊ အမည်ပေါက်၏ သမီးတစ်ဦးဖြစ်သူ ဒေါ်လှမြင့်(မိခင်)သည် ၁-၁၀-၁၉၉၃ရက်တွင်လည်းကောင်း၊ ဒေါ်လှမြင့်၏ခင်ပွန်း ဦးအောင်ကြည်[၁၂/သကတ(နိုင်)၁၁၄၇၉၇](ဖခင်)သည် ၁၁-၂-၂၀၀၀ခုနှစ်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြသဖြင့် ၁။ ဒေါ်ညွန့်တင်[၁၂/သကတ(နိုင်)၀၄၉၁၀၄]၊ ၂။ ဦးအောင်သိန်းလွင်(ခ) ဦးမောင်မောင်[၁၂/သကတ(နိုင်) ၀၆၁၈၈၂]၊ ၃။ ဒေါ်သိန်းတင်[၁၀/သဖရ(နိုင်)၀၁၈၅၅၀]၊ ၄။ ဒေါ်စမ်းစမ်းအင်[၁၂/သကတ(နိုင်)၀၄၇၁၈၂]၊ ၅။ ဒေါ်ထားထားလင်း[၁၂/သကတ(နိုင်)၁၀၆၄၂၆]၊ ၆။ ဦးဇော်သူရလင်း[၁၂/သကတ(နိုင်)၀၀၀၄၄၄]တို့မှ သားသမီးနှင့် မြေးများတော်စပ်ကြောင်း ဦးသွင်နှင့် ဒေါ်အုန်းတို့တွင် ဒေါ်ညွန့်တင်၊ ဦးအောင်သိန်းလွင်(ခ)ဦးမောင်မောင်၊ ဒေါ်သိန်းတင်၊ ဒေါ်လှမြင့်(ကွယ်လွန်)၊ ဒေါ်စမ်းစမ်းအင်တို့ မောင်နှမ(၅)ဦးသာမွေးဖွားကြောင်း၊ သားသမီး(၅)ဦးအနက် ဒေါ်လှမြင့်(မိခင်)နှင့် ၎င်း၏ခင်ပွန်း ဦးအောင်ကြည်တို့တွင် သားသမီးများအဖြစ် ဒေါ်ထားထားလင်းနှင့် ဦးဇော်သူရလင်းတို့(၂)ဦးသာ ကျန်ရှိကြောင်း၊ ဦးသွင်နှင့်ဒေါ်အုန်းတို့မှ ကျန်ရှိခဲ့သော အထက်ဖော်ပြပါ မြေပုံကူးလျှောက်ထားသည့် အမွေဆိုင်မြေအိမ်ပေါ်တွင် အမွေဆက်ခံပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများမှာ သားသမီးများဖြစ်ကြသော-ဒေါ်ညွန့်တင်၊ ဦးအောင်သိန်းလွင်(ခ) ဦးမောင်မောင်၊ ဒေါ်သိန်းတင်၊ ဒေါ်စမ်းစမ်းအင်နှင့် ဒေါ်လှမြင့်(ကွယ်လွန်)တို့မှ မွေးဖွားသောမထားထားလင်းနှင့် ဦးဇော်သူရလင်းတို့မှ ပိုင်ဆိုင်ပါကြောင်း ၄-၆-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးသွင် အမည်ပေါက်ဂရန်မူရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၆၆၇/၂၀၁၇(၁၂-၇-၂၀၁၇)၊ ၆၆၆၈/၂၀၁၇(၁၂-၇-၂၀၁၇)၊ အမှားပြင်စာချုပ် ၁၁၇၄၀/၂၀၁၈ (၂၂-၁၀-၂၀၁၈)၊ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဒေါ်ညွန့်တင်၊ ဦးအောင်သိန်းလွင်(ခ) ဦးမောင်မောင်၊ ဒေါ်သိန်းတင်၊ ဒေါ်စမ်းစမ်းအင်၊ ဒေါ်ထားထားလင်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၆၆၇/၂၀၁၇(၁၂-၇-၂၀၁၇)၊ ၆၆၆၈/၂၀၁၇(၁၂-၇-၂၀၁၇)တို့ရရှိသူ ဒေါ်ဝေမာထွေး[၁၂/သကတ(နိုင်) ၁၂၃၆၉၇]နှင့် ဦးဇော်သူရလင်း[၁၂/သကတ(နိုင်)၀၀၀၄၄၄]တို့ပူးတွဲလျက် ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၁)ထပ်ပျဉ်ထောင်အဆောက်အဦ(၁)လုံးရှိပြီး ဒေါ်ညွန့်တင်နှင့် ဒေါ်စမ်းစမ်းအင်တို့ နေထိုင်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ထာဝရဘုရားဖူးခရီးသွားလုပ်ငန်း

Ph: 09 260360066, 09 260360006, 09 250570004

Taxi ငှားမည်
Nissan AD Van
တစ်နေ့လျှင် (10000)ကျပ်
အိမ်ပေးငှားမည်
Ph:-09-5120402. 09-972041260

ကွန်ဒိုငှားမည်
ပေ ၂၅×၅၀ 1MBR,2BR
အဲကွန်း ၃လုံး၊ ပြင်ဆင်ပြီး
Fully Furnish ကျောက်တံတား
ဖုန်း-၀၉-၅၁၃၄၉၂၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရွှေကဖောင်း အထက(ခွဲ) နဝမတန်းမှ မောင်ကောင်းဝေဦး၏ ဖခင်မှာ ဦးသိန်းအေး(ခ)ဘိုအေး[၇/ရတရ(နိုင်)၀၃၅၁၅၉]သည်တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးသိန်းအေး(ခ)ဘိုအေး

တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်၊ ပျော်ဘွယ်ကျောင်းလမ်းနေ အမက(ညောင်ရမ်း)တတိယတန်းမှ မောင်စိုးမင်းကျော်၏ ဖခင်ဦးတင်စိုး၏ အမည်မှန်မှာ ဦးအေးငွေဦး[၆/ကသန(နိုင်)၀၅၂၉၀၆]ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်၊ ပျော်ဘွယ်ကျောင်းလမ်းနေ ဦးအေးငွေဦး၏ သားဖြစ်သူ အမက(ညောင်ရမ်း) တတိယတန်းမှ မောင်စိုးမင်းကျော်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၄-၉-၂၀၀၇ ဖြစ်ပါသည်။

တိုက်ခန်းအမြန်ရောင်းမည်
တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ ပေ(၂၅×၅၅)၊ တိုက်သစ်၊ အလွန်တန် 5F, ပြင်ဆင်ပြီး (710) L
Ph:09-5150585

မီး သတိပြု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၂/ကံဘဲ့၊ မြေကွက်အမှတ်-၃၂/ဃ၊ မြေကွက်တည်နေရာအမှတ်-၆၄/D ၊ ကမ္ဘာအေးဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ Dr. ခင်မောင်ထူး(BY- ၀၁၁၄၆၃)၊ ဒေါ်အေးအေးသော် (AC-၀၄၆၂၀၇) အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက်ဖခင် Dr.ခင်မောင်ထူးမှာ ၈-၄-၂၀၁၁ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်အေးအေးသော်မှာ ၂၈-၁-၂၀၀၈ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏ သား/သမီးများဖြစ်ကြသည့် ဒေါ်ကေသွယ်ထူး[၁၂/မရက(နိုင်)၁၁၄၀၉၃]နှင့် ကိုအောင်ဆန်းထူး [၁၂/မရက(နိုင်)၁၂၀၂၁၇]တို့မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ အမည်ပေါက်သည့် စွန့်လွှတ်စာချုပ်အမှတ်-၈၁၉/၁၉၇၂ (၂၆-၈-၁၉၇၂)၊ ၁၉၉၅ ခုနှစ်တွင် ဦးခင်မောင်ထူး+၁ မှ မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ အဆောက်အဦးဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါမြေပုံမှာ အထားအသို သိမ်းဆည်းမှုမှားယွင်းကာ ပျောက်ဆုံးသွားပါကြောင်း၊ အဆိုပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းလုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဒေါ်ကေသီထူးနှင့် ဦးအောင်ဆန်းထူးမှ ၁၅-၁၀-၂၀၁၈ ရက်စွဲဖြင့် ကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ဟိုတယ်ဇုန် အနောက်ရပ်)ဟိုတယ်ဇုန်အမှတ်(၁)၊ မြေကွက်အမှတ်(SHM-2)၊ Capital Hypermarket ဆောက်လုပ်ထားသည့် မြေဧရိယာ(၁၇. ၃၈)ဧကအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် မြန်မာလင်း(န်)အင်(န်)ဒပဲလော့(ပ်)မင့်(တ်)လီမိတက်မန်းနေဂျင်း ဒါရိုက်တာ ဦးသန့်ဇင်(ဘ) ဦးငွေသန်း[၁၃/နခတ(နိုင်)၀၅၅၉၆၅]မှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ တင်ပြ၍ မြေငှားစာချုပ်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်-၅၅၅ နေ ဒေါ်တင်တင်စိုးလှိုင် [၇/မလန(နိုင်)၀၀၆၉၉၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏ ဒုတိယသမီးဖြစ်သူ ဒေါ်စိုးမွန်ရည်ဝင်း [၁၂/ဥကတ(နိုင်)၁၅၃၅၈၈]သည် လွန်ခဲ့သော (၂၀၁၇/၁၈)နှစ်အတွင်း မိခင်ပိုင်ရွှေထည်ပစ္စည်းအချို့၊ မြေကွက်များနှင့်ငွေ အမြောက်အမြားကို အကြောင်းအမျိုးမျိုးပြပြီး လှည့်ဖြား၍ တောင်းယူခဲ့ပါသည်။ မိခင်မှ ငြင်းဆန်သည့်အခါ ပို၍ပင်ဆိုးလာပြီး သူစိမ်းနှင့်ပေါင်း၍ ခြိမ်းခြောက်ကာ အကြိမ်ကြိမ်တောင်းယူခဲ့ပါသေးသည်။ ၎င်းအသာတကြည် တောင်းယူမရသည့်အခါ ရန်ပြုကြိမ်းမောင်းပါသည်။ ထိုသို့သော မစိုးမွန်ရည်ဝင်း၏ရိုင်းစိုင်းကြမ်းတမ်းသော အပြုအမူကြောင့် သက်ကြီးရွယ်အိုဖြစ်သူ မိခင်ကြီးမှာ နေ့စဉ်စိတ်ဆင်းရဲမှုများစွာနှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ မစိုးမွန်ရည်ဝင်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်း (စဉ်-၄၀၄၈/၈၇)	**ဒေါ်ခင်နီနီလှိုင် (စဉ်-၃၉၁၁၂)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
ဖုန်း-၀၉-၂၅၄၆၀၉၂၄၉၊ ၀၉-၆၉၀၆၈၂၉၀၇	**ဖုန်း-၀၉-၂၅၆၃၂၃၀၂၄**

အမှတ်-၅၅၊ ပ-ထပ်၊ အခန်း ၁၅/A၊ မဟာဗန္ဓုလလမ်းမြီလ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

In Commemoration of 70th Anniversary of Independence of the Republic of the Union of Myanmar in 2018 and the 30th Anniversary of the ROK-Asean Dialogue Relations in 2019

KOREA-MYANMAR
CONTEMPORARY ART EXCHANGE

Aung Thiha, Aung Thin Oo
Kyee Myint Saw
Mg Mg Yin Minn, Min Yee
Moe Nyo, Manzar Hein
Myoe Kyaw
Myoe Thant Oung
Thant Zin, Win Zaw Zaw
Zaw Win Pe

Bae ki-hyun, Chun Eun-Jung
Ha hoon-soo
Heo jong-hn, Jung in-sung
Jung dea-com, Kim young-hee
Min byung-il
Park jin-yong, Park tae-hong
Pyo jin-su, Shin mi-suk
Yoo sun-cheon

24th - 28th November 2018
9:30 am to 4:30 pm

National Museum
66/74, Pyay Road, Dagon Township,
Yangon, Myanmar
Tel: (+95) 01 378652

Embassy of the Republic of Kore A.A.(Artist Asia)

လုပ်သမျှကိစ္စတွေ အဆင်မပြေဘူး၊ လွဲချော်နေတာ ကံကြမ္မာကြောင့်ပါ
ဗေဒင်မေးပြီးမှ ဆက်လုပ်ကြည့်ပါ။
မခင်သက်ထက်စံ
B.A (SHASTRI)
(နက္ခတ်ဗေဒင်နှင့် မြန်မာ့ နဝင်းစီးပညာ)
ဖုန်း - ၉ ၅၁၃၁၁၂၈ ၀၉ ၉၆၂၉၂၅၅၂

အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်တင်တင်ဦး[၁၂/ဗတထ(နိုင်)၀၂၅၅၃၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ကျောက်တိုင်ကွင်း၊ မင်းရတနာအိမ်ရာရှိ မြေကွက်အမှတ်-၆၆/H အကျယ်အဝန်း(အလျားပေ ၅၀×အနံ၉၅ပေ)၊ စတုရန်းပေ(၄၇၅၀)ရှိ မြေကွက်ကိုရောင်းသူ ဒေါ်တင်တင်ဦးမှ ဝယ်သူများဖြစ်သော ဦးစွန်သရက်(ချ်)(ခ)ဦးလှဝင်းနှင့် ဒေါ်စူစီလာတို့သို့ ၂၀-၃-၂၀၁၈ ရက်စွဲပါ စာချုပ်ဖြင့် စရန်ငွေကျပ် ၇၅၀၀၀၀၀၀/-(ကျပ်သိန်းခုနစ်ရာ့ငါးဆယ်တိတိ)ရယူ၍ ရောင်းချခဲ့ပါသည်။

၂။ ယခုအခါ ရောင်းသူ၊ ဝယ်သူများ၏ နှစ်ဖက်သဘောတူညီချက်အရ ရောင်းသူမှစရန်ငွေကျပ် ၇၅၀၀၀၀၀၀/-(ကျပ်သိန်းခုနစ်ရာ့ငါးဆယ်တိတိ)အား ဝယ်သူများသို့ ပြန်လည်ပေးအပ်၍ ၂၀-၃-၂၀၁၈ ရက်စွဲပါ စရန်ပေးကတိစာချုပ်ကို ရောင်းသူနှင့်ဝယ်သူများ ၂၀-၁၁-၂၀၁၈ ရက်စွဲပါစာချုပ်ဖြင့် နှစ်ဖက်သဘောတူဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာမမ(LL.B,D.M.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆) **ဒေါ်စုမြတ်မွန်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၂၇၁)**
အမှတ်(၄၄)၊ ပ-ထပ်၊ အခန်း(၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄

တန်ဖိုးကိုက်လိုက ပိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးအတောက်အထားစာရင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တန်ဖိုးကိုက်နိုင်ကြောင်းနှင့် တန်ဖိုးကျမှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးမောင်မောင်အေး	၁၂/ဗတထ(နိုင်)၀၄၆၃၉၇	မင်္ဂလာတောင်ညွန့်	၁၂ H	V ၁၈	ဦးဘလှ	၉၊ရွှေဘောဆိုင်သွယ်(၁)လမ်း၊ဘဏ်တော်အနောက်ရပ်ကွက်	အမည်ပြောင်း
၂။	ဦးဝင်းမြို့(SP ဦးမောင်မောင်သိန်း)	၁၂/လသယ(နိုင်)၀၁၀၇၀၀	မရမ်းကုန်း	ဘုရင့်နောင်	၈/၇၈	ဦးဝင်းမြို့	၈/၇၈၊ အာသောကလမ်း ဘုရင့်နောင်ပွဲရုံ (၁)ရပ်ကွက်	မြေပုံကူး(အရောင်း)
၃။	ဦးခင်မောင်+၁	၁၂/လမတ(နိုင်)၀၀၆၃၃၆	မရမ်းကုန်း	ဘုရင့်နောင်	၈/၃၀	ဦးခင်မောင်+၁	၈/၃၀၊ ခရေလမ်း ဘုရင့်နောင်ပွဲရုံတန်း (၁)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၄။	ဒေါ်မြမြ	၁၂/လသန(နိုင်)၁၂၀၀၉	မင်္ဂလာဒုံ	ပဲခူးမြို့သစ်-တောင်	၅၉၀	ဗိုလ်ကြီးသန်းထွန်း	၅၉၀၊ သခင်လမ်း ပုလဲ(၃)ရပ်ကွက်	ဂရန်သစ်
၅။	ဒေါ်မြမြ(ဒေါ်ခင်ရီမြို့၊ဦးခင်ဆောင်ထွန်း၏GPရသူ) ဒေါ်ခင်အောင်(ဒေါ်မြို့ထွန်း၏GPရသူ) ဦးဇော်မင်းထွန်း(ဒေါ်ခင်ရီ ဦးမြင့်၏GPရသူ)	၇/တဝန(နိုင်)၀၀၅၉၆၀	ရန်ကင်း	၁/က(၁)	၆၂	ဒေါ်ခင်မြို့+၅	၁၊ မဟာဗောဓိလမ်း (၁၄)ရပ်ကွက်	မြေပုံကူး(အရောင်း)+ အပိုင်ပေး
၆။	ဦးတင်ဝင်း၏ SP ဦးအောင်နိုင်ဝင်း	၁၂/တတတ(နိုင်)၀၀၇၃၅၈	တောင်ဥက္ကလာ	၆	၁၀၀၆/က	ဦးတင်ဝင်း	၁၀၀၆/က၊ အင်းဝ(၉)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာ	မြေပုံကူး(အရောင်း)
၇။	ဦးကြည်ဝင်း	၁၂/အလန(နိုင်)၀၃၀၀၉၂	အလုံ	၂၃အပ်	II Class ၁၁/က	ဒေါ်တင်အေး	၂၅၊ ဝေဘာဂီလမ်း ဓနု/နောက်ရပ်ကွက်	အမည်ပြောင်း
၈။	ဒေါ်လင်းလှကြည်(ခ)မှုကြည်	၁၄/ပသန(နိုင်)၁၅၀၂၁၃	မရမ်းကုန်း	ဘုရင့်နောင်	က/၂၉-B	ဦးကျော်သောင်း	က/၂၉-B၊ရဲဘော်သစ်သွယ်(၃)လမ်း၊ဘုရင့်နောင်ပွဲရုံတန်း၊(၁)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၉။	ရေမရာဆီကျ(ခ)မစီ	၁၂/ဗဟန(နိုင်)၁၁၁၈၂၀	လှိုင်သာယာ	၄/၅	၅၇၆+၅၇၇	ဦးအောင်မြင့်(ခ)အမိန့်တင်ဘာ	၅၇၆+၅၇၇ ဗိုလ်ချုပ်လမ်း (၅)ရပ်ကွက်၊ လှိုင်သာယာ	အမည်ပြောင်း
၁၀။	ရေမရာဆီကျ(ခ)မစီ	၁၂/ဗဟန(နိုင်)၁၁၁၈၂၀	လှိုင်သာယာ	၄/၅	၅၇၈+၅၇၉	ဦးအောင်မြင့်(ခ)အမိန့်တင်ဘာ	၅၇၈+၅၇၉ ဗိုလ်ချုပ်လမ်း (၅)ရပ်ကွက်၊ လှိုင်သာယာ	အမည်ပြောင်း
၁၁။	ဒေါ်ဝိုင်ဝိုင်ထွန်း	၁၂/ဥကတ(နိုင်)၁၁၁၀၅၇	တောင်ဥက္ကလာ	၁၃	၇၁၂	ဦးအန်ဂျရှီကိုတင့်ပေး	၇၁၂၊ ဝရဇော(၄)လမ်း (၁၃)ရပ်ကွက်	အမည်ပြောင်း
၁၂။	ဒေါ်နန်းဆဝ်အေး(SP-ဒေါ်ဝင်းလှိုင်လှိုင်ဝိုင်း)	၁၃/တယန(နိုင်)၀၄၁၆၄	ဒဂုံမြောက်	၃၂	၁၂/၁၃၅၅	ဒေါ်နန်းဆဝ်အေး	၁၂/၁၃၅၅ ငွေပြည်သာလမ်း (၃၂)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၃။	ဒေါ်နန်းဆဝ်အေး(SP-ဒေါ်ဝင်းလှိုင်လှိုင်ဝိုင်း)	၁၃/တယန(နိုင်)၀၄၁၆၄	ဒဂုံမြောက်	၃၂	၁၃/၁၃၅၅	ဒေါ်နန်းဆဝ်အေး	၁၃/၁၃၅၅ ငွေပြည်သာလမ်း (၃၂)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၄။	ဒေါ်နန်းဆဝ်အေး(SP-ဒေါ်ဝင်းလှိုင်လှိုင်ဝိုင်း)	၁၃/တယန(နိုင်)၀၄၁၆၄	ဒဂုံမြောက်	၃၂	၁၁/၁၃၅၅	ဒေါ်နန်းဆဝ်အေး	၁၁/၁၃၅၅ ငွေပြည်သာလမ်း (၃၂)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၅။	ဒေါ်နန်းဆဝ်အေး(SP-ဒေါ်ဝင်းလှိုင်လှိုင်ဝိုင်း)	၁၃/တယန(နိုင်)၀၄၁၆၄	ဒဂုံမြောက်	၃၂	၁၃၅၅/၁၄	ဒေါ်နန်းဆဝ်အေး	၁၃၅၅/၁၄ ငွေပြည်သာလမ်း (၃၂)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၆။	ဒေါ်နန်းဆဝ်အေး(SP-ဒေါ်ဝင်းလှိုင်လှိုင်ဝိုင်း)	၁၃/တယန(နိုင်)၀၄၁၆၄	ဒဂုံမြောက်	၃၂	၉/၁၃၅၅	ဒေါ်နန်းဆဝ်အေး	၉/၁၃၅၅ ငွေပြည်သာလမ်း (၃၂)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၇။	ဒေါ်နန်းဆဝ်အေး(SP-ဒေါ်ဝင်းလှိုင်လှိုင်ဝိုင်း)	၁၃/တယန(နိုင်)၀၄၁၆၄	ဒဂုံမြောက်	၃၂	၁၀/၁၃၅၅	ဒေါ်နန်းဆဝ်အေး	၁၀/၁၃၅၅ ငွေပြည်သာလမ်း (၃၂)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)
၁၈။	ဒေါ်နန်းဆဝ်အေး(SP-ဒေါ်ဝင်းလှိုင်လှိုင်ဝိုင်း)	၁၃/တယန(နိုင်)၀၄၁၆၄	ဒဂုံမြောက်	၃၂	၈/၁၃၅၅	ဒေါ်နန်းဆဝ်အေး	၈/၁၃၅၅ ငွေပြည်သာလမ်း (၃၂)ရပ်ကွက်၊ ဒဂုံမြောက်	မြေပုံကူး(အရောင်း)

ဦးစီးမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တန်ဖိုးကိုက်လိုက ပိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးအတောက်အထားစာရင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တန်ဖိုးကိုက်နိုင်ကြောင်းနှင့် တန်ဖိုးကျမှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးခင်မောင်ဝင်း+၁၏SPဦးတင်ထွန်း	၁၂/သဃက(နိုင်)၀၀၅၉၉၆	ဒဂုံအရှေ့	၆	၁၀၉၇	ဦးခင်မောင်ဝင်း+၁	၁၀၉၇၊မင်းရဲကျော်စွာလမ်း(၆)ရပ်ကွက်၊ဒဂုံအရှေ့	မြေပုံကူး(အရောင်း)
၂။	ဒေါ်ရွှေရည်လေးမောင်	၉/မအန(နိုင်)၀၀၅၇၆၀	ဒဂုံမြောက်	၄၀	၁၁၂၂	ဦးအောင်ရိုး	၁၁၂၂၊ဘုရင့်နောင်လမ်း(၄၀)ရပ်ကွက်၊ဒဂုံမြောက်	အမည်ပြောင်း
၃။	ဒေါ်အေးအေးထွန်း+၁	၉/မရတ(နိုင်)၀၆၀၄၅၆	ဒဂုံမြောက်	၂၀	၅၉၇	ဒေါ်လှလှ	၅၉၇၊အောင်ရတနာလမ်း(၂၀)ရပ်ကွက်၊ဒဂုံမြောက်	အမည်ပြောင်း
၄။	ဒေါ်မြင့်စိန်	၉/မရမ(နိုင်)၀၃၃၈၄၄	စမ်းချောင်း	၂၉ဒီ	၄၁၀-အက်ဖ်/၂	ဒေါ်လှလှရီ	၁၂၅-Aမေဓာဝီလမ်း(၁၀)ရပ်ကွက်	အမည်ပြောင်း
၅။	ဒေါ်ခင်လှိုင်(GPဦးဆန်းထွန်း)	၁၂/အစန(နိုင်)၀၄၄၄၁၉	အင်းစိန်	၃၉၄	၁/၈B၆၁B	ဒေါ်ခင်လှိုင်	၇၂/၁/ကျိုက်ဒေးလမ်းမော်ကွန်းကြီးတိုက်ရပ်ကွက်အင်းစိန်	မြေပုံကူး(အပိုင်ပေး)
၆။	မဟာသုခရာမကျောင်းတိုက်ဆရာတော် အရှင်တိက္ခဉာဏ	၁၂/ဗဟန(သ)၀၀၁၉၀၀	ဗလ	၂/ကမာကသွယ်	၇၆၂/၈	ဒေါ်တင်လှိုင်	၇၆၂/၈ကျွန်စစ်သားလမ်းကမာကသွယ်ရပ်ကွက်	အမည်ပြောင်း
၇။	ဦးသိန်းနိုင်၏SPဒေါ်ဌေးဌေးဝင်း	၁၂/ပဗတ(နိုင်)၀၀၂၀၀၆	ဒဂုံတောင်	၁၄၂	၁က/၁	ဦးသိန်းနိုင်	၁က/၁ကျွန်စစ်သားလမ်း(၁၄၂)ရပ်ကွက်ဒဂုံတောင်	မြေပုံကူး(အရောင်း)
၈။	ဒေါ်ခိုင်ခိုင်သန်း၏(SP)ရသူဒေါ်မြို့မြို့ထွေး	၁၂/ပဗတ(နိုင်)၀၀၀၈၁၂	ဒဂုံဆိပ်ကမ်း	၇၉	၁၄၃	ဒေါ်ခိုင်ခိုင်သန်း	၁၄၃(၇၉)ရပ်ကွက်ဒဂုံဆိပ်ကမ်း	မြေပုံကူး(အရောင်း)
၉။	ဒေါ်နန်းဆဝ်အေး၏SPရသူဦးကျော်ထွေး	၁၂/ဥကတ(နိုင်)၁၈၉၁၁	ဒဂုံမြောက်	၄၀U9	၂၉၂	ဒေါ်နန်းဆဝ်အေး	၂၉၂အောင်ရတနာလမ်း(၄၀U9)ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၀။	ဦးမြင့်အောင်၏GPဦးအုံမြတ်ထွန်း	၁၂/ဥကမ(နိုင်)၂၈၇၆၁	မြောက်ဥက္ကလာ	၈	၆၁၂/က	ဦးမြင့်အောင်	၆၁၂/ကသစ္စာ(၄)လမ်း(၈)ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၁။	ဒေါ်လှလှစန်း+၁	၁၄/ပသမ(နိုင်)၁၁၁၁၃၄	တောင်ဥက္ကလာ	၁၄/၃	၁၉၃/၂	ဒေါ်ဝင်းသိန်း	၁၉၃/၂မဟာဗန္ဓုလလမ်း(၁၄)ရပ်ကွက်တောင်ဥက္ကလာ	အမည်ပြောင်း
၁၂။	ဦးဟိန်းတင့်ထွန်း၏SPရသူဦးကျော်ဇောအောင်	၁၂/တမန(ပြ)၀၀၀၀၀၄၇	ဒဂုံဆိပ်ကမ်း	၆၈	၃၂၉	ဦးတိန်းတင့်ထွန်း	၃၂၉(၆၈)ရပ်ကွက်ဒဂုံဆိပ်ကမ်း	မြေပုံကူး(အရောင်း)
၁၃။	ဦးအော်ဝင်း၏SPဒေါ်ခင်စောဇော်ဝင်း	၁၂/ဗတထ(နိုင်)၀၃၄၂၁၀	သင်္ဃန်းကျွန်း	၂၉-သုဝဏ္ဏ(ရှေ့ပိုင်းဆန့်)	၂၀	ဦးအော်ဝင်း	၂၀ဇေယျာလမ်း(၂၉-သုဝဏ္ဏ)ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၄။	ဦးသိန်းဆိုက်ဗို	၁၂/စခန(နိုင်)၀၀၉၄၇၀	လှိုင်သာယာ	သာကေ-၁၁	၆၉/က	ဦးမြသိန်း	၆၉/ကပုသိမ်လမ်း(၁၁)ရပ်ကွက်လှိုင်သာယာ	ဂရန်သစ်
၁၅။	ဦးကျော်ကျော်နိုင်၏SPရသူဒေါ်ခင်ထွေး	၁၀/တမန(နိုင်)၀၁၆၈၅၇	ဒဂုံဆိပ်ကမ်း	L/၁၇(၆၀)	၂၂၆၄	ဦးကျော်ကျော်နိုင်	၂၂၆၄(၆၀)ရပ်ကွက်ဒဂုံဆိပ်ကမ်း	မြေပုံကူး(အရောင်း)
၁၆။	ဦးထလာဇံ	၄/တစန(နိုင်)၀၀၀၄၂၉	ရွှေပြည်သာ	၁၅	၂၁၀	ဦးတင်မောင်ဝင်း	၂၁၀သစ္စာလမ်းသွယ်(၃)လမ်း(၃)ရပ်ကွက်ရွှေပြည်သာ	ဂရန်သစ်
၁၇။	ဒေါ်အေးအေးဝိုင်း(ဦးမောင်စိန်+၂၏SPရသူ)	၁၄/ဝခမ(နိုင်)၁၅၉၉၀၀၆	ရန်ကင်း	၄/က(၁)	၁၁၄	ဦးမောင်စိန်+၂	၁၁၄တူတာလမ်း(၁၅)ရပ်ကွက်ရန်ကင်း	မြေပုံကူး(အရောင်း)
၁၈။	ဒေါ်အေးအေးဝိုင်း(ဦးမောင်စိန်+၂၏SPရသူ)	၁၄/ဝခမ(နိုင်)၁၅၉၉၀၀၆	ရန်ကင်း	၄/က(၁)	၁၁၆	ဦးမောင်စိန်+၂	၁၁၆တူတာလမ်း(၁၅)ရပ်ကွက်ရန်ကင်း	မြေပုံကူး(အရောင်း)
၁၉။	ဒေါ်အေးအေးဝိုင်း(ဦးမောင်စိန်+၂၏SPရသူ)	၁၄/ဝခမ(နိုင်)၁၅၉၉၀၀၆	ရန်ကင်း	၄/က(၁)	၁၁၅	ဦးမောင်စိန်+၂	၁၁၅တူတာလမ်း(၁၅)ရပ်ကွက်ရန်ကင်း	မြေပုံကူး(အရောင်း)

ဦးစီးမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တန်ဖိုးကိုက်လိုက ပိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးအတောက်အထားစာရင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တန်ဖိုးကိုက်နိုင်ကြောင်းနှင့် တန်ဖိုးကျမှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	MARIA LOORTHU	၁၂/မဂတ(ပြ)၀၀၀၉၆၃	မင်္ဂလာတောင်ညွန့်	၁၂F	V.၁၉၃	MARIA LOORTHU	၁၉၃လမ်း(၉၀)ကန်/နောက်ရပ်ကွက်	ဂရန်သက်တမ်းတိုး
၂။	ဒေါ်တင်တင်ဝင်း+၃	၁၂/လသန(နိုင်)၀၁၆၉၇၉	မရမ်းကုန်း	ဘုရင့်နောင်	၄/၁၉	ဒေါ်တင်တင်ဝင်း+၃	၄/၁၉ဧရာဝတီလမ်းဘုရင့်နောင်ပွဲရုံတန်း(၁)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၃။	ဦးကျော်ထွန်း	၁/မညန(နိုင်)၁၀၉၀၂၇	ဒဂုံမြောက်	၄၃	၅၁	ဦးလှလှ	၅၁ဗိုလ်မှူးဗထူးလမ်း(၄၃)ရပ်ကွက်	အမည်ပြောင်း
၄။	ဦးခင်ထွန်း	၁၂/ဥကတ(နိုင်)၀၈၀၂၉၁	တောင်ဥက္ကလာ	၆	၁၀၀၀/ခ	ဦးအုံးမောင်	၁၀၀၀/ခကျွန်းဘောဒီ(၁၁)လမ်း(၆)ရပ်ကွက်တောင်ဥက္ကလာ	အမည်ပြောင်း
၅။	ဒေါ်အေးမြတ်စန္ဒာထွန်း	၉/ပမန(နိုင်)၁၁၃၂၇၁	ဒဂုံဆိပ်ကမ်း	၇၀	၃၆၂	ဦးကျော်မြင့်	၃၆၂အောင်သဒ္ဓါ(၂)လမ်း(၇၀)ရပ်ကွက်ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၆။	ဒေါ်နန်းဌေးမေ	၁၃/တတန(နိုင်)၀၀၅၇၀၀	ဒဂုံအရှေ့	၁၁၃	၁၁၇၁	ဦးစိုးလှိုင်	၁၁၇၁(၁၁၃)ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၇။	ဒေါ်နန်းအုန်းမွှယ်	၁၂/လမန(နိုင်)၀၄၆၉၀၄	ရွှေပြည်သာ	၄၁	၁၅၉၂/ခ	ဦးအေးမြင့်	၁၅၉၂/ခပေါက်ရိုး(၁)လမ်း(၁၅)ရပ်ကွက်ရွှေပြည်သာ	ဂရန်သစ်
၈။	ဒေါ်မြင့်မြင့်သွေး(ခ)မြင့်မြင့်သန်း+၃	၁၂/ပဗတ(နိုင်)၁၁၄၀၁၉	ပုဇွန်တောင်	၁၁၈၅	V.၈၉	ဒေါ်မြင့်မြင့်သွေး(ခ)မြင့်မြင့်သန်း+၃	၃၇၉တိုးလမ်း(၈)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၉။	ဒေါ်မြင့်အိအိရွှေ	၇/ရတန(နိုင်)၀၉၄၃၅၆	ဒဂုံအရှေ့	၁၁၉	၁၁၅	ဒေါ်မေမေမောင်	၁၁၅(၁၁၉)ရပ်ကွက်ဒဂုံအရှေ့	အမည်ပြောင်း
၁၀။	ဒေါ်သန္တာအေး	၁၃/ကမန(နိုင်)၀၆၇၇၆၁	ဒဂုံဆိပ်ကမ်း	၁၄၀	၅၅၉	ဒေါ်မြမြ	၅၅၉(၁၄၀)ရပ်ကွက်ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၁။	ဦးနိုင်ဒေါ်လ်ဝင်း+၁	၁၂/တကမ(နိုင်)၁၄၄၄၁၉	တောင်ဥက္ကလာ	၁၁/တိုးရဲ့	၁၅၂	ဦးဖေနိုင်	၁၅၂သီတာသုလမ်းသွယ်(၁၁/တိုးရဲ့)တောင်ဥက္ကလာ	အမည်ပြောင်း
၁၂။	ဦးခင်မောင်ဝင်း+၂	၇/အတက(နိုင်)၀၁၃၀၈၄	မင်္ဂလာဒုံ	၅၃၂/B	၂၅၇	ဒေါ်မာလာမြင့်	၂၅၇အောင်သမြေလမ်းပုလဲ(၂)ရပ်ကွက်	အမည်ပြောင်း
၁၃။	ဒေါ်ခိုင်ခိုင်	၇/အတက(နိုင်)၀၆၈၉၇၈	မင်္ဂလာဒုံ	၅၃၂/B	၂၅၂	ဒေါ်ကြည်ကြည်မြင့်	၂၅၂နှင်းဆီလမ်းမျှော်မျှော်(တောင်)ရပ်ကွက်	အမည်ပြောင်း
၁၄။	ဒေါ်တင်ဝင်း	၁၂/လမန(နိုင်)၀၅၃၅၀၂	လှိုင်	၁၆	၂၀	ဦးဘိုးစောင်	၁၈ရေကျော်ဘောက်တန်း(၁)လမ်း(၇)ရပ်ကွက်	အမည်ပြောင်း
၁၅။	ဒေါ်ခင်မကြီး+၂	၁၂/မဂတ(နိုင်)၀၂၇၂၆	မင်္ဂလာတောင်ညွန့်	၁၂F	V.၁၄	ဒေါ်ခင်မကြီး+၂	၆၃၊အထက်ပန်းဆိုးတန်းလမ်းကန်/နောက်ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၆။	ဦးဇော်မိုး(ခ)ဇော်စိုင်ဇော်မိုးရွှေ	၁၂/ဗတန(နိုင်)၁၀၉၁၁၃	အင်းစိန်	၁၈/Bရွာမ	၃/က+၂/က+၄/က-၇.A	ဒေါ်သီတာလွင်+၁	၃၆၀သီရိမင်္ဂလာလမ်းသွယ်ရွာမအရှေ့ရပ်ကွက်အင်းစိန်	အမည်ပြောင်း
၁၇။	ဒေါ်သိန်းသိန်းလှိုင်	၁၃/တကန(နိုင်)၂၈၈၇၅၀	ရေကျော်	မြောင်းအောင်သုံးဆောင်ချင်း	၃၄၁	ဦးကျော်စိုးဝင်း	၃၄၁မြောင်းအောင်သုံးလမ်း	ဂရန်သစ်
၁၈။	ဒေါ်နှင်းဆီတာ	၁၂/ဒဂတ(နိုင်)၀၀၄၀၈၆	ဒဂုံတောင်	၁၈	၁၈၀၂/ခ	ဦးသန်းအောင်	၁၈၀၂/ခဆည်ပင်လမ်း(၁၈)ရပ်ကွက်ဒဂုံတောင်	အမည်ပြောင်း
၁၉။	ဦးကျော်ဝင်း	၆/ကသန(နိုင်)၀၀၀၆၄၂	ဒဂုံအရှေ့	၁၀၄	၅၂၉	ဦးတာနံ	၅၂၉(၁၀၄)ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၂၀။	ဦးတင်မောင်ဦး	၁၁/မပန(နိုင်)၀၀၀၁၇၈	မင်္ဂလာဒုံ	ထောက်ကြံ့မြို့မြို့ရဲ့-၃	၅၃၅/၇၀၇	ဦးအောင်မြို့ရှ	၅၃၅ဗိုလ်တေဇလမ်းတိုးရဲ့(၃)ရပ်ကွက်	အမည်ပြောင်း

ဦးစီးမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ခြံအမှတ်(၂၈၇/အေ)နေ
ဦးမျိုးအောင်-ဒေါ်ဝင်းမြတ်မွန်တို့၏သားငယ်

မောင်ပြည့်ဖြိုးအောင်

Final PartII MBBS, ဆေးတက္ကသိုလ်(၁)ရန်ကုန်

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေပြည်အေးလမ်း၊ အမှတ်(၁၈)နေ
ဦးထင်အောင်ကြည်-ဒေါ်ခင်သန္တာဦးတို့၏သမီးကြီး

မပြည့်မှူးထင်

Final PartII MBBS, ဆေးတက္ကသိုလ်(၁)ရန်ကုန်

တို့သည် ၂၁-၁၁-၂၀၁၈ရက်တွင် Meliá Hotel ၌ နှစ်ဖက်မိဘများနှင့်ဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ပြည့်ဖြိုးအောင်-မပြည့်မှူးထင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဗိုရာဇာလမ်းထောင့်၊ Lucky Condominium ၊ အမှတ်- ၇၇၀/၇၇၄ ၊(12-လွှာ)၊ (၁၁)ထပ်မှာပေါ်တွင်သော(50'×50')အကျယ်အဝန်းရှိကွန်ဒို တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသည့် MYANMAR MAYSON INDUSTRIES CO.,LTD ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကရားဝင်နိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေများ

ဦးအောင်နိုင်ဦး(စဉ်-၄၂၅၂)	ဦးမျိုးညွန့်(စဉ်-၅၀၄၂)	ဒေါက်တာဆွေစင်သော်(စဉ်-၉၃၀၀)
LL.B	LL.B,D.B.L	LL.B,LL.M,M.Res,Ph.D
ဒေါ်ခင်စန္ဒာသက်ထွန်း(စဉ်-၁၀၄၂၉)	ဒေါ်အေးသူဇာ(စဉ်-၁၂၈၇၉)	
LL.B,D.B.L,D.I.L	LL.B,D.B.L,D.I.L	

အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၉ ၂၅၀ ၃၇၃၇၁၆၊ ၀၉ ၄၄၃၁ ၆၅၆၅၆၊ ၀၉ ၄၄၃၀ ၂၉၆၉၆
E.mail : saikhungnoung1995@gmail.com

အများသိစေရန်ကြေညာခြင်း

ပဲခူးရိုင်း၊ ညောင်လေးပင်မြို့နယ်၊ မြွန်တန်ထောမြို့၊ မြို့မ(၁) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(ရပ်-၃၄၁)၊ ဦးပိုင်အမှတ်(၃၀)၊ မြေဧရိယာ (၀.၂၂၈၄) ဧက ခန့်ရှိသောမြေကို သမဝါယမဘဏ်လီမိတက်(ရုံးချုပ်) မှ အမည်ပြောင်းမြေ ငှားရန်လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်မှတင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်လေးပင်မြို့

ဖခင်မိခင်အမည်မှန်

တွံတေးမြို့နယ်၊ အစုလေးကျေးရွာ၊ အလက(ခွဲ) ကျောင်းမှ သတ္တမတန်းတွင် ပညာသင်ကြားနေသော မသင်းသင်းဦး၏ ဖခင်မိခင် အမည်မှန်မှာ ဦးမျိုးမင်း [၁၂/တတန(နိုင်)၁၆၅၉၀၈]၊ ဒေါ်ဥမ္မာမိုး [၁၄/ညတန(နိုင်)၁၁၆၄၂၇] ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

အာရီယန်လန်း ကုန်သွယ်ရေးကုမ္ပဏီ၏ ID အမှတ် 112631 (6-5-2016)မှာ ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၉၇၁၀၃၃၂၂၆**

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ၊ လမ်းမတော်မြို့နယ်၊ (၆) ရပ်ကွက် ၊ အနော်ရထာလမ်း၊ အမှတ်-၁၉၉ တွင် ရုံးခန်းဖွင့်လှစ်ထားသော LINGO ACE LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း သတိပေးကြေငြာအပ်ပါသည်။

The School for Professional, Academic & Communicative English
The SPACE

မှတ်ပုံတင်အမှတ်-၄/၁၁၀၁၅

LINGO ACE LIMITED သည် အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

LINGO ACE LIMITED သည် အထက်ဖော်ပြပါ "The SPACE" အမှတ်တံဆိပ်ကို အသုံးပြု၍ အင်္ဂလိပ်ဘာသာစကား နှင့် အခြားဘာသာစကားများကို 4 Skill သင်တန်းများအနေဖြင့် ဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး အထက်ဖော်ပြပါလုပ်ငန်းများတွင် ဖော်ပြပါ "The SPACE" အမှတ်တံဆိပ်ကို အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ "The SPACE"အမှတ်တံဆိပ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ဖြစ်စေရန်သော်လည်းကောင်း တုပသုံးစွဲမပြုလုပ်ကြရန် နှင့် ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရဲနွယ်ရာ
B.Sc, H.G.P, M.A (Business Law), D.B.L, D.M.L, D.I.L, PGDL, LL.B (Online)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၉)
အမှတ် (၅၀) ၊ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၉၆၅၁၆၁၃၇၈၊ ၀၉၅၁၆၁၃၇၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၃၈)၊ မြေကွက်တည်နေရာအမှတ်(၃၈)၊ စိုက်ပျိုးကိုက်ရွှန်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးအောင်မြင့်အမည်ပေါက်ပါ မြေအားအမည်ပေါက်ဦးထောင်မြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စန်းစန်းမြင့် (၁၂/ကမတ(နိုင်)၀၃၁၇၅၀)မှ မြေကွက်ပါ မြေမူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာနှင့် ဒုံးခန်း ထောက်ခံစာ ကိုယ်တိုင်ဝန်ခံချက်တို့ကို တင်ပြ၍ ပါမစ်ပျောက်မြင့် ဂရုနှင့် သစ်လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအ သိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တော
မဲ့
မြေ
သား
ရေ
တိုက်
စား
၏

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြန်မာ့အိမ်ရာနေ ဦးနေဝင်း-ဒေါ်မြင့်မြင့်သန်းတို့၏သားကြီး

မောင်ရဲမင်းသော်

A.G.T.I(Civil)WYTU
Diploma in Project Management(U.K)
Second Year(English),Dagon University
Senior Civil Engineer(OEPG)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မေသူအိမ်ရာနေ
ဦးကျော်ကျော်စိုး(General Manager, Shwe Sandar Co.,Ltd)-
ဒေါ်ခင်နွဲ့ကြည်(မတာ) တို့၏သမီးလတ်

မမိုမိုနိုင်

B.E(Civil),M.E(Thesis) WYTU
Cost & Progress Engineer(Nokia Solutions & Networks Myanmar Ltd)

တို့၏ ၁၀-၁၁-၂၀၁၈ရက် (စနေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးမျိုးမြင့် ရန်ကုန်တိုင်း တရားလွှတ်တော်တရားသူကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်လှလှမြင့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးဝင်းမောင် ညွှန်ကြားရေးမှူး(ငြိမ်း) (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၊ အထွေထွေအတွင်းရေးမှူး (မြန်မာနိုင်ငံ တမံကြီးများကော်မတီ)နှင့် ဇနီးဒေါ်ကြည်ကြည်နွဲ့ (အထက်တန်းပြ-ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲ ပေးပါသော မချစ်ပြည့်ပြည့်၊ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် အောင်လက်ထပ်လက်စွပ်ဗန်းကိုင် ဆောင်ပေးပါသော မထက်ဦးဝေ၊ သတို့သားအရံ မောင်ထက်လင်းအောင်၊ သတို့သမီးအရံ မကြည် သာစိုးတို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာစောင်း အခါတော်ပေးသီချင်းဖြင့်ဖျော်ဖြေပေးပါသော တေးသံရှင် ဒေါ်ငြိမ်းငြိမ်းအိန္ဒြာအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော သီတဂူ(သစ်ခွဲခြံ)အဖွဲ့သားများ၊ မိတ်ကပ်နှင့် ဆံပင်အလှ ဖန်တီးပေးပါသော ချယ်သစ္စာဖြူနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော Kingsman PhotoClub အဖွဲ့သားများ၊ Pre-Wedding မင်္ဂလာဓာတ်ပုံ ရိုက်ကူးပေးပါသော Exposure အဖွဲ့သားများ၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့်**

မောင်ရဲမင်းသော်-မမိုမိုနိုင်

ပထမဦးဆုံး ဦးထွန်းဦး+ဒေါ်ဝင်းမာ

T.V (ရန်ကုန်)

ကားမောင်း၊ စက်ပြင်သင်တန်း

အမှတ်(A) ကားကတ်ဆက်တန်း၊ သိမ်ဖြူတောင်းနှစ်ကွင်းဘေး၊ (မဆလာ စက်မှတ်တိုင်) Ph: 09-73044311
အမှတ် ၂၉၅(A)၊ သံသုမာလမ်း၊ တောင်ဥက္ကလာ၊ (ဘောလီမှတ်တိုင်)
သိမ်ဖြူ- 09421150033, 09-5041550, 09-440051114
မြောက်ဒဂုံ- 09-260111942, 09-420066955
09-440051112, 01-8011402, 01-8011403
တောင်ဥက္ကလာ- 09-440051113, 01-2332340
သာကေတ(၁၀စတောင်ဘုရား) - 09-779144479
မရမ်းကုန်း(သမိုင်းလမ်းဆုံအနီး) - 09-260111947
ဗိုလ်တထောင်(ဗန္ဓုလတံတားအဆင်းဂန္ဓီမှတ်တိုင်) 09-779144498
တောင်ဒဂုံ(တံတားထိပ်မှတ်တိုင်) - 09-260111946

ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၇

ဦးလှမိုး **တရားလို**

နှင့်

၁။ ဦးဝင်းအောင် **တရားပြိုင်များ**
၂။ ဒေါ်ရီရီဝင်း] အတူနေလင်မယား

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လှော်ကားလမ်း၊ ရွာသာကြီးစီးပွားရေးတက္ကသိုလ်အနီးနေ ယခုအမှုမှ တရားပြိုင်များဖြစ်သည့် ဦးဝင်းအောင်နှင့် ဒေါ်ရီရီဝင်း (အတူနေလင်မယား) (ယခုနေရပ်လိပ်စာ မသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှမိုးက "တရားပြိုင်များက တရားလိုပိုင်ခြံမြေအတွင်းသို့ ဝင်ရောက်ကျူးကျော်ကာ ခြံစည်းရိုးခတ်၍ နေအိမ်ဆောက်လုပ်ထားခြင်းအား ဖျက်သိမ်းဖယ်ရှား၍ တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှုနှင့် ကြားကာလနစ်နာကြေးငွေ ကျပ်သိန်း(၄၀)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်၊ (၁၃၈၀ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၁၄ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် တရားရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင် မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှု လိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာကျော်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ Optical Ground Wire OPGW Line Maintenance ပစ္စည်းများအား (မြန်မာကျပ်ငွေ) DDP (Yangon)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား ၂၆-၁၂-၂၀၁၈ရက် (၁၄:၀၀) နာရီတွင် နောက်ဆုံးထား၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(www.moee .gov.mm)တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ download ဆွဲယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊
ပစ္စည်းစီမံရေးဌာန
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၅၁၂၊ မြေကွက်တည်နေရာအမှတ်-၅၁၂၊(၁၅)ရပ်ကွက်၊ ခရေလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးထွန်းကြိုင်အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးထွန်းကြိုင် (၁၂/အစန(နိုင်)၀၈၄၆၈၈)ထံမှ(၃-၄-၁၉၉၇)ရက်စွဲပါအရောင်းကတိစာချုပ်ဖြင့်ဝယ်ယူထားသူဦးစိုးမြင့်(၁၂/ဥကမ(နိုင်)၁၂၁၈၆၈)မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ နေထိုင်ကြောင်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ မြေချပါမစ်မူရင်းသည်နေအိမ်ပြောင်းရွှေ့ရာ၌ပျောက်ဆုံးခဲ့ကြောင်း အဆိုပါမြေကွက်ကိုအရောင်းအဝယ်ကတိစာချုပ်အရဦးစိုးမြင့်မှပိုင်ဆိုင်လျက်ရှိပြီး အခြားသူများသို့ရောင်းချခြင်း၊ပေးကမ်းခြင်း၊ပေါင်နှံခြင်း အာမခံထားရှိခြင်း အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းစသည်များပြုလုပ်ထားမှုမရှိပဲ ဝင်ကြေး ရှင်းပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာတို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားကွင်းဆင်းစစ်ဆေးရာ သွပ်ကာသွပ်မိုး(၁၀'×၁၅')အဆောက်အဦတစ်လုံးရှိပြီးဦးစိုးမြင့်နေထိုင်ခြင်းနှင့်ပတ်သက်၍ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းဝင်စာ-၄၂၁၆/၂၅-၄-၂၀၁၈ဖြင့်ဝန်ခံကတိပြုတင်ပြထားပါသည်။သို့ပါ၍ဦးစိုးမြင့်မှပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် 2A(540) မုဒိတာအိမ်ယာ (၂) ပေါက်တော၊ ဖန်စက်လမ်းရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပဲခူးတိုင်းဒေသကြီး မဟာမြိုင်၊ ဗိုလ်မင်းရောင်လမ်း အမှတ်-၇/၂၄၆ နေ နန်းမြင့်မြင့်သင်း (၇/ဒဥန(နိုင်)၀၇၈၈၈၁)ကပိုင်ဆိုင်ကြောင်းနှင့် ရောင်းချလိုကြောင်းကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်မြသိန်း (LL.B, D.BL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၄၂)
ဒေါ်ဆွေဆွေအောင် (LL.B, D.B.L, D.I.L, W.I.P.O)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၀၃)

ရုံးအမှတ် (၉/၁၁) အခန်း (၁၀၁/D) ပထမထပ်၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ဖုန်း- ၀၉-၄၅၀၄၇၄၄၈၊ ၀၉-၄၅၃၇၄၅၃၀၅၊ ၀၉-၇၈၂၀၄၈၀၁၃

Origanized by
MYANMAR COSMETICS ASSOCIATION
Co- Sponsor
HERBALLINES
(နိုဝင်ဘာလ)(၂၃)မှ(၂၅)ရက်အထိ
မြန်မာနိုင်ငံအလှကုန်အသင်းမှ ဦးစီးကျင်းပသော (စတုတ္ထ)အကြိမ် မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံး
COSMETICS SPECIAL DISCOUNT FESTIVAL 2018
အလှကုန်အထူး DISCOUNT ဈေးရောင်းပွဲတော်
ပြပွဲတွင်(၁၀၀၀၀)ကျပ်ဖိုး ဝယ်ယူသူတိုင်းအတွက်ကံစမ်းမဲအစီအစဉ်များပါရှိပါသည်။
Main- Sponsor
NATURE REPUBLIC
Co- Sponsor
BEAUTY CITY
တပ်မတော်ခန်းမ
Ph: 09 780088345, 09 451378883

(၉၈)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်

ဂေါက်သီးရိုက်ပြိုင်ပွဲ

ပဲခူးမြို့၊ အ. ထ. က(၃) (ယခင်အမျိုးသားတန်းမြင့်ကျောင်း)၏ (၉၈)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ပါဝင်ဆင်နွှဲပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်။ ။ ၂၄-၁၁-၂၀၁၈ရက် (စနေနေ့)

ကျင်းပမည့်အချိန်။ ။ Tee Off နံနက်(၈း၀၀)နာရီ

ကျင်းပမည့်နေရာ။ ။ ဟံသာဝတီဂေါက်ကွင်း၊ ပဲခူး

ဆက်သွယ်ရန်-ဦးကြင်သိန်း ၀၉-၄၃၀၅၄၄၃၂၊ ဦးစိုးကြင်- ၀၉-၅၀၁၁၂၃၃
ဦးဇော်မျိုးကျော် ၀၉-၅၁၀၉၃၁၉၊ ဦးမြတ်သစ်- ၀၉-၅၀၄၆၈၅၅
ဦးမျိုးမင်းညွန့် ၀၉-၅၃၀၁၀၁၀၊ ဦးမျိုးဝင်းဆက်-၀၉-၅၁၈၀၇၈၃

ကိုသန့် ဇင်
CAR RENTAL
ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
09 - 5059821
09 - 43117680

GW 0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

သဘာဝသုခ မှတ်ပုံတင်ပြီး သဘာဝဆေးစွမ်းကောင်းများ
ဆီးချို သွေးချို အမြစ်ပြတ် ရှားစောင်းလက်ပပ်
(ရှားစောင်းသတ္တုရည်၊ ရှားစောင်းလက်ပပ်ဖြောက်၊ ရှားစောင်းဆေးပြား)
ကင်ဆာကင်းဝေးအောင် သင်္ဘောရွက်ကိုဆောင်
(သင်္ဘောရွက်လက်ပပ်ဖြောက်၊ သင်္ဘောရွက်ဆေးပြား)
2in1 ရဲ့ အထူးပင်စွမ်းတဲ့ဆေး
ဇီဝပါလ(သဘာဝသက်စောင့်ဆေး)
(ရှားစောင်း+သင်္ဘောရွက်ဆေးပြား)
လူငယ်မှာခွန်အား လူကြီးသက်စောင့်စား
ဆေးမြင်းစွာဆေးပြား(ရသာယနအသက်ရှည်အားဆေး)
ဗိုဇဖြင်းဖြင့် သင့်ကျန်းမာရေး အာမခံချက် ပေးနိုင်ပါပြီ။
သဘာဝသုခ ဖြန့်ချိရေး(ပင်ရင်း)အမှတ်(၃၀)၊မြလမ်း၊ကျိုက္ကဆံရပ်ကွက်၊တာမွေ၊ရန်ကုန်မြို့။
TEL:(09)73071133,73081817,973081817,798326362

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များနှင့် ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်/အချိန်
(က)	Aluminium Chlorohydrate	(၁၂၀၀)တန်	၁၂-၁၂-၂၀၁၈/ ၁၂း၀၀နာရီ
(ခ)	Abate ဆေး(25kg/Drum)	(၅၀၀)ပုံး	
(ဂ)	လမ်းခင်းကတ္တရာ(၆၀/၇၀)	(၁၅၀၀)တန်	
(ဃ)	ဘိလပ်မြေ(ပြည်တွင်း)	(၆၃၄၁၀၀)အိတ်	
(င)	၆၆၀လီတာဆံ့ အမှိုက်ပုံး	(၅၀၀)ပုံး	၂၁-၁၂-၂၀၁၈/ ၁၂း၀၀နာရီ
(စ)	၂၄၀လီတာဆံ့ အမှိုက်ပုံး	(၂၀၀)ပုံး	
(ဆ)	ရွေ့လျားအမှိုက်ကန်(သံကန်)အကြီး(၂၆)လုံး		

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၃-၁၁-၂၀၁၈ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး၊ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ
ဂုဏ်ထူး ဦးအောင်ခိုင် (အငြိမ်းစား)
သမိုင်းတံခွန် ဦးထွန်းနွယ်
ဦးစီးတည်ထောင်သော
ပညာနန်းတော်
အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက်
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
(အတန်းငယ်များကို ဘော်ဒါလက်မခံပါ)
နေ့ကျောင်းကြီး KG မှ ၁၀တန်းအထိ
(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
အကျင့်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးသည်ပထမ – ယနေ့ခေတ် လူငယ်များအတွက် အဓိက စိန်ခေါ်ချက် ဖြစ်သည်။ စာရိတ္တကောင်းမှ ပညာရေးကောင်းမည်။ တည်ထောင်သူ ဆရာကြီးများသည် မိမိတို့ ကိုယ်တိုင်လည်း အကျင့်စာရိတ္တ မြင့်မားတည်ကြည်မှုကို တန်ဖိုးထားပြီး၊ တပည့်များကိုလည်း ကောင်းစွာဆုံးမ လမ်းညွှန် လေ့ကျင့်ပေးပါသည်။
ပညာရည်ထူးချွန်ထက်မြက်ရေးသည်အဓိက – ပါမောက္ခကြီးများ၊ ရန်ကုန်မြို့တော်၏ နံပါတ်တစ် ကျူရှင်ဆရာကြီးများဖြင့် အခိုင်အမာဖွဲ့စည်းထားသည့် အကောင်းဆုံးပညာရေး အင်အားစုကြီး ဖြစ်သည်။ နေ့ကျောင်းကြီးနှင့်တကွ ကျူရှင်ချိန်များတွင်ပါ ၎င်းဆရာကြီးများသာ သင်ကြားကြသည်။ နေ့စဉ်သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် စစ်ဆေးရေးတို့ကို စည်းကမ်းတကျ စီမံချက်ချ၍ ဆောင်ရွက်သည်။ ထို့ကြောင့် နှစ်စဉ် အောင်ချက်ရာနှုန်းပြည့်နှင့် All-D များ၊ TOP TEN များ၊ ဂုဏ်ထူးရှင် များစွာ ထွက်ရှိခဲ့ပါသည်။
နေထိုင်မှုစားသောက်မှုအဆင့်ရှိရေးသည်ပဓာန – နေ့ကျောင်းကြီးနှင့် ဘော်ဒါဆောင်ကို မနီးမဝေးနေရာ၌ သီးခြားထားရှိသည်။ ဘော်ဒါဆောင်များကို သုဝဏ္ဏ၊ ဗိုလ်ချုပ်ရွာ VIP-1 ရပ်ကွက်တွင် ကျောင်းသူသီးသန့်၊ ကျောင်းသားသီးသန့်၊ ၈-၉ တန်းသီးသန့်၊ ၁၀ တန်းသီးသန့်၊ သီးခြားခြံဝင်းကျယ်၊ သီးခြား ၂ ထပ်တိုက်၊ သီးခြား စာသင်စာကျက်ခန်းမ၊ အခန်းတိုင်းမှာ အဲယားကွန်း၊ ၂၄ နာရီ လျှပ်စစ်မီး၊ အစီစီရေနှင့် အဆင့်မြင့်နေထိုင်မှုဖြစ်သည်။ အထူးသဖြင့် ကျောင်းသူဆောင်ကို ဆရာကြီးဦးထွန်းနွယ်၏ဇနီး ဆရာမကြီးဒေါ်မြင့်မြင့်ကြည် (အ. ထ. မ ပြ-ငြိမ်း)ကိုယ်တိုင် အတူနေထိုင်၍ အုပ်ချုပ်ပါသည်။ စားလို့မြိန်သော စေတနာကောင်းတဲ့ အိမ်ထမင်း၊ အိမ်ဟင်းကို သန့်သန့်ရှင်းရှင်း ချက်ပြုတ် ပြင်ဆင်ကျွေးမွေးပါသည်။
ငွေရေး ကြေးရေးသည် သာမည – ဘော်ဒါချင်းယှဉ်လျှင် အကောင်းဆုံးဝန်ဆောင်မှု ဖြစ်စေရမည်ဟု အာမခံသည်။ ငွေကြေးကိုမူ အသက်သာဆုံးနှင့် အဆင်အပြေဆုံးဖြစ်စေရန် အထူးစီစဉ်ထားပါသည်။ (၄-ရစ်ခွဲ၍ ပေးသွင်းရပါမည်။)
pnndschool
မြေအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577605, 09 782 216 338



ဦးဝင်းထိန်[NLD]၏ ဘဝဇာတ်ကြောင်း အသေးစိတ်ကို မေးမြန်းရာမှစ၍ ၂၀၁၆ အထိ သူ၏သမိုင်း ဇာတ်ခုံအဝဝကို ဖော်ထားသောခွက်ကို လှန်လိုက်သကဲ့သို့ ကွက်ကွက်ကွင်းကွင်း မြင်ရမည့် ငှင်းကိုယ်တိုင်ရေးသည့် "သံသရာတစ်ကွေ့" စာအုပ်

ကြော်ငြာထွက်ပါတော့မည်

ဖြန့်ချိရေး - ဝင်းပပစာပေ

အမှတ်(၁၂၄)၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၉၅၂၈၆၃၃၅

Asia Dragon အာရှနဂါး

- ကျိုက်ထီးရိုး - တောင်ကြီး၊ အင်းလေး၊ ပင်းတယ | မန္တလေး၊ ပြင်ဦးလွင်
- ချောင်းသာ - ပုဂံ(ညောင်ဦး)၊ ကလော၊ ဟိုပုံး | မန္တလေး၊ စစ်ကိုင်း၊ အင်းဝ
- ငွေဆောင် - မြဝတီ၊ မဲဆောက်၊ ဘားအံ | လက်မှတ်များကို အိမ်အရောက် ပို့ဆောင်ပေးပါသည်

01 707062, 09 799 100 100, 09 300 300 30

FORWARD YGN RENT A CAR

Forward Yangon Services Co.,Ltd

ကားအငှားနှင့်ခရီးသွားဝန်ဆောင်မှု လုပ်ငန်း

ယာဉ်မောင်းများလည်းဆက်သွယ်နိုင်ပါသည်။

PH:09-5168997,09-5089800,0933345545

သန်းဒွေးနှင့်ရောင်းရင်းများ ✿ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

- ✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း၊ ကက္ကူ(၄)ရက်။ ကလောပြည်နယ်-ကျိုင်းတုံ၊ ထီးလင်းရေတံခွန် ပါ(၅)ရက်။ Dec 7,14,21,28
- ✿ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ဝက္ကူ(၄)ရက်။ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် ပါ(၅)ရက်။
- ✿ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄)ရက်။ ဘားလုံပါ (၇/၁၀)ရက်။
- ✿ မန္တလေး၊ မိုးကုတ်၊ အင်းဝ၊ ကျောက်ဆည် မဟာသိမ်တော်ကြီး(၄)ရက်။
- ✿ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ-မုန်တံတား(၇)ရက်။ Dec21,28
- ✿ ရခိုင်၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ပလက်ဝ၊ ဆမြ(၆)ရက်။ Nov 30
- ✿ အင်းတော်ကြီး၊ မြစ်ကြီးနား-မြစ်ဆုံ၊ ဝရုံတောင်၊ ရွှေဘို(၆)ရက်။ မိုးကုတ်ပါ(၇)ရက်။
- ✿ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ ဇက်ဆိပ်(၅)ရက်။ မြိတ်ပါ(၆)ရက်။
- ✿ မြိတ်၊ ကော့သောင်း၊ ရေနှောင်း(သုခဋ္ဌာန်း)(၇)ရက်။ Dec21,28
- ✿ မော်လမြိုင်၊ ကျိုက္ခမီ၊ ဇက်ဆိပ်၊ ကျိုက်ထီးရိုး(၂/၃)ရက်။

ဖျတ်ဇိုင်ခိုင်းပြီး အဝတ်အစားအပြီး ထွက်မည်

✿ မြည်း၊ ဇာဂဏာ၊ ဇကောင်း ✿ ဧရာဝတီ၊ ဆင်ခြေ ✿ နေပြည်တော် ✿ ဂဏ္ဍ

အဆင်း ငါးတောင်ကာလသပ္ပေးပြိုးဧည့်များ အိပ်ဆင်း ကာလ (၂၀)ရက် စထွက်မည်။

ဌာနချုပ်(ထပ်)ရွှေဘုံသာလမ်း 01-380141, 01-241863, 09-43043109, 09-30284810

စိန်နန်းတော်

Diamonds & Fine Jewelry

November Sale

24th & 25th NOVEMBER 2018

5% to 30% off

Special Discounts

စံရိပ်ငြိမ် ဂမုန်းပွင့် အင်းစိန် (Promotion Area)

** (၅) သိန်းကျပ်ဖိုးနဲ့အထက် ဝယ်ယူပါက ရွှေဆွဲသီးလက်ဆောင် **

၁၅ ပဲရည်စွေထည် ဒီဇိုင်းဆန်းများ ၊ 18K White Gold (ရွှေဖြူ) ဒီဇိုင်းဆန်းများ ၊Belgium စိန်ထည်များနှင့် Hong Kong Setting စိန်ထည် ဒီဇိုင်းဆန်းများကို စုံလင်စွာရောင်းချပေးသွားမည် ဖြစ်ပါသည် ။

* စိန်ထည်ဝယ်ယူသူများကို မြန်မာပွဲတက်ရိုက်ထည်များ ထပ်မံလက်ဆောင်ပေးပါမည် ။ *

Phone no : 09 - 425008475 , 09 - 764499060

MINGALAR CINEMAS

www.facebook.com/mingalarcinemas

Mingalar Cinemas facebook

- သမ္မတ ၀၁-၂၅၆၃၆၂ ၀၁-၂၅၆၃၆၃ / မင်္ဂလာဘုရင့်နောင် 09402199991 09402199992,3
- သွင် / ရွှေဂုံဆောင်
- မင်္ဂလာ (သိမ်ကြီးဈေး)
- မင်္ဂလာ (ဗဟိုတော်(၂))
- နေပြည်တော်
- မင်္ဂလာစံပြ
- မင်္ဂလာမ/ဥက္ကလာ 09402027001 09402027002 09402027003
- Top Royal (စိန်ဂေဟာ-ဒဂုံ)
- မင်္ဂလာဝဇီရာ / စိန်ဂေဟာ
- မင်္ဂလာ (ဂမုန်းပွင့်)
- ဝင်းလိုက် မန္တလေး / မြို့မ မန္တလေး
- မင်္ဂလာဒိုင်းမွန်း မန္တလေး
- Central Point မန္တလေး 09954086841 09954086842 09954086843
- (မန္တလေး)မင်္ဂလာမန်းနေပြည်တော်
- မင်္ဂလာထွန်းသီရိ (ပြည်)
- မင်္ဂလာ ICON Mall(ပဲခူး)
- NEW 3D Cinema တောင်ငူ
- မင်္ဂလာစံပြ(မကွေး)
- မင်္ဂလာ ရွှေဟင်္သာ (ပဲခူး)
- မင်္ဂလာ ဘုရင့် (မော်လမြိုင်)
- မင်္ဂလာ မြစ်ရွှာ(မုံရွာ) / မင်္ဂလာ Ocean

ကြက်ရူ

သမ္မတ၊ သွင်၊ TopRoy၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ မင်္ဂလာ(၂)၊ မင်္ဂလာ(ဂမုန်းပွင့်)၊ စိန်ဂေဟာ၊ မင်္ဂလာ မ/ဥက္ကလာ၊ မင်္ဂလာ ဘုရင့်နောင်(တာမွေ)

မန္တလေး - ဝင်းလိုက်၊ မန်းနေပြည်တော်၊ မင်္ဂလာဒိုင်းမွန်း၊ Central Point

ပြည် - မင်္ဂလာထွန်းသီရိ

တောင်ငူ - NEW 3D CINEMA

ပဲခူး - မင်္ဂလာ Icon ၊ မင်္ဂလာ ရွှေဟင်္သာ

မကွေး - မင်္ဂလာစံပြ

မော်လမြိုင် - မင်္ဂလာဘုရင့်

မုံရွာ - မင်္ဂလာမြစ်ရွှာ၊ မင်္ဂလာ Ocean

ဖရုံသီး မော်ဒယ်

ရွှေဂုံဆောင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ TopRoy၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဝဇီရာ၊ စိန်ဂေဟာ၊ မင်္ဂလာ မ/ဥက္ကလာ၊ ဘုရင့်နောင်(တာမွေ)

မန္တလေး - မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊ မန်းနေပြည်တော်၊ Central Point

ပဲခူး - မင်္ဂလာ Icon ၊ မင်္ဂလာ ရွှေဟင်္သာ

ပြည် - မင်္ဂလာထွန်းသီရိ

မကွေး - မင်္ဂလာစံပြ

တောင်ငူ - NEW 3D CINEMA

မုံရွာ - မင်္ဂလာ Ocean

မော်လမြိုင် - မင်္ဂလာဘုရင့်

FANTASTIC BEASTS 2(3D)

နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့်) မကွေး - မင်္ဂလာစံပြ

မန္တလေး - မင်္ဂလာဒိုင်းမွန်း

တောင်ငူ - NEW 3D CINEMA မော်လမြိုင် - မင်္ဂလာဘုရင့်

HUNTER KILLER

ရန်ကုန် - နေပြည်တော်

THUGS OF HINDUSTAN

ရန်ကုန် - နေပြည်တော်

ဒီ

ရန်ကုန် - ရွှေဂုံဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ ဘုရင့်နောင်(တာမွေ) မန္တလေး - မင်္ဂလာဒိုင်းမွန်း၊ Central Point

မုန်းချဲ - စိန်ဂေဟာ ပြည် - မင်္ဂလာထွန်းသီရိ မုံရွာ - မင်္ဂလာမြစ်ရွှာ ပဲခူး - မင်္ဂလာ Icon ၊ မင်္ဂလာ ရွှေဟင်္သာ မုံရွာ - မင်္ဂလာမြစ်ရွှာ၊ မင်္ဂလာ Ocean

မင်္ဂလာရက်မြတ် စိန်ဂေဟာ၊ မ/ဥက္ကလာ၊ ပြည် - မင်္ဂလာထွန်းသီရိ မုံရွာ - မင်္ဂလာ Ocean ၊ မင်္ဂလာ Icon

၂၃ . ၁၁ . ၂၀၁၈ နေ့မှ ပြသည့် ဇာတ်ကားသစ်များ

ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

ဖျံ-၅-ကောင်

အမှတ်တံဆိပ်

LONDON QUALITY CROWN

GENEVA GOLD STAR FOR QUALITY

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ကြော်ငြာခွင့်ပြုချက်အမှတ် တအဆက(စာနယ်ဇင်း) ၂၃၄/၁၈-၁၈

ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)

Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၈၀၁၇၅၊ ၃၉၂၉၉

ဝင်ငွေကောင်း ၅ထပ်တိုက် တည်းခိုခန်းရောင်းမည်

သုဝဏ္ဏလမ်း၊ မယ်လမုဘုရားမီးပွိုင့်မှ ခါတ်တိုင် ၅တိုင်အကွာရှိ ဘုန်းကြီးလမ်း (အာသာဝတီလမ်းမ)ပေါ် တည်းခိုခန်း ရောင်းမည်။ ၂၀ပေ× ၅၀ပေ၊ RC ၅ထပ်တိုက် အခန်း၁၈ခန်း။ အခန်းတိုင်းအဲကွန်း။ ရေခဲသေတ္တာ၊ ဘိုထိုင်၊ ရေပြောင်းတပ်ဆင်ပြီးရှိသည်။ ကိုယ်ပိုင်မီးစက်၊ ကိုယ်ပိုင် ထရန်စဖော်မာရှိသည်။

09 251035329 သိန်း (၄၂၀၀)ညှိနှိုင်း

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်-၆၂/က၊ ဧရိယာအကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်-၆၂၊ ရန်ပြေ(၇)လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်မြမြအေးထံမှ အဆက်အစပ်စာချုပ်ဖြင့် ဒေါ်ပပဝင်းက ဝယ်ယူပြီး ဒေါ်မြမြအေးမှ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ် ဒေါ်ပပဝင်းမှ စရန်ငွေသိန်းတစ်ရာကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားပါမည်။

ဒေါ်ပပဝင်း

ဖုန်း-၀၉-၇၈၇၂၃၉၄၅၆၊ ၀၉-၇၇၂၃၄၉၃၆၂

Nestlé
LACTOGROW
လက်တိုဂရိုး
3 နှင့်အတူ
မိသားစု ပျော်ရွှင်စရာခရီးစဉ်ကို ကံစမ်းပျော်ရွှင်လိုက်ပါ
OCTOBER PRIZE
BANGKOK
Dream World
NOVEMBER PRIZE
UNIVERSAL STUDIOS
SINGAPORE
နှစ်သိမ့်ဆု
လစဉ်
Yangon Waterboom သို့
မိသားစုလိုက်
သွားရောက်လည်ပတ်ခွင့်
DECEMBER PRIZE
HONG KONG
DISNEYLAND
grow happy™
Good to remember
Nestlé
LACTOGROW
လက်တိုဂရိုး
3
LACTOGEN
3
ခဲခြစ်ကံစမ်းကုဒ်နံပါတ်ကို
ဖုန်းနံပါတ် 0944445 4547, 09 44445 4549 သို့
ပေးပို့ပြီး Lactogen 3 Grow Happy နှင့်အတူ
မိသားစုပျော်ရွှင်စရာခရီးစဉ်နှင့်
ဖုန်း Top-up များကို ကံစမ်းလိုက်ပါ
FB - Lactogen 3 Myanmar
terms and conditions apply

တန်ဆောင်မုန်းလပြည့်နေ့မှာ
နီယို မစ်ဆာဂရစ် နဲ့အတူပျော်ရွှင်စွာ
ဖြတ်သန်းကြပါစို့ ...
အအေးမိတုပ်ကွေးအတွက်
NEO
MIXAGRIP®
4 caplets
Prevention and Treatment of Cold and Catarrh
• Malaise
• Muscle pain
• Sneezing
• Catarrh
• Nasal Obstruction
• Fever
• Chill
• Dizziness
• Headache
နီယို
မစ်ဆာဂရစ်
ကွက်တိဘဲပေါ့

ကြော်ငြာ

ကျောက်တန်းအထက ကျောင်းသားဟောင်းများ၏ (၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပရေးနှိုးဆော်လွှာ

ကျောက်တန်းမြို့နယ်၊ အထက(၁)၊ (၂)တို့တွင် (၃)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံစာရင်းတွင် ပါဝင်နိုင်ရန် အောက်ဖော်ပြပါဖုန်းများသို့ အချိန်မီဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ယခင်ပူဇော်ပွဲတွင် ပါဝင်ပြီးသူများ ထပ်မံဆက်သွယ်ရန်မလိုပါ။

ဆရာမကြီးဒေါ်မြင့်မြင့်စီ -၀၉-၅၂၆၁၄၇၆၊ ၀၉-၇၈၈၀၁၀၇၅၀
ဆရာဦးတင်ရှိန် -၀၉-၅၀၀၀၁၈၆
ဒေါက်တာအောင်စည် -၀၉-၇၇၀၆၃၉၈၄၂
ဒေါ်နီလာခိုင် -၀၉-၇၉၈၄၆၁၈၆၉

(၂၆)ကြိမ်မြောက် ရေစကြိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် ဘိုးဘွားများအား ဂါရဝပြုကန်တော့ပွဲနှင့်ပညာရည်ချွန် ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရေစကြိုမြို့နယ်သူ/သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်ရသေးလျှင်ဖြစ်စေ၊ အားလုံးကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းကို ရိုးရိုးအောင်နှင့် ဂုဏ်ထူးဖြင့်အောင်မြင်သူများပါ အောင်လက်မှတ်မိတ္တူဖြင့် ၂၈-၁၁-၂၀၁၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂-၁၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)(အမျိုးသားအောင်ပွဲနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - ပခုက္ကူခရိုင်ဓမ္မာရုံ (ရွှေတိဂုံမြောက်ဘက်မုခ်အနီး)
ညှော့်ခံကျွေးမွေး - နေ့လယ်စာထမင်း+ဟင်းလျာ+ရေစကြိုထန်းသီးမုန့်

ဆက်သွယ်ရန်ဖုန်း

ဦးမြင့်ဆွေ(နာယက)၀၉-၅၀၄၈၄၈၇	ဦးဝင်းနိုင်(ဥက္ကဋ္ဌ)၀၉-၉၆၅၀၀၁၃၄၆
ဦးဝင်း(နာယက)၀၉-၅၀၁၇၀၁၄	ဦးမြဝင်းမောင်(ဒု-ဥက္ကဋ္ဌ)၀၉-၄၉၅၈၈၈၇၇
ဦးစိန်သန်း(ဒု-ဥက္ကဋ္ဌ) ၀၉-၂၅၀၁၃၆၇၇၅	ဒေါ်အုန်းကြင်(ဘဏ္ဍာရေးမှူး)၀၁-၆၈၀၇၆၀
ဦးအောင်မင်း(အတွင်းရေးမှူး) ၀၉-၂၅၀၀၇၅၆၁၂	ဦးသန့်ဇင်(တွဲ-ဘဏ္ဍာရေးမှူး) ၀၉-၄၃၁၇၆၁၇၂

မှတ်ချက်။ ။ ကန်တော့ခံဘိုးဘွားများနှင့် ဆုရကျောင်းသား/သူများကိုယ်တိုင် မပျက်မကွက်တက်ရောက်ပါရန်နှင့် မတက်ရောက်နိုင်ပါက မိသားစုဝင်များမှ သား၊ သမီး၊ မိဘများ တက်ရောက်လက်ခံရယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စောမြဦး (စစ်တွေ)

အသက်(၈၈)နှစ်

ဦးကျော်လှမြင့်(မန်နေဂျင်းဒါရိုက်တာ၊ မိုးမြင့်စံမိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်ခင်မြနု(ဒါရိုက်တာ၊ မိုးမြင့်စံမိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)တို့၏ မိခင်သည် ၂၀-၁၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ENS Property Management Co.,Ltd မိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၃၂)တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၈ ၁/၂) ထပ်တိုက်၏ (၅-လွှာ)(ဝဲဘက်)အခန်း (တိုက်ကို မျက်နှာမူလျှင်-ဘယ်)၊ အကျယ်အဝန်း (၁၇'×၄၉')ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှမောင် [၁၂/တမန(နိုင်)၀၉၄၇၂၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်လင်း [၁၄/ဒဒရ(ညှော့)၀၀၀၂၉၆]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသက်နိုင်ဦး (LL.B, LL.M, MRes(Law), D.B.L)
အထက်တန်းရှေ့နေ (စဉ်-၁၆၉၁၃)
အမှတ်(၆)၊ ၅-လွှာ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၆၉၈၃၆၊ ၀၉-၉၇၅၀၂၁၈၄၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၁)လမ်း၊ တိုက်အမှတ်(၁၉၀/၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/က)၊ မြေကွက်အမှတ်(၁၁)၊ အဆောက်အအုံအမှတ်(၁၉၀/၁)ရှိ (၂)ခန်းတွဲ(၆)ထပ်တိုက်၊ အခန်း(၁၂)ခန်းမှ မြေရှင်ရရှိသည့်(က)ဘက်ခြမ်း (၄)လွှာ(ခေါင်းရင်း)ခန်းကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသူ မြေရှင် ဦးစန်းလွင်[၁၂/ဒဂတ(နိုင်)၀၀၇၂၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)နှင့် တကွ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ရွှေ (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၀၇/၂၀၁၁)
အခန်း(၂)၊ စုပေါင်းရုံး၊ မော်တင်ယာဃီဈေးရပ်ကွက်၊ (ဝါးတန်း)၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၄၇၃၈၂

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆေးရုံ၊ ဘိုးဘွားရိပ်သာ အလှူရှင်ဒါယိကာမကြီး

ဒေါ်မမကြီး(ခ)ဒေါ်ခင်အေး (သထုံ၊ သုဝဏ္ဏ)

ရုံးအုပ်ကြီး(ငြိမ်း)၊ ကုန်တိုက်ကြီးများကော်ပိုရေးရှင်း

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ သစ်ယာပင်လမ်း၊ အမှတ် (၁၀၅/ဘီ)နေ ဦးစံရင်(ဦးစီးအရာရှိ လ. ၀. က-ငြိမ်း၊ ဝေါမြို့နယ်အသင်း၊ ရေတာရှည်မြို့နယ်အသင်း၊ ဝေါမြို့ဘိုးဘွားရိပ်သာတို့၏ နာယကကြီး)၏ချစ်လှစွာသောဇနီး ဦးဘိုဖြူ(ခ)ဦးမြင့်ဝေ (ဆောက်/လျှပ်)၏ညီမ၊ [ဦးထွန်းအောင်(GM၊ ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)]-ဒေါ်မမလေး(ခ)ဒေါ်ခင်မာလေးတို့၏ အစ်မ၊ ဦးအောင်ကျော်ဦး (UNITEAM SHIPPING LINE)-ဒေါ်စန္ဒာဝင်း၊ ဦးအောင်ကျော်ထူး(E/E)- ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ဒေါက်တာလွင်လွင်ဝင်း၊ ဗိုလ်ကြီးတင့်ဆန်း(ငြိမ်း)-ဒေါ်ခင်အေးစံ၊ ဦးသက်စံ (EX:CHIEF OFFICER)-ဒေါက်တာသီရိရတနာကိုကို၊ ဦးချစ်စံ(ချစ်စံအိမ်ကားပစ္စည်းရောင်းဝယ်ရေး)-ဒေါ်စမ်းသီတာတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၉-၁၁-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး(I.C.U)၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဦး Victor အောင်ဂမ်း

အသက်(၇၇)နှစ်

မြစ်ကြီးနားမြို့နေ (ဦးနော်လုံး-ဒေါ်မာရီယာစိန်ဒိုးနွယ်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၂၃)ကျောင်းလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်ပက်ထရစ်ရှာ(ခ)ဒေါ်ခင်ခင်ဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဂျိမ်းဆိုင်းအောင်-ဒေါ်နိုင်နိုင်ဦး၊ ဒေါ်ချိုမာအောင်၊ ဒေါက်တာဒေါ်ချိုချိုအောင်၊ Mr. Loris Polinelli- ဒေါ်အေးအေးအောင်တို့၏ ချစ်လှစွာသောဖခင် ဦး Victor အောင်ဂမ်းသည် ၂၀-၁၁-၂၀၁၈(အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၂-၁၁-၂၀၁၈(ကြာသပတေးနေ့) နံနက် ၈နာရီတွင် ရန်ကင်းမြို့နယ် သမာဓိလမ်း၊ St.Jude ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(St.Jude ဘုရားကျောင်းမှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၈ ရက် နံနက် ၉ နာရီမှ ၁၀ နာရီအထိ အမှတ်(၂၃)၊ ကျောင်းလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်လွှာ

ဦးအောင်တိ

အသက်(၉၃)နှစ်

၁၉-၁၁-၂၀၁၈ ရက်တွင် ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်တိ အသက်(၉၃)နှစ်အား Grand Hantha International Hospital ၌ ဆေးရုံတက်ရောက်နေစဉ် ဂရုတစိုက် စေတနာထား၍ ကုသပေးကြသော ပါမောက္ခဦးမြင့်ဟန်၊ ပါမောက္ခ ဦးရဲထွန်း၊ အထူးကြပ်မတ်ကုသဆောင်ဌာနမှူး ဒေါက်တာတင်တင်မြင့် Intensive Care Unit နှင့် Medical Ward 4A မှ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအား ကျန်ရစ်သူမိသားစုမှ လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဗိုလ်မှူးကြီးခင်မောင်တင်(ငြိမ်း)

အတွင်းရေးမှူး(ငြိမ်း)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အသက် (၆၃)နှစ်

ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးကြီးခင်မောင်တင်(ငြိမ်း) နာမကျန်းစဉ်ပြုစုစောင့်ရှောက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၁၁-၁၁-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခဲ့ပြီးနောက် နာရေးကိစ္စအား ဝမ်းနည်းခြင်းနှင့်အတူ လူကိုယ်တိုင် နှစ်သိမ့်အားပေးခဲ့ကြပါသော ဆရာသမား အကြီးအကဲများ၊ တယ်လီဖုန်းဖြင့် မေးမြန်းခြင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ကြော်ငြာထည့်ခြင်း၊ အိမ်တွင် လာရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးခြင်းတို့ကိုဆောင်ရွက်ပေးကြပါသော မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဘက်များ၊ ဗထူးနှင့်အင်းတကော်မှ သူငယ်ချင်းများ၊ ကွယ်လွန်သူအားရည်စူး၍ လှူဖွယ်ဝတ္ထုအစုစုပေးပို့ခြင်း၊ နာရေးသို့ မအားလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်ပေးကြခြင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေအပေါင်းအသင်းများ၊ နာမကျန်းဖြစ်စဉ်မှ ကွယ်လွန်ပြီးနောက် ရက်လည်နေ့အထိ အစစ ကူညီဆောင်ရွက်ပေးပါသော တေဇ(၅)မှ သူငယ်ချင်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ၁၇-၁၁-၂၀၁၈ (စနေနေ့) နေအိမ်တွင်ပြုလုပ်သော ရက်လည်တရားနာသို့ ကြွရောက်လာကြသူများအားလုံး ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ လိုအပ်ချက်များ၊ မပြည့်စုံမှုများအတွက်လည်း နားလည်ခွင့်လွှတ်ပေးပါရန် ညှိုးငယ်သော စိတ်ထားဖြင့် တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်း

အသက် (၆၉)နှစ်

ညွှန်ကြားရေးမှူး (ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားလွှတ်တော်ရှေ့နေ

သူငယ်ချင်း ဦးတင်ထွန်းအောင်(ခ)ဦးနေပိုင် (CEO City Culture Development Co., Ltd)- ဒေါ်ခင်စုဝေဖြူ၊ အစ်ကို ဦးငွေဇော်အောင် (ဒုတိယညွှန်ကြားရေးမှူး၊ ပြည် ထောင်စုရှေ့နေချုပ်ရုံး)-အစ်မ ဒေါ်အေးအေးခိုင် (ဒုတိယညွှန်ကြား ရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့၏ဖခင် အန်ကယ်ဦးမြင့်သိန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး) ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးထွန်းလင်း-ဒေါ်ခင်ဝတ်ရည်ဦး (တရားလွှတ်တော်ရှေ့နေ)

Govt-High School အထက(၁) စစ်တွေ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

နှစ်စဉ်ကျင်းပမြဲ မြတ်ဆရာပူဇော်ပွဲကို စစ်တွေမြို့နှင့် ရန်ကုန်မြို့တို့တွင် တစ်ပြိုင်နက်တည်း ကျင်းပမည်။ သက်ကြီးကျောင်းသူ၊ ကျောင်းသားများနှင့် မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသားများပါမကျန် ပါဝင်တက်ရောက်ကြပါရန် ခင်မင်စွာဖြင့် (အထူး) ဖိတ်ကြားအပ်ပါသည်။

နေရာ - (အထက-၁ စစ်တွေ) မူလကျောင်းဟောင်းခန်းမ၊ ကျောင်းကြီးလမ်း
ရန်ကုန် - ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်။
အချိန် - ၈း၃၀ နာရီမှ ၁၂း၀၀ နာရီအထိ
နေ့ရက် - ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့)

ဆက်သွယ်ရန်

ရန်ကုန်	ဦးစောအောင်	ဖုန်း	၀၉-၅၀၈၂၄၃၉
	ဦးမင်းစိန်	ဖုန်း	၀၉-၅၆၈၀၅၈၀
	ဦးသန်းထွန်း	ဖုန်း	၀၉-၄၂၁၇၄၆၆၈၀၊
	ဒေါ်တင်နွဲ့	ဖုန်း	၀၉-၄၂၄၀၂၆၉၆
	ဒေါ်မြဦး	ဖုန်း	၀၉-၂၅၀၅၁၄၅၅၄
	ဒေါ်စောနု	ဖုန်း	၀၉-၂၅၀၁၁၅၅၄၅
စစ်တွေ	ဒေါ်တင်တင်ဦး	ဖုန်း	၀၉-၂၅၀၉၉၉၆၃၀၊ ၀၉-၂၅၀၁၃၃၀၃၆
	ဦးဇော်ဝင်းမောင်	ဖုန်း	၀၉-၄၂၁၇၃၆၈၄၇
	ဦးဇော်ဇော်သာ	ဖုန်း	၀၉-၄၉၆၇၅၀၄၈
	ဒေါ်စောစောဝင်း	ဖုန်း	၀၉-၂၅၄၂၀၃၂၆၇

မှတ်ချက် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်။

ဦးအောင်တိ

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၃၅)ဘီ၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးစင်အိမ်း-ဒေါ်ညားတို့၏သားကြီး၊ ဦးခွေး-ဒေါ်ရင်ကျွေတို့၏ သားသမက်၊ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ ဦးစန်းတင် [Rtd Contracts Manager YNEC (PTE) Co., Ltd-Singapore]-ဒေါ်ဆွေဆွေသန်း (စာရင်းစစ်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါက်တာခင်အေးမြင့် (Ruby)-ဦးလှမောင်(Donald)-(Singapore)၊ ဒေါက်တာခင်မြကြည်-ဒေါက်တာဝင်းလွင်(Australia)၊ ဦးကြည်ဝင်း(Rtd Marine Engineer)-ဒေါက်တာမာလာသွင်(OG-အင်းစိန်ဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါက်တာဇင်မြလွင် (Brisbane)၊ ဒေါက်တာနေခြည်လွင်(Auckland Hospital New Zealand)၊ ဒေါက်တာသာညဏ်လွင် (PA Hospital-Brisbane)၊ ဒေါက်တာ Monica Tan @ ပြည့်ဖြိုးကြွယ် (MOH-Singapore)-ဒေါက်တာ Elijah Cai (MOH-Singapore)၊ ဦးသက်ဝေလင်း (Executive Engineer, Gateways Company,Yangon)၊ wilson Tan @ ညဏ်လင်းမောင် (2nd year,Yong Loo Lin,School of Medicine,Singapore)တို့၏ ချစ်လှစွာသောအဘိုး ဦးအောင်တိသည် ၁၉-၁၁-၂၀၁၈ ရက် နံနက် ၉း၄၅ နာရီတွင် Grand Hantha International Hospital ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက် (N)၊ အခန်း(၃)၊ ရွှေဂန္ဓမာလမ်း၊ ရွှေမာလာရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်စောမြဦး(စစ်တွေ)

အသက်(၈၈)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်နေ (ဦးဦးသာ-ဒေါ်မသိန်းခင်)တို့၏သမီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်နေ (ဦးဖသထော်-ဒေါ်ရွှေမြဘုံ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၄၇)၊ လေးလွှာနေ (ဦးသာနု-ပြည်နယ်ပညာရေးမှူး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာခင်အေးနု (ကလေးအထူးကုဆရာဝန်ကြီး၊ စစ်တွေဆေးရုံကြီး)၊ ကပ္ပတိန် သိန်းဆွေ-ဒေါ်သိဂီနု၊ ဦးကျော်လှမြင့် (Managing Director)-ဒေါ်ခင်မြနု (Director၊ မိုးမြင့်စံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးအောင်ခင်မိုး (2nd Engineer)-ဒေါ်ချိုချိုအောင်တို့၏ ချစ်လှစွာသောမွေးသမိခင် ကျေးဇူးရှင်၊ ဒေါ်စိုးစိုးနွယ်၏ ချစ်လှစွာသောအဒေါ်၊ မောင်ကျော်ရဲသန့်၊ မမိုးပွင့်ခင်၊ မောင်ပိုင်မင်းခန့်၊ မောင်ခိုင်လင်းထွန်းတို့၏ ချစ်လှစွာသောအဘောင်ရှင်သည် ၂၀-၁၁-၂၀၁၈ ရက် နံနက် ၉း၃၀နာရီတွင် SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၄၇)၊ သမ္မာဒိဋ္ဌိလမ်း၊ မလွှကုန်းဒွေးကြွယ် (က)ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဦးအောင်ဝင်း(ခ)လန်စုတ်ရန်

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၈၀)၊ (၄၅)လမ်းနေ ဒေါ်တင်ဝင်း၏ခင်ပွန်း၊ ဒေါ်လှဲ့လှဲ့အောင်-ဦးကျော်မင်းဦး၊ ဒေါ်တိုးတိုးအောင်-ဦးဇော်လင်းဦး၊ ဒေါ်အေးအေးအောင်-ဦးသန်းထွန်းအောင်၊ Dr. ဝင်းနောင်ဦး- Dr. သွဲ့နှင်းကြွယ်၊ ဒေါ်သက် သက်အောင်၊ ဦးဟိန်းနောင်ဝင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးအောင်ဝင်းသည် ၂၀-၁၁-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ဗဟိုရံစည်ဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် ၂၄-၁၁-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူး ဝမ်းနည်းကြေကွဲခြင်း

ဦးစောလှိုင်

အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဟုမ်းလမ်း၊ ရဲတံခွန်တာဝါ၊ အမှတ် (၄၀၄) နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ၊ ဥက္ကဋ္ဌ-အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ဒဂုံမြို့နယ်။ အတွင်းရေးမှူး-ဗဟိုလူမှုအထောက်အကူပြုအဖွဲ့၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်) ။ ဥက္ကဋ္ဌ-YUPT Public Co.Ltd နှင့် Myo Motor Suzuki Car.Co.Ltd ဒါရိုက်တာ ဦးစောလှိုင်သည် ၁၈. ၁၁. ၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာသက်သက်ခိုင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဒဂုံမြို့နယ်။

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ရဟန်း၊ သီမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ထွေးထွေး
အသက်(၇၇)နှစ်
အထက်တန်းပြ-ငြိမ်း၊ အထက(၅) ကမာရွတ်

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အမှတ် (27/5B)၊ သင်္ဂဟလမ်းနေ (ဦးစိန်ကြည်-ဒေါ်တင်စိန်)တို့၏ သမီး၊ (ဦးဘရွှေ-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ [ဦးလှမောင် (အမတ်ကြီး လက်ဖက်ခြောက်၊ ဒု-ထွေဂျာ-ငြိမ်း၊ စား/ဖျော်)]၏ ချစ်လှစွာသောဇနီး၊ ကောလင်းမြို့နေ (ဦးမြင့်သိန်း)၊ (ဦးမိုးရှင်)၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်တို့၏ ညီမ၊ (ဗိုလ်မှူးမြသွင်)၊ (ဒေါက်တာဒေါ်သန်းလွင်)၊ (ဦးထွန်းအေး)တို့၏ ချစ်လှစွာသောအစ်မ၊ ဗိုလ်မှူးအောင်ခိုင် (တပ်မတော်ရေ-ငြိမ်း)-ဒေါက်တာဝါဝါစိန် (Today Top Star)၊ ဒေါ်အေးအေးကြူ (အထွေထွေမန်နေဂျာ-CHID Bank)-ဦးထွန်းဇော် (ရွှေနန်းရိပ်သာကုမ္ပဏီလီမိတက်)၊ ဒုတိယဗိုလ်မှူးကြီးအောင်လှိုင် (တပ်မတော်-ရေ-ငြိမ်း)-ဒေါ်ယုဇနတင် (USA)၊ ဦးစိုးလှိုင် (TST Co., Ltd.)-ဒေါ်ဇင်ကြည်ဝင်း၊ ဦးစံမောင် (BE Mech YIT, 1995)၊ ဒေါ်ပုလဲဝင်း (စင်ကာပူ)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၀-၁၁-၂၀၁၈ရက် မွန်းလွဲ ၁၂း၄၃ နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဒေါ်မာရီယာကြည်ကြည်
(ကျောင်းအုပ်-ငြိမ်း၊ အထက-၂၊ အင်းစိန်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်။ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံ(၁)လမ်း၊ အမှတ်(၃၄၉)နေ ဦးဂျော်နီညွန့်(ဆည်မြောင်း ဦးစီးဌာန၊ စက်မှု၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ Bridget ဒေါ်စန္ဒာဝင်း-Steven ဦးထွန်းဝင်းလက်၊ Margret ဒေါ်နှင်းမာလာ၊ Irean ဒေါ်အေးသီတာတို့၏ ချစ်လှစွာသောမိခင်၊ Vincenl လင်းကြည်စင်၏ ချစ်လှစွာသောအဘွား ဒေါ်မာရီယာကြည်ကြည်သည် ၂၀-၁၁-၂၀၁၈ (အင်္ဂါနေ့) ညနေ ၅း၅၈ နာရီတွင် အမှတ်(၃၄၉) သရက်ခြံ(၁)လမ်း၊ ပိန္နဲကုန်းမှ အင်းစိန်သီရိလမ်းမပေါ်ရှိ St.Lazarus ဘုရားကျောင်းတော်၌ ၂၃-၁၁-၂၀၁၈(သောကြာနေ့) နံနက် ၉နာရီတွင် Roman Catholic ခရစ်ယာန်ထုံးစံအရ မစ္ဆားတရားတော်မြတ်ဖြင့် ဆုတောင်းဝတ်ပြုမည်ဖြစ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်နိုင်ပါရန်။ (သီရိလမ်းပေါ်ရှိ St.Lazarus ဘုရားကျောင်းမှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အောက်မေ့ဖွယ်ဆုတောင်းခြင်း ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်မြင့်
အသက်(၇၁)နှစ်
Director Justice Co.,Ltd./Freedom Oversea Business ENTP.

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၅၉)၊ သရက်တော(၃)လမ်းနေ (ဦးဘညွန့်-ဒေါ်မြရီ)တို့၏ သား၊ [ဦးစိန်ကျော်-ဒေါ်စောတင် (ကိုအေးကိုမြင့် ဆောက်လုပ်ရေးပစ္စည်းဆိုင်)]တို့၏ သားသမက်၊ ဒေါ်စန်းနွဲ့၏ ခင်ပွန်း၊ မအိအိသွယ်၊ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ထွန်း-မမိမိနွယ်တို့၏ဖခင်၊ မောင်ရဲရင့်ကျော်၊ မမေမြတ်နိုးနွယ်တို့၏ အဘိုးသည် ၂၁-၁၁-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၁-၂၀၁၈(အင်္ဂါနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသာလှ
ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန
အသက်(၈၇)နှစ်

(ဦးထွန်းဦး-ဒေါ်စိန်)တို့၏သား၊ (ဦးခင်မောင်မြင့်)-ဒေါ်လှကျင်တို့၏ အစ်ကို၊ (ဒေါ်လှရီ)၏ ခင်ပွန်း၊ (ဦးဆန်းမြင့်ကျော်)-ဒေါ်နွယ်နီလှ၊ ဦးသန်းဌေး-ဒေါ်စုခိုင်လွင်၊ ဦးအောင်နိုင်ဦး၊ (ဦးစောနိုင်)၊ (ဒေါ်နန်းမာလာ)၊ ဦးဇော်သန်း-ဒေါက်တာအေးအေးရီ(ပါမောက္ခ၊ ဌာနမှူး၊ ဒဿနိကဗေဒဌာန၊ စစ်ကိုင်းတက္ကသိုလ်)တို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၁၁-၂၀၁၈(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀း၀၁ နာရီတွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)၊ (၆၄)လမ်း၊ (၄၂ ×၄၃)လမ်းကြား၊ (န-၈/၄၉+၆၀)နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဒုအရာခံဗိုလ် တင်ထွန်း(ငြိမ်း)
တပ်မတော်-ရေ (မှတ်တမ်းဌာန)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ်(၁၁၈)နေ (ဦးလှတင်-ဒေါ်မြကြည်)တို့၏ သား၊ (ဦးကံညွန့်-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ [ဦးလှဖေ(ဘောလုံး)]-ဒေါ်စန်းရီ(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)တို့၏ ညီ/မောင်၊ ဦးကျော်သောင်း-ဒေါ်တင်တင်မေတို့၏ အစ်ကို၊ ကိုမျိုးမြင့်ထွန်း(လက်/ညွှန်၊ နတလ)၊ ဗိုလ်ကြီးမင်းမင်းထွန်း (တပ်မတော်-ရေ၊ ငြိမ်း၊ မြန်မာမဟာထွန်း Co., Ltd.)-မတင်မီလတ်၊ ဗိုလ်ကြီးသူရိန်သန်း(ငြိမ်း) (TTCL Co., Ltd.) - မစုစုမြတ်၊ ကိုကျော်ကျော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏ အဘိုး၊ ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁၁-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၈(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ် (၁၁၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးနိုင်ထွန်း
အသက် (၆၃) နှစ်

ရန်ကုန်မြို့နေ [ဦးသာထွန်း (အငြိမ်းစားရဲဝန်ထောက်)]-ဒေါ်တင်ရှိန် (ရှိန်ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)တို့၏သား၊ [ဦးလှမောင် (အလုပ်ရုံခွဲမှူး၊ မြောင်းမြဂုန်နီစက်ရုံ)-ဒေါ်သန်းသန်း]တို့၏သားသမက်၊ သဃ်န်းကျွန်းမြို့နယ် မြယမုံအိမ်ရာ၊ အမှတ် (A-3)၊ ကမ်းသာယာလမ်းနေ ဒေါ်ရီရီမြင့်၏ ခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း-ဗိုလ်မှူးချုပ်တင်လတ် [(လေ) (ငြိမ်း)၊ အငြိမ်းစား သံအမတ်ကြီး]တို့၏မောင်၊ (ဦးတင်မောင်ထွန်း)-ဒေါ်ခင်အေးနွဲ့တို့၏ ညီ၊ ဒေါ်သီတာထွန်း-ဗိုလ်မှူးအောင်ဝင်း(ငြိမ်း)၊ ဒေါ်မာလာထွန်း-ဦးထွန်းထွန်းဦး၊ ဦးကျော်စွာထွန်း-ဒေါ်ဥမ္မာနိုင် (ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ ရန်ကုန်)တို့၏ အစ်ကို၊ မောင်ဖြိုးနိုင်ထွန်း၊ မစုရတနာထွန်းတို့၏ဖခင်၊ မဝတ်မှုံတင်လတ်-ကိုကျော်စိုးလှိုင်၊ (ကိုလင်းသူရိန်ထွန်း)၊ ကိုဝေယံတင်လတ်၊ ကိုဘိုဘိုထွန်း-မချိုသဲဖြူ၊ ကိုအာကာတင်လတ်၊ ကိုသူရထွန်း-မဖြိုးစုအောင်၊ ကိုအိန္ဒြေအောင်ဝင်း၊ ကိုမဟိန္ဒအောင်ဝင်း၊ မောင်ထက်ဥက္ကာကျော်တို့၏ ဦးလေး/ဘကြီး ဦးနိုင်ထွန်းသည် ၂၁-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၅၀နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် A-3၊ ကမ်းသာယာလမ်း၊ မြယမုံအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၁-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဆီးချို၊ သွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ် ချို့ယွင်း၍ သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါသည် လူတိုင်းတွင်ဖြစ်နိုင်ပါသည်။

ဆီးချိုသွေးချိုရောဂါကြိုတင်ကာကွယ်ပါ

(၁) အစားလျှော့စားပါ။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ပါ။

(၂) ရေများများသောက်ပါ။ ရေဆာလျှင် ရေကိုသာသောက်ပါ။

(၃) အဝမလွန်အောင် ထိန်းသိမ်းပါ။

(၄) လှုပ်ရှားမှုများသော လူနေမှုပုံစံဖြင့် နေထိုင်ပါ။

(၅) နားနေချိန်မှာ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။

(၆) အမျှင်ဓာတ်များသော အစားအစာများများစားပါ။ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံများကို များများနှင့်စုံအောင်စားပါ။

(၇) တိရစ္ဆာန်မှရသောအဆီများ(ဥပမာ-ကြက်အရေပြား၊ ဝက်အရေပြား၊ ကလီစာ၊ ဝက်ဆီ၊ ဘဲဆီ)တို့ကို ရှောင်ကြဉ်ပါ။ ငါးမှရသောအဆီများ စားသုံးနိုင်ပါသည်။

(၈) စိတ်ဖိစီးမှုများကို လျှော့ချနိုင်သမျှ လျှော့အောင်ကြိုးစား နေထိုင်ပါ။ ဆီးချို၊ သွေးချိုရောဂါဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်စစ်ဆေးကာ ကုသမှုခံယူနိုင်ပါသည်။

တစ်နေ့လျှင် မိနစ်(၃၀)ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းကို (၄၀)% လျှော့နည်းစေနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ပါ

ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သော ဆေးရွက်ကြီးသည် အောက်ပါရောဂါများကို ဖြစ်ပွားစေပါသည်။

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း
- အဆုတ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ
- ခြေပုပ်လက်ပုပ်ရောဂါ
- ပန်းသေပန်းညှိုးရောဂါ

သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရသူများသည်လည်း ကိုယ်တိုင်ဆေးလိပ်သောက်သကဲ့သို့ ရောဂါများဖြစ်ပွားစေ သဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အနိစ္စ

ဒေါ်စန်းရီ
အသက်(၈၀)
အခွန်ဦးစီးဌာန(ငြိမ်း)

